# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**လောကကို ထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှ လွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)


၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၈ ရက်၊ စနေနေ့။ Saturday, 6 March 2021 ၁၀၃၀၈


# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံ သံအမတ်ကြီးနှင့် Video Conferencing ဖြင့် တွေ့ဆုံဆွေးနွေး




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံ သံအမတ်ကြီး Mr.Thomas L. Vajda နှင့် Video Conferencing ဖြင့် ဆွေးနွေးစဉ်။

**နေပြည်တော် မတ် ၅**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံ သံအမတ်ကြီး Mr.Thomas L. Vajda အား ယနေ့နံနက်ပိုင်းတွင် Video Conferencing ဖြင့် တွေ့ဆုံဆွေးနွေးသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်နေ့ အရေးပေါ်ကာလမတိုင်မီ မဲစာရင်းကြီးမားစွာမှားယွင်းမှု အပါအဝင် အခြားသော ကိစ္စရပ်များအား သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ် အသီးသီး၊ အဖွဲ့အစည်းအသီးသီးသို့ တွေ့ဆုံညှိနှိုင်း ဆွေးနွေးမှုဆောင်ရွက်ရန်ကြိုးပမ်းခဲ့မှု အခြေအနေများ၊ လက်ရှိဖြစ်ပေါ်နေသည့် မင်းမဲ့စရိုက်ဆန်သည့် ဆူပူအကြမ်းဖက်မှုဖြစ်စဉ်များအပေါ် ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရ ရှန်းရင်းဆန်ခတ်မှုလက်စွဲနှင့် လူစုလူဝေးအား ကြီးကြပ်ထိန်းသိမ်းခြင်းပါ ပြဋ္ဌာန်းဥပဒေများနှင့်အညီ လုံခြုံရေးတပ်ဖွဲ့ဝင်များက အနည်းဆုံးအင်အား၊ အနိမ့်ဆုံးအဆင့်မှစ၍ ဖြေရှင်းဆောင်ရွက်နေမှုအခြေအနေများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် ရှေ့လုပ်ငန်းစဉ် (၅)ရပ်၊ ဦးတည်ချက်(၉)ရပ်တို့ကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများအား အပြန်အလှန် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# နိုင်ငံ့ဝန်ထမ်းများအနေဖြင့် CDM တွင် မနစ်မွန်းစေရေး သတိပေးထုတ်ပြန်ချက်

**နေပြည်တော် မတ် ၅**

နိုင်ငံ့ဝန်ထမ်းအများစုအနေဖြင့် မိမိတို့၏ သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် CDM ၌ ပါဝင်ခြင်းမရှိဘဲ သစ္စာရှိရှိ ဆောင်ရွက်နေမှုအပေါ် ခြိမ်းခြောက်အကျပ်ကိုင် ဖိအားပေးမှုဖြစ်စဉ်တစ်ခုအား ဆိုရှယ်မီဒီယာမှတစ်ဆင့် မိမိကိုယ်မိမိ သုံးဌာန ခေတ္တဝန်ကြီးအဖြစ် သတ်မှတ်ထားသည့် ဆေးကုသမှုမရှိသော ဆေးပညာရှင် ဦးဇော်ဝေစိုးက ၂၀၂၁ ခုနှစ်၊ မတ်လ ၄ ရက်နေ့တွင် တရားမဝင်ကြေညာချက်ထုတ်ပြန်ခြင်းဖြင့် ပြုလုပ်ခဲ့သည်။

ဆေးပညာရှင် ဦးဇော်ဝေစိုး၏ CDM ၌ မပါဝင်သည့် နိုင်ငံ့ဝန်ထမ်းကောင်းများအား တရားမဝင်ခြိမ်းခြောက်ဖိအားပေး အကျပ်ကိုင်မှု ကြေညာချက်၌ CDM ၌ မပါဝင်သေးသည့် ဝန်ထမ်းများ ၂၀၂၁ ခုနှစ်၊ မတ်လ ၇ ရက်နေ့ ည ၁၂ နာရီမတိုင်မီ နောက်ဆုံးထား၍ CDM ၌ ပါဝင်နိုင်ရေး ဆက်သွယ်ဆောင်ရွက်နိုင်မည့် ဖုန်းနံပါတ်များ ဖော်ပြပြီး CDM ၌ ပူးပေါင်းပါဝင်မှုမရှိပါက မတ်လ ၈ ရက်နေ့မှစ၍ ဝန်ထမ်းအဖြစ်မှ ထုတ်ပယ်သွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ကြေညာချက်သည် တရားမဝင် မိမိကိုယ်မိမိ ဝန်ကြီးအဖြစ် ခန့်အပ်ထားသည့် တရားမဝင် လူပုဂ္ဂိုလ်တစ်ဦးမှ တရားမဝင်အစိုးရ လုပ်ပိုင်ခွင့်အသွင် နိုင်ငံတော်မှ တရားဝင်ခန့်အပ်ထားသည့် ဝန်ထမ်းတစ်ဦးကို ဝန်ထမ်းအဖြစ်မှ ထုတ်ပယ်ခွင့်ရှိသကဲ့သို့ ခြိမ်းခြောက်ထားခြင်း၊ CDM ၌ မပါမဖြစ် ပါဝင်လာစေရန် တစ်ဖက်မှလည်း ဖြားယောင်းစည်းရုံးခြင်း တွေ့ရှိရသည်။

ဖေဖော်ဝါရီလတွင် CDM စတင်ချိန်မှစ၍ ဆေးပညာရှင် ဦးဇော်ဝေစိုး အပါအဝင် တရားမဝင် အဖွဲ့အစည်းအသီးသီးက ဆိုရှယ်မီဒီယာများမှတစ်ဆင့် CDM ၌ ပါဝင်ကြမည့် ဝန်ထမ်းများအား လစာပေးအပ်မည်၊ ဝန်ထမ်းအဖြစ် ထုတ်ပယ်ပါကလည်း အလုပ်ခန့်အပ်ပေးမည်၊ နေစရာအစိုးရဝန်ထမ်းအိမ်ရာမှ ဖယ်ရှားခံရပါကလည်း နေစရာအိမ်ပေးမည် စသည်ဖြင့် အမျိုးမျိုးသော မက်လုံးပေးဆွဲဆောင်မှုများဖြင့် စည်းရုံးဆောင်ရွက်ခဲ့ရာ အစပထမပိုင်း၌ နိုင်ငံ့ဝန်ထမ်းများ၏ ခန့်မှန်း ၃၀ ရာခိုင်နှုန်းမှာ CDM ၌ ပါဝင်ခဲ့သော်လည်း ဖေဖော်ဝါရီလ တတိယပတ်မှစ၍ CDM ၌ ပါဝင်သည့် ဝန်ထမ်းအချို့မှာလည်း မိမိတို့၏ မှားယွင်းသောလုပ်ရပ်ကို သိမြင်လာခြင်း၊ CDM ခေါင်းဆောင်ဆိုသူများ၏ အပြောနှင့်အလုပ် မညီမှုအပေါ် စိတ်ပျက်စိတ်ကုန်လာခြင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရုံးပြန်လည်တက်ရောက်ကြရေး သတိပေးနှိုးဆော်စာများ TV၊ သတင်းစာများမှတစ်ဆင့် ဖတ်ရှုရခြင်းတို့ကြောင့် မူလအလုပ် တာဝန်ဝတ္တရားများအား သတ်မှတ်အချိန်မီ ပြန်လည်ထမ်းဆောင်ခဲ့ကြသည်။


စာမျက်နှာ ၇ ကော်လံ ၁ သို့ ☆



ကြေးမုံ ယနေ့ ဖတ်စရာ

**တိုင်းပြည်တစ်ခွင် တည်ငြိမ်အေးချမ်းဖို့ အားလုံးပါဝင်တည်ဆောက်စို့**

ဆောင်းပါး စာမျက်နှာ » ၁၅

**နိုင်ငံတော်မတည်မငြိမ်ဖြစ်စေရေး မြေပေါ်/မြေအောက် အဖွဲ့အစည်းပေါင်းစုံမှ ငွေကြေးအမြောက်အမြား အကုန်အကျခံကာ နေရာအနှံ့အပြားတွင် ကွန်ရက်သဖွယ် လှုံ့ဆော်ဆောင်ရွက်လျက်ရှိ**

စာမျက်နှာ » ၁၆

**၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၏ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး ဆောင်ရွက်ချက်များ**

စာမျက်နှာ » ၁၉

ကြေးမုံ

# ထာဝရငြိမ်းချမ်းရေးလမ်းသို့ အတူလျှောက်လှမ်း

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံ စုစည်းနေထိုင်သည့် နိုင်ငံဖြစ်၍ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ထာဝရငြိမ်းချမ်းရေးရရှိရေး အထူးလိုအပ်သည်။ ထာဝရငြိမ်းချမ်းရေးလမ်းကို လျှောက်လှမ်းနိုင်ရန်အတွက် ဦးစွာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအားလုံး တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)တွင် လက်မှတ်ရေးထိုး၍ အတူလျှောက်လှမ်းနေကြသည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်တွင် "တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေး ရရှိစေရန်အတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားဆောင်ရွက်သွားမည်" ဟူသည့် လုပ်ငန်းစဉ်ကို ချမှတ်ထားသည်။ ထို့အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ နိုင်ငံရေးဦးတည်ချက်တွင်လည်း အလားတူ ဦးတည်ချက်ကို ချမှတ်ထားပြီး ထာဝရငြိမ်းချမ်းရေး အကောင်အထည်ပေါ်လာစေရန် ရည်မှန်းထားသည်။

ငြိမ်းချမ်းရေးကို ဆောင်ရွက်ရာတွင် ညှိနှိုင်းဆွေးနွေးအဖြေရှာပြီး သဘောတူညီချက်များအရ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်မှသာ ပြီးပြည့်စုံသည့် ပြည်ထောင်စုပုံသဏ္ဍာန် ပေါ်ပေါက်လာမည်ဖြစ်သည်။ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် အဖြေရှာခြင်းဟူသည့် ဒီမိုကရေစီယဉ်ကျေးမှုနှင့်အညီ ဆောင်ရွက်ရန်အရေးကြီးသည်။ မည်သို့ပင် ပြဿနာများရှိသည်ဖြစ်စေ နှစ်ဖက်တွေ့ဆုံညှိနှိုင်းမည်ဆိုပါက အတိုင်းအတာတစ်ခုအထိ ပြဿနာကို လျှော့ချနိုင်မည် ဖြစ်သည်။

သာဓကအားဖြင့် ဖြစ်ပေါ်နေသော နိုင်ငံရေးပြဿနာကို ရှုမြင်သုံးသပ်ကြည့်မည်ဆိုလျှင် ယခင်အစိုးရလက်ထက်က တပ်မတော်အနေဖြင့် အရပ်ဘက်-စစ်ဘက် ဆက်ဆံရေးကောင်းမွန်စေရန် တွေ့ဆုံဆွေးနွေး အဖြေရှာခဲ့သော်လည်း လက်မခံမဆက်ဆံ လျစ်လျူရှုမှုများကြောင့် မဖြစ်သင့်သော အဖြစ်များနှင့် ကြုံတွေ့ခဲ့ရပေသည်။ အဓိကမှာ တိုင်းရင်းသားပြည်သူများသာ ထိခိုက်နစ်နာခဲ့ရသည်။ မည်သို့ပင်ဖြစ်စေ တပ်မတော်အနေဖြင့် တိုင်းပြည်နှင့် လူမျိုးအကျိုးစီးပွားအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ငြိမ်းချမ်းသောနည်းလမ်းကို အတတ်နိုင်ဆုံးရွေးချယ်၍ ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က "မိမိတို့အနေဖြင့် မိမိတို့တိုင်းရင်းသားများကြားတွင် မကျေလည်မှုများ၊ သံသယများ၊ မယုံကြည်မှုများ၊ စိုးရိမ်မှုများသည် တွေ့ဆုံဆွေးနွေး ညှိနှိုင်းအဖြေရှာခြင်းဆိုသည့် ဒီမိုကရေစီယဉ်ကျေးမှုကို ကျင့်သုံးခြင်းဖြင့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးကို ဖော်ဆောင်နိုင်မည်ဆိုခြင်းကို မီးမောင်းထိုးပြလိုခြင်းဖြစ်ကြောင်း" အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီအစည်းအဝေး (၁/၂၀၂၁) တွင် ပြောကြားထားသည်။ ငြိမ်းချမ်းရေးကို ကြိုးပမ်းတည်ဆောက်နေခြင်းသည် တည်ငြိမ်အေးချမ်းသည့် အနာဂတ်နှင့် ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံဖြစ်ပေါ်လာအောင် ဆောင်ရွက်နေခြင်းဖြစ်သည်။

မည်သို့သော အမြင်မတူ သဘောကွဲလွဲမှုများရှိသည်ဖြစ်စေ တိုင်းပြည်နှင့် လူမျိုး ရေရှည်အကျိုးစီးပွားဖြစ်ထွန်းရေးအတွက် ဆောင်ရွက်မည်ဆိုသည့် စစ်မှန်သောသဘောထားဖြင့်၊ အသိတရားဖြင့် ငြိမ်းချမ်းစွာ ညှိနှိုင်းဖြေရှင်းဆောင်ရွက်ကြပါက တိုင်းရင်းသားပြည်သူအားလုံးအတွက် အကောင်းဆုံးဖြစ်စေမည့် ငြိမ်းချမ်းသာယာဝပြောသော လူ့ဘောင်လောကကို တည်ဆောက်နိုင်မည်ဖြစ်သည်။ ဒီမိုကရေစီသည် အများဆန္ဒအတိုင်းဆောင်ရွက်ရသလို အနည်းစုဆန္ဒများကိုလည်း ပစ်ပယ်ထား၍လည်း ရမည်မဟုတ်ပေ။ ဒီမိုကရေစီသည် အင်အားဖြင့် အနိုင်ယူခြင်းမဟုတ်ဘဲ ဥပဒေစည်းကမ်းနှင့်အညီ ငြိမ်းချမ်းစွာညှိနှိုင်းဖြေရှင်းဆောင်ရွက်ခြင်းဖြစ်သည်။

တိုင်းရင်းသားအဖွဲ့အစည်းများနှင့် ယုံကြည်မှုတည်ဆောက်ရာတွင်လည်းကောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် ဆောင်ရွက်ရာတွင်လည်းကောင်း ငြိမ်းချမ်းစွာ ညှိနှိုင်းဖြေရှင်းဆောင်ရွက်ခြင်းသည် အကောင်းဆုံးဖြစ်သည်။ ငြိမ်းချမ်းသောနည်းလမ်းဖြင့် ဒီမိုကရေစီအခွင့်အရေးများကို တိုင်းရင်းသားပြည်သူအားလုံး တစ်ပြေးညီရရှိအောင် အတူလက်တွဲပါဝင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ အမှန်တကယ်တွင် ငြိမ်းချမ်းရေးကို လိုလားကြ၍လည်း သဘောတူညီမှုများ ပြုလုပ်ခဲ့ကြပြီး ဖြစ်သည်။ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးမှတစ်ဆင့် တိုင်းရင်းသားပြည်သူအားလုံး အလိုရှိနေသည့် ဒီမိုကရေစီဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးအတွက် လိုအပ်သောအခင်းအကျင်းများကို အုတ်မြစ်ချခဲ့ကြခြင်း ဖြစ်သည်။

သို့ဖြစ်ရာ ငြိမ်းချမ်းသာယာဝပြောသော နိုင်ငံတော်ကို တည်ဆောက်နိုင်ရန်အတွက် တိုင်းရင်းသားပြည်သူများကြားတွင် ဖြစ်ပေါ်နေသော သံသယများ၊ မယုံကြည်မှုများ၊ စိုးရိမ်မှုများကို ထာဝရငြိမ်းချမ်းသောလမ်းပေါ်တွင် ယုံကြည်မှုဖြင့် ဆွေးနွေးညှိနှိုင်း အတူလျှောက်လှမ်းခြင်းဖြင့်သာ ရရှိနိုင်မည် ဖြစ်ပါကြောင်း။ ။

## (၇၆)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်

(၁) အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး(၃)ပါးကို ဆက်လက်ထိန်းသိမ်းပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ဆန္ဒဖြစ်သည့် ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်မှု မရှိစေရန် ပြည်သူတစ်ရပ်လုံးနှင့်လက်တွဲ၍ တပ်မတော်က ကာကွယ် ထိန်းသိမ်းပေးရေး။

(၂) သဘာဝဘေးအန္တရာယ်ကျရောက်မှုအပါအဝင် ပြည်သူများအပေါ် ကျရောက်လာသည့် အန္တရာယ်မှန်သမျှကို မည်သည့်အခြေအနေ မည်သည့်အချိန်အခါတွင်မဆို ကာကွယ်စောင့်ရှောက်ရန်နှင့် ပြည်သူလူထု၏လူနေမှုဘဝလုံခြုံရေးကိုပါ ဘက်ပေါင်းစုံက ကူညီဆောင်ရွက်ပေးရေး။

(၃) ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် ထာဝရငြိမ်းချမ်းရေးတည်ဆောက်ရာတွင် ဒို့တာဝန်အရေး(၃)ပါးကို မသွေဖည်ဘဲ NCA အပေါ် အခြေခံ၍ အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(၄) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အချုပ်အခြာအာဏာကို ထိရောက်စွာ ကာကွယ်နိုင်ရန် တိုက်ပွဲဝင်စွမ်းရည်နှင့် တိုက်ပွဲဝင်စွမ်းအားရှိသော ကျစ်လျစ်ခိုင်မာတောင့်တင်းသည့် ခေတ်မီတပ်မတော်တည်ဆောက်ရေး။

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် မတ် ၅

စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။ မိုး/ဇလ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ( ၅-၃-၂၀၂၁)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၃၀၀ | ၉,၃၀၀ | ၄၉ | ၄၅၅,၇၀၀ |
| MTSH | ၃,၅၅၀ | ၃,၅၅၀ | ၆၁ | ၂၁၆,၅၅၀ |
| MCB | ၈,၂၀၀ | ၈,၂၀၀ | ၀ | ၀ |
| FPB | ၂၂,၀၀၀ | ၂၂,၀၀၀ | ၀ | ၀ |
| TMH | ၂,၈၀၀ | ၂,၈၀၀ | ၀ | ၀ |
| EFR | ၃,၂၅၀ | ၃,၂၅၀ | ၅၀ | ၁၆၂,၅၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် မတ် ၅

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က)အမေရိကန် | တစ်ဒေါ်လာ | = | ၁၄၂၃.၅ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၇၀၂.၂ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၁၉.၈၃ |
| (ဃ)ထိုင်း | တစ်ဘတ် | = | ၄၆.၇၆၄ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၄၉.၆၃ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၉.၅၃၇ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၉၆.၈ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၆၄.၄ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၃၁၅.၃ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၆.၄၀ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
သတင်းထောက်မှူး - ဦးမြင့်စိုး
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် စာတည်းများ - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခိုင်သန္တာရွှေ၊ ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်း၊ ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦး၊ ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၀၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## ဆိုလာလျှပ်စစ်စီမံကိန်း

**နှစ်အလိုက် မိုးရွာသွန်းမှုမှာလည်း လျော့နည်းလာသည့်အတွက် ရေကိုအကျိုးရှိရှိ အသုံးပြုရန်လိုကြောင်း၊ ရေကို သိုလှောင်နိုင်ရန်အတွက် ချောင်းပိတ်၊ မြောင်းပိတ်စနစ်များဖြင့် ဆောင်ရွက်ပါက စိုက်ပျိုးရေနှင့် သောက်သုံးရေရရှိမည်ဖြစ်ကြောင်း၊ ယင်းသို့ ဆောင်ရွက်မှုသည် ရာသီဥတုကို ထိန်းသိမ်းရာလည်း ရောက်ပါကြောင်း၊ စိုက်ပျိုးရေရရှိရေးအတွက် မြစ်ကြီးများအပြင် ချောင်း၊ မြောင်းများတွင် စီးဆင်းနေသည့် ရေများကိုလည်း ထိန်းသိမ်းရန် လိုအပ်ကြောင်း၊ စိုက်ပျိုးရေးအတွက် မြစ်ရေတင်စီမံကိန်းများကို ပြန်လည်ဆောင်ရွက်ရန်လိုကြောင်း၊ ဧရာဝတီမြစ်ကြောင်းတစ်လျှောက်တွင် ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သည့် ဆိုလာလျှပ်စစ်စီမံကိန်းများကို မြစ်ရေတင်စီမံကိန်းများအတွက် ဆောင်ရွက်နိုင်မည်ဆိုပါက မြစ်ကြောင်းတစ်လျှောက်မှ ကျေးရွာများလည်း စိုက်ပျိုးရေရရှိမည့်အပြင် လျှပ်စစ်မီးသုံးစွဲနိုင်မည်ဖြစ်ပါကြောင်း၊ ဧရာဝတီမြစ်ကြီးကိုလည်း ဝိုင်းဝန်းထိန်းသိမ်းရန် လိုအပ်ကြောင်း။**

( နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၅-၂-၂၀၂၁ ရက်နေ့တွင် ကျင်းပသည့် စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး(၂/၂၀၂၁)တွင် ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

# ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ အစည်းအဝေးကျင်းပ

**နေပြည်တော် မတ် ၅**

ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ၏ အစည်းအဝေး အမှတ်စဉ်(၂/၂၀၂၁)ကို ယနေ့ မွန်းလွဲပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၌ ကျင်းပသည်။



အစည်းအဝေးသို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးနှင့် လုပ်ငန်းကော်မတီဝင်များဖြစ်ကြသော စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနနှင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်နှင့် သက်ဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်တွင် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေး လုပ်ငန်းများကို ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားရေးလည်း ပါဝင်ကြောင်း၊ ကျန်းမာရေးလိုအပ်ချက်အရ ကန့်သတ်ချက်များ ဆက်လက်ဆောင်ရွက်နေရသည့် အခြေအနေကြောင့် စီးပွားရေးလုပ်ငန်းများအနေဖြင့် အခက်အခဲများ ထပ်မံပေါ်ပေါက်လာနိုင်ပါကြောင်း၊ မိမိတို့လုပ်ငန်းကော်မတီအနေဖြင့် အဆိုပါထိခိုက်မှုများ ဆက်လက်ကုစားရာတွင် ကော်မတီ၏ လုပ်ငန်းတာဝန်များကို ပြန်လည်သုံးသပ်ရေးဆွဲဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ စီးပွားရေးလုပ်ငန်းများ လျင်မြန်စွာ လည်ပတ်နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်ပေးသင့်သည့် လုပ်ငန်းစဉ်များကို ဝိုင်းဝန်း ဆွေးနွေးပေးစေလိုပါကြောင်း။

လုပ်ငန်းကော်မတီ၏ လုပ်ငန်းစဉ်များ ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းအဖွဲ့ (Task Force) ဖွဲ့စည်းဆောင်ရွက်ရေးနှင့် COVID-19 Fund မှ ထုတ်ပေးထားသည့် ချေးငွေများ အကျိုးရှိစွာ အသုံးချမှုအပေါ် တိုင်းဒေသကြီး/ပြည်နယ် စိစစ်ကြပ်မတ်ရေးအဖွဲ့များ ဖွဲ့စည်းရေး ဆောင်ရွက်ရန် ကိစ္စများနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ အစည်းအဝေးတက်ရောက်လာကြသူများက ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍လည်းကောင်း၊ လုပ်ငန်းကော်မတီသို့ ပေးပို့တင်ပြလာသည့် ကိစ္စရပ်များနှင့် ပတ်သက်၍လည်းကောင်း ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ မုံရွာစီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာစိုးဝင်းကို ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝေလင်းမောင်ကို အစမ်းခန့်ကာလ ( ၁ )နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## ကျန်းမာရေးဝန်ထမ်းများသို့ အသိပေးကြေညာချက်

ဆေးတက္ကသိုလ်(၁)တွင် တာဝန်ထမ်းဆောင်ခဲ့၍ ဆေးကုသမှုမရှိသော ဆေးပညာရှင်ဦးဇော်ဝေစိုးသည် လွှတ်တော်ကိုယ်စားလှယ်အဖြစ် တရားဝင်ရပ်တည်ပိုင်ခွင့် မရှိသေးသူများက နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှုကိုကျူးလွန်လျက် တရားမဝင်ဖွဲ့စည်းထားသည့် “ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ” (CRPH) တွင် ကိုယ်တိုင်ပါဝင်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ကျန်းမာရေးဝန်ထမ်းများအားလည်း ၎င်းနှင့်ပူးပေါင်းဆောင်ရွက်လာစေရန် နည်းမျိုးစုံဖြင့် စည်းရုံးဆောင်ရွက်နေကြောင်း တွေ့ရှိရပါသည်။ ဦးဇော်ဝေစိုး ကျူးလွန်ခဲ့သည့် ပြစ်မှုများနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနက အမှုဖွင့်လှစ် အရေးယူဆောင်ရွက်ထားကြောင်းနှင့် ၎င်းဆက်လက် ကျူးလွန်ခဲ့သည့် နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှုအတွက် ထိရောက်စွာ ဆက်လက်အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသဖြင့် ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ၎င်းအား အားပေးကူညီရာရောက်သည့် ပြုမူဆောင်ရွက်ခြင်းမျိုးကို မလုပ်ဆောင်မိကြစေရန်နှင့် ယင်းသို့ဆောင်ရွက်ပါက ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

## ထူးခြားသည့် နေ့အပူချိန်များ

၅-၃-၂၀၂၁

| | | | | | |
|---|---|---|---|---|---|
| ချောက် | ၄၁ | ဒီဂရီစင်တီဂရိတ် | အောင်လံ | ၃၉ | ဒီဂရီစင်တီဂရိတ် |
| မင်းဘူး | ၄၁ | ဒီဂရီစင်တီဂရိတ် | ပြည် | ၃၉ | ဒီဂရီစင်တီဂရိတ် |
| ညောင်ဦး | ၄၀ | ဒီဂရီစင်တီဂရိတ် | ငါးသိုင်းချောင်း | ၃၉ | ဒီဂရီစင်တီဂရိတ် |
| မကွေး | ၄၀ | ဒီဂရီစင်တီဂရိတ် | သိမ်ဇရပ် | ၃၉ | ဒီဂရီစင်တီဂရိတ် |
| ဆင်ဖြူကျွန်း | ၄၀ | ဒီဂရီစင်တီဂရိတ် | | | |
| တံတားဦး | ၃၉ | ဒီဂရီစင်တီဂရိတ် | | | |

မိုး/ဇလ

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ပြည်သူလူထုသို့ ပြောကြားခဲ့သည့်မိန့်ခွန်းကို ပြည်ထောင်စုဝန်ကြီး ဦးကိုကို ထပ်ဆင့်ရှင်းလင်း



**နေပြည်တော် မတ် ၅**

နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ဖေဖော်ဝါရီ ၈ ရက်တွင် ပြည်သူလူထုသို့ ပြောကြားခဲ့သည့် မိန့်ခွန်းအား သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ဝန်ထမ်းများသို့ ထပ်ဆင့်ရှင်းလင်းခြင်း အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ယဉ်ကျေးမှုရတနာအစည်းအဝေးခန်းမ၌ Zoom Meeting ဖြင့် ပြုလုပ်သည်။

တွေ့ဆုံပွဲသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယပါမောက္ခချုပ်များနှင့် ညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ခရိုင်အဆင့်ဆင့်ရှိ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက တပ်မတော်သည် ခေတ်အဆက်ဆက် ပြည်သူနှင့်ပတ်သက်လာလျှင် “ပြည်သူသာ အမိ၊ ပြည်သူသာ အဖ” ဆိုသည့် ဆောင်ပုဒ်ကို ဦးထိပ်ထား ဆောင်ရွက်ခဲ့သော အဖွဲ့အစည်းလည်း ဖြစ်ကြောင်း၊ နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍကိုလည်း မဖောက်မပြန် ခိုင်ခိုင်မာမာ ရပ်တည်နေသည့် အဖွဲ့အစည်းလည်း ဖြစ်ကြောင်း၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို လေးစားလိုက်နာလျက်ရှိသည့် အဖွဲ့အစည်းတစ်ခုလည်းဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် ခေတ်အဆက်ဆက် ပြည်သူများ လိုလားတောင်းဆိုသည့် “ပါတီစုံဒီမိုကရေစီစနစ်” ကို တည်ငြိမ်အေးချမ်းစွာ အသွင်ကူးပြောင်းပေးခဲ့ကြောင်း၊ နိုင်ငံတော်အနေဖြင့် ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းကို လျှောက်လှမ်းပြီးနောက် ကြားဖြတ်ရွေးကောက်ပွဲများ အပါအဝင် ရွေးကောက်ပွဲများကို ၂၀၁၀ ပြည့်နှစ်၊ ၂၀၁၂ ခုနှစ်၊ ၂၀၁၅ ခုနှစ်၊ ၂၀၂၀ ပြည့်နှစ် တို့တွင် ၄ ကြိမ် ကျင်းပခဲ့ကြောင်း၊ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲအပြီး ကာလတွင် အငြင်းပွားမှုများ ဆက်တိုက်ဖြစ်ခဲ့ကြောင်း။ နိုင်ငံရေးပါတီများ အနေဖြင့် ရွေးကောက်ပွဲနှင့်ပတ်သက်ပြီး တရားမျှတမှု ရှိစေရန်၊ ဖြေရှင်းပေးရန် UEC ကို ရွေးကောက်ပွဲ မတိုင်မီကတည်းက တောင်းဆိုမှုများ အကြိမ်ကြိမ် ပြုလုပ်ခဲ့သော်လည်း ဆောင်ရွက်ပေးခြင်း မရှိခဲ့သဖြင့် တပ်မတော်ကို အကူအညီ တောင်းခံခဲ့ကြောင်း၊ တပ်မတော်က ဖွဲ့စည်းပုံအခြေခံဥပဒေ “၂၀၀၈ ခုနှစ်” ပြဋ္ဌာန်းချက်များနှင့်အညီ UEC၊ လွှတ်တော်နှင့် သမ္မတတို့ထံ မဲစာရင်းများ ဖြေရှင်းပေးရန် တောင်းဆိုခဲ့ကြောင်း၊ တာဝန်ရှိသူများအနေဖြင့် အကြောင်းအမျိုးမျိုးပြပြီး တာဝန်ယူမှု၊ တာဝန်ခံမှုများ ပျက်ကွက်ခဲ့သဖြင့် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရေး ဖွဲ့စည်းပုံအခြေခံဥပဒေ “၂၀၀၈ ခုနှစ်” နှင့်အညီ နိုင်ငံ့တာဝန်များ ထမ်းဆောင်နေရခြင်း ဖြစ်ကြောင်း၊ နိုင်ငံတော်တာဝန်ကို ထမ်းဆောင်နေစဉ် ရှေ့ဆက်ဆောင်ရွက်မည့်အချက် (Road Map) ၅ ချက်ကို ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ကြောင်းနှင့် အဆိုပါ ၅ ချက်နှင့်အညီ ဆောင်ရွက်နေကြောင်းတို့ကို အသေးစိတ်ထပ်ဆင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၏ ပြည်သူလူထုသို့ ပြောကြားခဲ့သည့် မိန့်ခွန်းပါ အချက်အလက်များနှင့် ရှေ့လုပ်ငန်းစဉ် (Road Map) ၅ ရပ်တို့ကို မိမိတို့၏ဝန်ထမ်းများကို ထပ်ဆင့်ရှင်းလင်းပေးရန်နှင့် အရာထမ်း၊ အမှုထမ်းများအနေဖြင့် ဦးတည်ချက် ၉ ရပ်ကို အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ပညာရေးဝန်ကြီးဌာန ဦးစီးဌာနအသီးသီးမှ တာဝန်ရှိသူများနှင့်တွေ့ဆုံဆွေးနွေး

**နေပြည်တော် မတ် ၅**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့် ယနေ့နံနက်ပိုင်းတွင် ရုံးအမှတ်(၁၃) ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ ဖေဖော်ဝါရီ ၈ ရက်တွင် နိုင်ငံတော်၏အခြေအနေအရပ်ရပ်အား ပြည်သူလူထုသို့ပြောကြားသည့် မိန့်ခွန်းပါ အချက်အလက်များနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်၊ ဦးတည်ချက်(၉)ရပ်ကို အသေးစိတ်ရှင်းလင်းဆွေးနွေးကာ ဦးစီးဌာနအလိုက်၊ ကျောင်းအလိုက် အရာထမ်း အမှုထမ်းများကို အဆင့်ဆင့် ထပ်ဆင့်ရှင်းလင်းဆွေးနွေးကြရန်မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက နိုင်ငံ့တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်လျက်ရှိသည့် ပညာရေးဝန်ထမ်းများကိုလည်း မိမိအနေဖြင့် ကျေးဇူးတင်ဂုဏ်ပြု မှတ်တမ်းတင်ပါကြောင်း၊ ပညာရေးဝန်ထမ်းများအနေဖြင့် ပေးအပ်သည့်တာဝန်ကို ကျေပွန်စွာထမ်းဆောင်ကြရန်၊ နိုင်ငံတော်၏ ကျေးဇူးသစ္စာကိုစောင့်သိရန်နှင့် ပြဋ္ဌာန်းထားသည့် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများ၊ ဝန်ထမ်းကျင့်ဝတ်များကို လိုက်နာဆောင်ရွက်ကြရန်လိုအပ်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် သုတေသနလုပ်ငန်းများကို ပိုမိုအလေးထား အားပေးဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ နေပြည်တော်ကို ပညာရေးမြို့တော်ဖြစ်လာစေရေး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ တက္ကသိုလ်အဆင့်မြင့်ပညာရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများတွင် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ဦးစီးဌာန တာဝန်ရှိသူများအနေဖြင့် လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်ကြရာတွင် မိမိတို့၏ လုပ်ဖော်ကိုင်ဖက် ဝန်ထမ်းများအပေါ် ကိုယ်ချင်းစာစိတ်ဖြင့် စေတနာထားကာ လက်တွဲဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် တင်ပြဆွေးနွေးကြရာ လိုအပ်သည်များ ညှိနှိုင်းပံ့ပိုးဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်သူ့အငှားအိမ်ရာ တည်ဆောက်ရေးလုပ်ငန်းကော်မတီ အစည်းအဝေးကျင်းပ

**မန္တလေး မတ် ၅**

မန္တလေးတိုင်းဒေသကြီးရှိ ပြည်သူ့အငှားအိမ်ရာ တည်ဆောက်ရေးလုပ်ငန်းကော်မတီ အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ကို တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်သူ့အငှားအိမ်ရာတည်ဆောက်ရေး လုပ်ငန်းကော်မတီမှ တာဝန်ရှိသူများ၊ မြန်မာမြို့ပြနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးလုပ်ငန်းရှင်များအသင်း(MDA)မှ တာဝန်ရှိသူများ၊ ကုမ္ပဏီလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ကိုက ပြည်သူ့အငှားအိမ်ရာ ဆောက်လုပ်ရေးအတွက် အခက်အခဲများရှိပါက တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ကူညီဖြေရှင်းပေးနိုင်ရန် ခေါ်ယူကျင်းပခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်မှ တတိယအချက်ဖြစ်သော ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်ဟူသော ရှေ့လုပ်ငန်းစဉ်အတိုင်း ယခုစီမံကိန်းသည် ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေပြီး ပြင်ပတွင်ငွေကြေးစီးဆင်းလည်ပတ်မှု အထောက်အကူပြုသည့်အပြင် ပြည်သူများအဆင်ပြေစွာနေထိုင်နိုင်ရန် အိမ်ရာကဏ္ဍများ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည်ဖြစ်၍ များစွာအထောက်အကူပြုမည်ဖြစ်ရာ ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်ကြရန်လိုကြောင်း၊ ကုမ္ပဏီများအနေဖြင့် လုပ်ငန်းလုပ်ကိုင်ရာတွင် နိုင်ငံအကျိုး၊ ပြည်သူ့အကျိုး၊ မိမိအကျိုးတို့ကို စေတနာမျှတစွာထား၍ ဆောင်ရွက်ပေးကြရန် လိုကြောင်း၊ ပြည်သူ့အငှားအိမ်ရာတွင် နေထိုင်ကြမည့် ပြည်သူများအတွက် နေ့စဉ်သွားလာရေးကအစ ရေ၊ မီး စုံလင်စွာဖြင့် နေထိုင်နိုင်သည့် ပြည့်စုံသော စီမံကိန်းတစ်ခုဖြစ်အောင် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း မှာကြားခဲ့သည်။



ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသက်နိုင်က Power Point ဖြင့် အသေးစိတ် ရှင်းလင်းတင်ပြပြီးနောက် မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်သူ့အငှားအိမ်ရာတည်ဆောက်ရေးကော်မတီဝင်များ၊ မြန်မာမြို့ပြနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေး လုပ်ငန်းရှင်များအသင်း (MDA) ခေတ္တဥက္ကဋ္ဌနှင့် Third Party (QC)အဖွဲ့တို့က လိုအပ်သည်များကို ဆွေးနွေးတင်ပြကြသည်။

အဆိုပါပြည်သူ့အငှားအိမ်ရာ တည်ဆောက်ရေးစီမံကိန်းမှာ ပုသိမ်ကြီးမြို့နယ် ရှင်တော်ကုန်းကျေးရွာ ရေကြည်မြောက် ကွင်းမြေဧရိယာ ၂၀၄ ဒသမ ၂၄ ဧကပေါ်တွင် နိုင်ငံ့ဝန်ထမ်းများ၊ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ၊ ဝင်ငွေနည်းပြည်သူများ နေထိုင်နိုင်ရေးအတွက် အခန်းပေါင်း ၃၀၀၈ ခန်းပါဝင်သော အိမ်ရာစီမံကိန်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး “မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ စီးပွားရေး

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ လူမှုရေး

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မန္တလေးတိုင်းဒေသကြီး ပုဂံညောင်ဦးဒေသ ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် မတ် ၅**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယမန်နေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့ Heritage Bagan Hotel အစည်းအဝေးခန်းမ၌ ညောင်ဦးခရိုင် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ပုဂံဇုန်ဟိုတယ်လုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ၊ ပုဂံဇုန်ခရီးသွားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် ဟိုတယ်များမှ အထွေထွေမန်နေဂျာများနှင့် ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေးကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ကာကွယ်ရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက နိုင်ငံတော်၊ ပြည်သူနှင့်လုပ်ငန်းရှင်များ အကျိုးရှိစေရေးအတွက် ဝန်ကြီးဌာနမှ ချမှတ်ထားသည့် မူဝါဒ၊ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဟိုတယ်နှင့် ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အရှိန်အဟုန်မြှင့် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ခရီးသွားလုပ်ငန်းသည် နိုင်ငံတော်၏ပြယုဂ်တစ်ခုဖြစ်ပြီး ဟိုတယ်နှင့် ခရီးသွားကဏ္ဍသည် နိုင်ငံတော်၏ သံတမန်အငယ်စားဖြစ်ပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌအနေဖြင့်လည်း ဟိုတယ်နှင့် ခရီးသွားကဏ္ဍအား အထူးအလေးထားပါကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ဟိုတယ်များ ကိုဗစ်-၁၉ ကူးစက်မှု တားဆီးကာကွယ်ရေးဆိုင်ရာ သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပြန်လည်ဖွင့်လှစ်ရန် ခွင့်ပြုထားပြီးဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် Enchanting Myanmar Health and Safety Protocols အစီအစဉ်အရ ဟိုတယ်များရှိ ဝန်ထမ်းများကို သင်တန်းများပေးခြင်း၊ Certificate များ ထုတ်ပေးခြင်း၊ ဟိုတယ်များအား ကိုဗစ်-၁၉ ကာကွယ်တားဆီးရေး စည်းမျဉ်းစည်းကမ်းများနှင့်အညီ စစ်ဆေးပြီး ပြန်လည်ဖွင့်လှစ်နိုင်ရေး ခွင့်ပြုထားရှိပြီး ဖြစ်သည့်အတွက် ဟိုတယ်လုပ်ငန်းရှင်များအနေဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးစေလိုပါကြောင်း။



ခရီးသွားလုပ်ငန်းများ ပြန်လည်စတင်ရာတွင် ပြည်တွင်းခရီးသွားကို ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် လုပ်ငန်းရှင်များအနေဖြင့်လည်း တည်းခိုခနှုန်းထားများ လျှော့ချနိုင်ရန်အတွက် ဈေးကွက်ရှာဖွေဖော်ထုတ်ရန် လိုအပ်ပါကြောင်း၊ လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရာတွင် တစ်ဦးနှင့်တစ်ဦး ယုံကြည်မှုရှိရန်လိုအပ်ကြောင်း၊ လုပ်ငန်းရှင်များ လုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများကို ပွင့်ပွင့်လင်းလင်း ရင်းရင်းနှီးနှီး တင်ပြပေးစေလိုပြီး နိုင်ငံတော်၊ လုပ်ငန်းရှင်၊ ဒေသခံပြည်သူအားလုံး၏ အကျိုးဖြစ်သည့်အတွက် ဝိုင်းဝန်းကူညီပံ့ပိုး ကူညီဆောင်ရွက်ပေးစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်က ဝန်ကြီးဌာနအနေဖြင့် ခရီးသွားမြှင့်တင်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေ၊ နိုင်ငံပိုင် ဟိုတယ်များ ငှားရမ်းခ ဖြေလျှော့ပေးမှုအခြေအနေ၊ ဟိုတယ်များ ပြန်လည်ဖွင့်လှစ်ရန် စစ်ဆေးဆောင်ရွက်မည့် အခြေအနေများနှင့် သင်တန်းဖွင့်လှစ်ပေးနိုင်မှုများကို ရှင်းလင်းတင်ပြပြီး ညောင်ဦးခရိုင် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ကျော်အုန်းက ပုဂံခရီးစဉ်ဒေသ အခြေအနေ၊ ကိုဗစ်-၁၉ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဟိုတယ်များ ပြန်လည်ဖွင့်လှစ်လိုမှု၊ ကိုဗစ်-၁၉ စည်းမျဉ်း စည်းကမ်းများနှင့်အညီ စားသောက်ဆိုင်များ ပြန်လည်ဖွင့်လှစ်နိုင်ရေး စစ်ဆေးထားရှိမှု အခြေအနေများကို ဆွေးနွေးတင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပုဂံဇုန် ဟိုတယ်လုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ၊ ပုဂံဇုန် ခရီးသွားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် ဟိုတယ်များမှ အထွေ ထွေမန်နေဂျာများက အခွန်အခများ လျှော့ချပေးနိုင်ရေးအခြေအနေ၊ ခရီးသွားလုပ်ငန်းများအတွက် ချေးငွေရရှိရေး ပံ့ပိုးပေးနိုင်မှုများအပါအဝင် ဟိုတယ်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ဆွေးနွေးတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်းဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြား၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ကိုဗစ်-၁၉ တားဆီးကာကွယ်ရေးဆိုင်ရာ သတ်မှတ်စည်းမျဉ်း စည်းကမ်းချက်များနှင့်အညီ ဖွင့်လှစ်ထားရှိသည့် Heritage Bagan Hotel အား ကြည့်ရှုစစ်ဆေးပြီးနောက် Aureum Palace Resort သို့ သွားရောက်ကာ ဧည့်သည်များအား Check In နှင့် Menu ဖတ်ရှုနိုင်သည့် ဝန်ဆောင်မှုကို QR Code စနစ်ဖြင့် ဆောင်ရွက်ပေးနိုင်မှု၊ Royal Palace Hotel နှင့် Tharabar Hotel မှ ကိုဗစ်-၁၉ တားဆီးကာကွယ်ရေးဆိုင်ရာ သတ်မှတ်စည်းမျဉ်း စည်းကမ်းချက်များနှင့်အညီ ပြန်လည်ဖွင့်လှစ်ရန် ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ရွှေစည်းခုံ၊ ထီးလိုမင်းလို၊ အာနန္ဒာဘုရားများသို့ သွားရောက်ဖူးမြော်ကြည်ညိုကာ ဘုရားဂေါပကအဖွဲ့ထံ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဘုရားဖူးလာပြည်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ပုဂံဒေသအတွင်းရှိ အသစ်ဖော်ထုတ်လျက်ရှိသည့် ကျောက်မျက်မှော် ခရီးစဉ်ဒေသဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းနေရာသို့ သွားရောက်၍ နေဝင်ဆည်းဆာအလှ ကြည့်ရှုကာ DMO အဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ ခရီးသွားများ စနစ်တကျ သွားလာနိုင်မှုများနှင့်ပတ်သက်၍ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# “ပြည်သူသို့ မေတ္တာရပ်ခံချက်”

၁။ ဒီမိုကရေစီကျင့်စဉ်အရ လူတိုင်းမှာ လွတ်လပ်စွာပြောဆိုခွင့်၊ လုပ်ကိုင်ခွင့်၊ နေထိုင်ခွင့်ရှိကြပါသည်။ ထိုလွတ်လပ်မှုသည် သူတစ်ပါးအား မထိပါးစေရပါ။ မိမိနှင့် သဘောထားအယူအဆမတူသူကိုလည်း ကွဲလွဲခွင့်ပေးရပါသည်။ မတားဆီးရ၊ မထိပါးရပါ။ သို့ရာတွင် ယခုအခါ ဒီမိုကရေစီလူ့အခွင့်အရေးကို အကြောင်းအမျိုးမျိုးပြကာ အခြားသူများအား အုပ်စုဖွဲ့အတင်းအကျပ်ပြုခြင်း၊ နှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်ခြင်းများအထိ ဥပဒေကို ချိုးဖောက်မှုအချို့ ရှိလာခဲ့ပါသည်။ စည်းကမ်းမရှိလျှင် ဒီမိုကရေစီ ပျက်စီးနိုင်ပါသည်။

၂။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူလူထုဘေးကင်းလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးတို့ကို နှောင့်ယှက်၊ တားဆီး၊ ဖျက်ဆီးသော ကျူးလွန်မှုများကို ထိရောက်ဟန့်တားမည့် ဆောင်ရွက်ချက်များဖြင့် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ကြရပါမည်။

**၃။ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ တန်းတူညီမျှခြင်း၊ အေးချမ်းလုံခြုံခြင်းကို လိုလားကြသည့် ကျွန်ုပ်တို့ ပြည်သူတစ်ရပ်လုံးက ဥပဒေမဲ့ကျူးလွန်သူများကို လက်မခံကြရုံသာမက နိုင်ငံလူမျိုးအကျိုးအတွက် ပူးပေါင်းလက်တွဲကာ တားဆီးပယ်ရှားကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။**

# အမှန်နဲ့အမှား၊ ဓမ္မနဲ့အဓမ္မ ပြည်သူတွေ ကွဲပြားကြဖို့လိုပါပြီ

ကနောင်

(ယမန်နေ့မှအဆက်)

နိုင်ငံတစ်ခု၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ တရားဥပဒေစိုးမိုးရေး၊ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအားလုံးကို ဆောင်ကြဉ်းပေးနိုင်သူတွေဟာ နိုင်ငံသားတွေပဲဖြစ်ပါတယ်။ နိုင်ငံသားတိုင်းဟာ မိမိနိုင်ငံရဲ့အရေးကိစ္စတွေကို တတ်စွမ်းတဲ့ဘက်က ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

အဲဒီနေရာမှာ အရေးအကြီးဆုံးက မှန်ကန်တဲ့အသိဉာဏ်၊ ကောင်းမွန်တဲ့ဆုံးဖြတ်ချက်နဲ့ စေတနာမှန်တဲ့လုပ်ရပ်တို့ ဖြစ်ပါတယ်။ အသိမှား၊ အမြင်မှား၊ အတွေးအခေါ် မှားယွင်းနေမယ်ဆိုရင် ဆုံးဖြတ်ချက်ဟူသမျှသည်လည်း မှန်ကန်တော့မှာ မဟုတ်ပါဘူး။ မဟော်သဓာ သုခမိန်ရဲ့ သားတရားစီရင်ခန်းမှာ မိခင်အရင်းဟာ မိမိရဲ့သားငယ်နာကျင်မှာစိုးတဲ့အတွက် အလျှော့ပေးခဲ့တယ်။ ကလေးကို စားလိုတဲ့ ဘီလူးမကတော့ မိခင်အသွင်ဖန်ဆင်းထားပေမယ့် ကလေးအပေါ် အလျှော့မပေးခဲ့တဲ့အတွက် မဟော်သဓာဟာ မိခင်ရင်းကို ဖော်ထုတ်ပေးနိုင်ခဲ့ပါတယ်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီကနေ နိုင်ငံအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက် (၉) ရပ်ချမှတ်ပြီး နိုင်ငံတော်အကျိုးစီးပွားအတွက် ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ အဲဒီလိုဆောင်ရွက်ပေးနေမှုတွေကို လျစ်လျူရှုပြီး အကြမ်းဖက်မှုကို ဦးတည်ဆန္ဒပြမှုအား အရှိန်မြှင့်နေတိုင်း နိုင်ငံတကာက ကူညီမပေးနိုင်ပါဘူး။ မိမိခံစားချက်နဲ့မိမိ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ဘယ်သူ့ကိုမှ မထိခိုက်ဘဲ ဆန္ဒထုတ်ဖော်နိုင်ပါတယ်။ ကိုယ့်ခံယူချက်ထက်ပိုပြီး သူတစ်ပါးရဲ့အခွင့်အရေး၊ ဆုံးဖြတ်ချက်ကို ထိပါးလာတာတွေကို ယခုရက်ပိုင်း ပိုမိုမြင်တွေ့လာရပါတယ်။

**နိုင်ငံ့ဝန်ထမ်းတွေကို ခြိမ်းခြောက်လာတဲ့ CDM**

တစ်နိုင်ငံလုံးမှာ နိုင်ငံ့ဝန်ထမ်းတွေ အဓိကခြိမ်းခြောက်ခံနေရတာကတော့ CDM မလုပ်တဲ့အတွက်ကြောင့် ဖြစ်ပါတယ်။ သွေးထိုးမြှောက်ပင့်ပေးသူတွေဟာ “အိမ်ကြက်ချင်းတိုက်”ဆိုတဲ့ အဖြစ်မျိုးရောက်အောင် ဝန်ထမ်းငယ်တွေကို အရင်ဆုံးသွေးထိုးပြီး CDM မှာ ပါဝင်စေပါတယ်။ ဝန်ထမ်းငယ်တွေကိုမှ လစာ၊ ထောက်ပံ့ကြေးနဲ့ နေစရာအချို့စီစဉ်ပေးပြီး ဌာနဆိုင်ရာအကြီးအကဲတွေနဲ့ အဆင့်ဆင့်သော ဝန်ထမ်းတွေကို ပြန်လည်စည်းရုံးလှုံ့ဆော်စေပါတယ်။ အဲဒီကနေ ဌာနအသီးသီးအလိုက် ဝန်ထမ်းတွေအကြား လုပ်ငန်းခွင် အေးချမ်းသာယာမှု ပျက်ပြားအောင်၊ ဝန်ထမ်းတွေ နိုင်ငံ့တာဝန်ကို စိတ်အေးလက်အေး ထမ်းဆောင်ခြင်း မပြုနိုင်အောင် ကိုယ်၊ စိတ်၊ နှလုံးထိခိုက်ခံစားရအောင် အွန်လိုင်းကတစ်ဆင့်ဒါမှမဟုတ် လက်တွေ့ခြိမ်းခြောက်တာကတစ်ဆင့် စော်ကားလှောင်ပြောင်တာ၊ အကျပ်ကိုင်တာတွေကို လုပ်ဆောင်လာကြတာကို တွေ့ရှိနေရပါတယ်။

ရုံးတက်သူတွေကို လှောင်ပြောင် အရှက်ခွဲတာအပြင် ရုံးမသွားနိုင်အောင် ပိတ်ဆို့တားဆီးတာ၊ ရုံးမဖွင့်နိုင်အောင် ရုံးကို ပိတ်ဆို့တာမျိုးအပြင် လူမှုကွန်ရက်တွေမှာ အမည်၊ ရာထူး၊ နေရပ်လိပ်စာတွေ၊ မိသားစုဓာတ်ပုံတွေနဲ့တကွ အရှက်ခွဲဖိအားပေးတာတွေကလည်း အလွန်အကျွံများပြားလာခဲ့ပါတယ်။ ဒါက လူ့အခွင့်အရေးချိုးဖောက်ခံနေကြရတာ ဖြစ်ပါတယ်။ နိုင်ငံ့ဝန်ထမ်းတစ်ဦးဟာ တရားဥပဒေနဲ့အညီ၊ ဝန်ထမ်းစည်းကမ်း၊ ဝန်ထမ်းကျင့်ဝတ်နဲ့အညီ ရုံးတာဝန်တွေကို ထမ်းဆောင်ခြင်းဟာ ပြစ်မှုမဟုတ်ပါ။ တာဝန်မထမ်းဆောင်နိုင်အောင် အမျိုးမျိုးဖိအားပေးပြီး အနိုင်အထက်ပြုမူခြင်းက ရာဇသတ်ကြီးပုဒ်မ ၃၅၃ အရ ရာဇဝတ်မှုကျူးလွန်ခြင်းဖြစ်ပါတယ်။ ဒါကြောင့် ယင်းအပြုအမူတွေဟာ ဥပဒေကို မထီမဲ့မြင်ပြုရာရောက်နေပါတယ်။

**ရုံးတက်သူတွေကို လှောင်ပြောင် အရှက်ခွဲတာအပြင် ရုံးမသွားနိုင်အောင် ပိတ်ဆို့တားဆီးတာ၊ ရုံးမဖွင့်နိုင်အောင် ရုံးကိုပိတ်ဆို့တာမျိုးအပြင် လူမှုကွန်ရက်တွေမှာ အမည်၊ ရာထူး၊ နေရပ်လိပ်စာတွေ၊ မိသားစုဓာတ်ပုံတွေနဲ့တကွ အရှက်ခွဲဖိအားပေးတာတွေကလည်း အလွန်အကျွံများပြားလာခဲ့ပါတယ်။ ဒါက လူ့အခွင့်အရေးချိုးဖောက်ခံနေကြရတာ ဖြစ်ပါတယ်။ နိုင်ငံ့ဝန်ထမ်းတစ်ဦးဟာ တရားဥပဒေနဲ့အညီ၊ ဝန်ထမ်းစည်းကမ်း၊ ဝန်ထမ်းကျင့်ဝတ်နဲ့အညီ ရုံးတာဝန်တွေကို ထမ်းဆောင်ခြင်းဟာ ပြစ်မှုမဟုတ်ပါ။ တာဝန်မထမ်းဆောင်နိုင်အောင် အမျိုးမျိုးဖိအားပေးပြီး အနိုင်အထက်ပြုမူခြင်းကသာ ရာဇသတ်ကြီးပုဒ်မ ၃၅၃ အရ ရာဇဝတ်မှုကျူးလွန်ခြင်းဖြစ်။**

**CDM တံခါးပိတ်ရင် ဘာဖြစ်လာမလဲ**

ဥပဒေနဲ့မညီညွတ်တဲ့ ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီမှတစ်ဆင့် ထွက်ပေါ်လာခဲ့တဲ့ စာတမ်းအချို့မှာလည်း မတ်လ ၇ ရက်နေ့ဟာ နောက်ဆုံးအကြိမ်အဖြစ် ဝန်ထမ်းများကို CDM တွင် ပါဝင်ဖို့ ခေါ်ယူနေတာကို မြင်တွေ့ရပါတယ်။ CDM တံခါးပိတ်မယ်လို့ ပြောဆိုထားပြီး CDM မပြုလုပ်တဲ့ ဝန်ထမ်းတွေကို ပြည်သူ့အစိုးရက အမိန့်စာထုတ်ပြန်ပြီး ပြည်သူ့အကျိုးကို လျစ်လျူရှုသူများအဖြစ် ကြေညာမယ်ဆိုပြီး ခြိမ်းခြောက်ပြောဆိုထားတာကိုလည်း မြင်တွေ့နေရပါတယ်။

နိုင်ငံ့ဝန်ထမ်းအဖြစ် ရွေးချယ်ခဲ့ကြသူတွေဟာ နိုင်ငံနဲ့နိုင်ငံသားတို့ရဲ့ ကျေးဇူးသစ္စာကို စောင့်သိရိုသေကြရမယ့်သူတွေဖြစ်ပါတယ်။ ထမ်းဆောင်ရမယ့် တာဝန်တွေ၊ စောင့်ထိန်းရမယ့်ကျင့်ဝတ်တွေနဲ့ လိုက်နာရမယ့်စည်းကမ်းတွေကို ဘယ်သောအခါမျှ မမေ့ကြသူတွေပဲဖြစ်ပါတယ်။ တည်ဆဲဥပဒေတွေကို လိုက်နာရပြီး ဌာနအသီးသီးက ထုတ်ပြန်ထားတဲ့ သတ်မှတ်ချက်၊ စည်းကမ်းချက်တွေကိုလည်း လိုက်နာကြရသူတွေဖြစ်ပါတယ်။ အခြားနိုင်ငံသားများနည်းတူ ကိုယ်ကြိုက်နှစ်သက်ရာပါတီကို ရွေးကောက်ပွဲကာလအတွင်း လွတ်လပ်စွာမဲပေးခွင့်ရှိသော်လည်း စည်းရုံးရေးလုပ်ငန်းတွေကိုတောင် မပြုလုပ်ကြရတဲ့သူတွေ ဖြစ်ပါတယ်။

မည်သည့်အစိုးရအုပ်ချုပ်သည်ဖြစ်စေ နိုင်ငံ့ဝန်ထမ်းတွေက ပြောင်းလဲ၍မရဘဲ နိုင်ငံတော်ရဲ့ အစိုးရယန္တရား ဆက်လက်လည်ပတ်နိုင်စေဖို့ မောင်းနှင်ပေးကြရသူတွေ ဖြစ်ပါတယ်။ နိုင်ငံ့အစိုးရယန္တရားလည်ပတ်မှုကို ရပ်တန့်စေဖို့ နိုင်ငံ့ဝန်ထမ်းတွေကို အလုပ်မသွားဖို့တားမြစ်နေခြင်းက နိုင်ငံတော်နှင့် နိုင်ငံသားတွေရဲ့ အကျိုးစီးပွားပျက်စီးရာပျက်စီးကြောင်း ကြံစည်နေတဲ့ကိစ္စ ဖြစ်ပါတယ်။ CDM တံခါးပိတ်မယ်လို့ သွေးထိုးခြင်းရဲ့ အကျိုးဆက်ဆိုရင် ထိခိုက်မှုခံစားရမှာက ပြည်သူတွေပဲ ဖြစ်ပါတယ်။

**အင်အားသုံးဖြေရှင်းရေးနည်းလမ်းကို အတတ်နိုင်ဆုံးရှောင်ရှား**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီကနေ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ အရေးပေါ်ကာလမှာ နိုင်ငံတော်တာဝန်အရပ်ရပ်ကို ဝင်ရောက်ထိန်းသိမ်းစီမံဆောင်ရွက်ပေးနေတာပဲ ဖြစ်ပါတယ်။ အာဏာကို အဓမ္မသိမ်းယူထားတာ မဟုတ်ပါဘူးဆိုတာ နိုင်ငံတကာမှာ ဖြစ်ပေါ်ခဲ့တဲ့ အာဏာသိမ်းမှုဖြစ်စဉ်တွေနဲ့ နှိုင်းယှဉ်ရင် ပိုပြီးသိသာပါတယ်။ အင်အားသုံးဖြေရှင်းတဲ့နည်းလမ်းတွေကို အတတ်နိုင်ဆုံး ရှောင်ရှားနေတယ်ဆိုတာကို သတိပြုစေလိုပါတယ်။ လက်နက်ခဲယမ်းအပြည့်အစုံရှိတဲ့၊ အင်စတီကျူးရှင်းအားကောင်းတဲ့ တပ်မတော်ကသာ အင်အားသုံးဖြေရှင်းခဲ့မယ်ဆိုရင် ပြည်သူတွေရဲ့ ထိခိုက်မှုဖြစ်စဉ်တွေ ဆိုးရွားစွာပေါ်ထွက်လာနိုင်ပါသေးတယ်။

လက်ရှိမှာ အပြည်ပြည်ဆိုင်ရာဥပဒေ၊ ပြည်တွင်းဥပဒေတွေနဲ့အညီ အရပ်သား၊ တိုင်းရင်းသားများပါဝင်တဲ့ စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များက တရားနည်းလမ်းကျကျ၊ ထိန်းထိန်းသိမ်းသိမ်းဖြင့် ဆောင်ရွက်နေခြင်းကြောင့်သာ ထိခိုက်မှုနည်းပါးရခြင်းဖြစ်တယ်လို့ ဆိုချင်ပါတယ်။

ဒီကနေ့အချိန်အခါဟာ ဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းနေတဲ့အချိန်အခါ ဖြစ်ပါတယ်။ နိုင်ငံတော်အတွက် လိုအပ်ချက်ကြောင့် အရေးပေါ်အချိန်ကာလအဖြစ် သတ်မှတ်ထားရချိန်လည်း ဖြစ်ပါတယ်။ နိုင်ငံ့ဝန်ထမ်းတွေကို အလုပ်မဆင်းအောင်၊ နိုင်ငံရဲ့ စီမံခန့်ခွဲမှုယန္တရား လည်ပတ်လို့မရအောင် လုပ်ဆောင်ပေးဖို့ သွေးဆောင်ဖြားယောင်းတာဟာ နယ်ချဲ့လက်သစ်နိုင်ငံတွေက သူတို့အလိုကျမဟုတ်တဲ့နိုင်ငံတွေမှာ သွေးထိုးလှုံ့ဆော်တဲ့ နည်းလမ်းတစ်ခုလည်း ဖြစ်ပါတယ်။

**နိုင်ငံပျက်စီးစေဖို့ ရည်ရွယ်တဲ့ CDM**

မိမိတို့ထမ်းဆောင်ရမယ့် တာဝန်တွေကို ငြင်းဆန်ပြီး လုပ်ငန်းခွင်ကို စွန့်ခွာခဲ့ကြတဲ့ ဝန်ထမ်းတွေ၊ လုပ်ငန်းနယ်ပယ်အသီးသီးက ကျွမ်းကျင်ပညာရှင်တွေ၊ လမ်းမတွေပေါ်မှာ ဆန္ဒပြနေကြသူတွေကို ကြည့်ရင်း မြန်မာပြည်သူတွေ အလွယ်တကူ သွေးဆူနေကြတာကို ရပ်တန့်သင့်ပြီလို့ တောင်းဆိုလိုပါတယ်။

ဒါပေမယ့် ပြီးခဲ့တဲ့ရက်ပိုင်းအထိ CDM မှာ ပါဝင်ခဲ့ပေမယ့် တစ်ဖက်ကပေးတဲ့ ထောက်ပံ့လစာမရနိုင်တဲ့သူတွေကိုလည်း မြင်တွေ့ရပါတယ်။ ဒါပေမယ့် လူမှုကွန်ရက်တွေမှာတော့ ကူညီပေးနေတယ်ဆိုပြီး ပြောဆိုနေတုန်းပါပဲ။ တကယ်တမ်းလက်တွေ့ ဝန်ထမ်းဘယ်လောက်ကို ကူညီပေးနေတယ်ဆိုတဲ့ တိကျတဲ့ ကိန်းဂဏန်း၊ ဘယ်လိုငွေတွေနဲ့ ကူညီထောက်ပံ့တယ်ဆိုတဲ့ ခိုင်မာတဲ့အဖွဲ့အစည်းတွေတော့ မမြင်တွေ့ရပါဘူး။ ဒါတွေကိုကြည့်ခြင်းအားဖြင့် ပြည်တွင်းအဖွဲ့အစည်းတွေနဲ့ ပြည်ပအဖွဲ့အစည်းတွေရဲ့ ကြိုးကိုင်ခြယ်လှယ်မှုတွေ၊ ပြည်တွင်းတရားမဝင်အဖွဲ့အစည်းတွေရဲ့ ချိတ်ဆက်ပေးမှုတွေကနေ CDM လှုပ်ရှားမှုတွေ ဖြစ်ပေါ်နေရတယ်လို့ သုံးသပ်မိပါတယ်။

**ဥပဒေနဲ့အညီထိုက်သင့်တဲ့အရေးယူမှုကို**

ရိုးသားတဲ့ပြည်သူတွေနဲ့ နိုင်ငံ့ဝန်ထမ်းတွေကို မိမိဆင်ခြင်တုံတရားဖြင့် အမှားနဲ့အမှန် ဝေဖန်ပိုင်းခြားစေလိုပါတယ်။ နိုင်ငံ့တာဝန်ကို မထမ်းဆောင်တာက အပြစ်လား၊ မှန်မှန်ကန်ကန် ရုံးတက်တာက အပြစ်ဖြစ်နိုင်လား၊ လူငယ်တွေအဖို့ ထောင်ချောက်တွေအတွင်း သက်ဆင်းမိကာ အနာဂတ်တွေ ပျောက်ဆုံးနိုင်မယ့်အရေးမို့ စဉ်းစားဆင်ခြင်စေလိုတာ ဖြစ်ပါတယ်။ CDM ထောင်ချောက်ဟာ နိုင်ငံကောင်းစေဖို့ ပေါ်ထွက်လာတာ မဟုတ်ပါဘူး။ နိုင်ငံတော် ပျက်စီးပြိုကွဲဖို့အတွက် ဦးတည်နေတာကို လယ်ပြင်မှာ ဆင်သွားသလို အထင်းသားမြင်နိုင်ပါတယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံ့တာဝန်ထမ်းဆောင်ဖို့ ပျက်ကွက်နေကြတဲ့ ဝန်ထမ်းတွေကို လုပ်ငန်းခွင် ပြန်လည်ဝင်ရောက်ဖို့အတွက် နှိုးဆော်ပေးလျက်ရှိနေတာကို မြင်တွေ့ရပါတယ်။ တက်ကြွပြီး နိုင်ငံအတွက် ခလုတ်ကန်သင်းဖြစ်လာစေမယ့် အတားအဆီးတွေကိုလည်း စုံစမ်းဖော်ထုတ်အရေးယူနေပြီ ဖြစ်ပါတယ်။ ဝန်ထမ်းတွေအကြား စိတ်အနှောင့်အယှက်ဖြစ်စေအောင် သွေးထိုးလှုံ့ဆော်နေသူတွေကိုလည်း ထိုက်သင့်တဲ့ အပြစ်ပေးမှုတွေ၊ အရေးယူမှုတွေကို ဥပဒေတွေနဲ့အညီ ဆောင်ရွက်နေပြီဖြစ်ပါတယ်။

(ဆက်လက်ဖော်ပြပါမည်)

**ရိုးသားတဲ့ပြည်သူတွေနဲ့ နိုင်ငံ့ဝန်ထမ်းတွေ မိမိဆင်ခြင်တုံတရားဖြင့် အမှားနဲ့အမှန် ဝေဖန်ပိုင်းခြားစေလိုပါတယ်။ နိုင်ငံ့တာဝန်ကို မထမ်းဆောင်တာက အပြစ်လား၊ မှန်မှန်ကန်ကန် ရုံးတက်တာက အပြစ်ဖြစ်နိုင်လား၊ လူငယ်တွေအဖို့ ထောင်ချောက်တွေအတွင်း သက်ဆင်းမိကာ အနာဂတ်တွေပျောက်ဆုံးနိုင်မယ့်အရေးမို့ စဉ်းစားဆင်ခြင်စေလိုတာ ဖြစ်ပါတယ်။ CDM ထောင်ချောက်ဟာ နိုင်ငံကောင်းစေဖို့ ပေါ်ထွက်လာတာ မဟုတ်ပါဘူး။ နိုင်ငံတော်ပျက်စီးပြိုကွဲဖို့အတွက် ဦးတည်နေတာကို လယ်ပြင်မှာဆင်သွားသလို အထင်းသားမြင်နိုင်။**

# နိုင်ငံတော်သစ္စာဖောက်ဖျက်မှုကို ကျူးလွန်နေကြသည့် CRPH နှင့် CRPH က ဖွဲ့စည်းသည့် အဖွဲ့အစည်းများနှင့်စပ်လျဉ်း၍ အသိပေးထုတ်ပြန်ချက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**နိုင်ငံတော်သစ္စာဖောက်ဖျက်မှုကို ကျူးလွန်နေကြသည့် CRPH နှင့် CRPH က ဖွဲ့စည်းသည့် အဖွဲ့အစည်းများနှင့်စပ်လျဉ်း၍ အသိပေးထုတ်ပြန်ချက်**

**၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၇ ရက်**
**(၂၀၂၁ ခုနှစ်၊ မတ်လ ၅ ရက်)**

၁။ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေများနှင့် အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေများအရ လွှတ်တော်ကိုယ်စားလှယ်ဖြစ်မြောက်ခြင်း မရှိသေးသည့် လွှတ်တော်ကိုယ်စားလှယ်အဖြစ် တရားဝင်ရပ်တည်ပိုင်ခွင့်မရှိသေးသူများက "ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီ" (CRPH)အမည်ဖြင့် ကော်မတီဖွဲ့စည်းဆောင်ရွက်နေခြင်းသည် ဥပဒေနှင့် ညီညွတ်ခြင်းမရှိသည့်အပြင် ကြီးလေးသည့်ရာဇဝတ်မှုကို ကျူးလွန်ရာရောက်သဖြင့် ယင်းတရားမဝင်ကော်မတီတွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပါဝင်ဆောင်ရွက်ခြင်းမပြုကြရန်နှင့် ထိုသို့ဆောင်ရွက်ပါက ဥပဒေအရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့က အသိပေးထုတ်ပြန်ပြီးဖြစ်ပါသည်။

၂။ ယခုအခါ အဆိုပါ CRPH က အစိုးရဖွဲ့စည်းခြင်း၊ ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့များဖွဲ့စည်းခြင်း စသည့် ဥပဒေနှင့်ဆန့်ကျင်သည့်အဖွဲ့အစည်းများ ဖွဲ့စည်းဆောင်ရွက်ခြင်းကို လုပ်ဆောင်လာကြောင်း တွေ့ရှိရပါသည်။ ယင်းသို့သော လုပ်ဆောင်မှုများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်သည့်အပြင် ရာဇသတ်ကြီးပုဒ်မ ၁၂၂ အရ နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှုကို ကျူးလွန်ရာရောက်ပြီး သေဒဏ်ဖြစ်စေ၊ နှစ်ဆယ်နှစ်ကာလအထိ ထောင်ဒဏ်ဖြစ်စေချမှတ်နိုင်သည့် ပြစ်မှုဖြစ်ပါသည်။ ထို့အပြင် CRPH နှင့် CRPH က ဖွဲ့စည်းသည့်အဖွဲ့အစည်းများတွင် တိုက်ရိုက်ပါဝင်ဆောင်ရွက်ခြင်းမရှိသော်လည်း CRPH ကို အထောက်အကူပြုစေရန်အတွက် နိုင်ငံ့ဝန်ထမ်းများကို တာဝန်ပျက်ကွက်အောင် ဆွဲဆောင်စည်းရုံးသူများ၊ လှုံ့ဆော်သူများ၊ ခြိမ်းခြောက်သူများသည် ရာဇသတ်ကြီးပုဒ်မ ၁၂၄-ဃ အရ အစိုးရအမှုထမ်းများအား ဟန့်တားခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်းကို ကျူးလွန်ရာရောက်ပြီး ထောင်ဒဏ် ခုနစ်နှစ်အထိ ချမှတ်နိုင်သောပြစ်မှုဖြစ်ပါသည်။

၃။ သို့ပါ၍ နိုင်ငံတော်တည်ငြိမ်ရေးကို နှောင့်ယှက်ဖျက်ဆီးလိုသည့် ရည်ရွယ်ချက်ဖြင့် နိုင်ငံတော်သစ္စာဖောက်ဖျက်မှုကို ကျူးလွန်နေကြသည့် CRPH နှင့် CRPH ကဖွဲ့စည်းသည့် အဖွဲ့အစည်းများတွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပါဝင်ဆောင်ရွက်သူများ၊ CRPH နှင့် CRPH က ဖွဲ့စည်းသည့် အဖွဲ့အစည်းများကို အားပေးကူညီသူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် နိုင်ငံတော်သစ္စာဖောက်ဖျက်မှုကို ကျူးလွန်နေကြသည့် CRPH နှင့် CRPH ကဖွဲ့စည်းသည့် အဖွဲ့အစည်းများတွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပါဝင်ဆောင်ရွက်ခြင်းမပြုကြရန် ထပ်မံအသိပေးထုတ်ပြန်အပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

---

**☆ ရှေ့ဖုံးမှ**

ပြီးခဲ့သည့် ဖေဖော်ဝါရီလ ၂၆ ရက်နေ့ နိုင်ငံ့ဝန်ထမ်းများ လစာထုတ်ချိန်၌ CDM ၌ ဆက်လက်ပါဝင်နေကြသူများအနေဖြင့် မူလစည်းရုံးခံခဲ့ရချိန် ရရှိမည့်လစာနှင့်ပတ်သက်၍ သက်ဆိုင်ရာဖုန်းနံပါတ်များနှင့် တရားမဝင် အသင်းအဖွဲ့များထံ စုံစမ်းမေးမြန်းခဲ့ကြကြောင်း သိရှိရသည်။

CDM ပါဝင်သူ ဝန်ထမ်းများအား ဆေးပညာရှင် ဦးဇော်ဝေစိုး အပါအဝင် အဖွဲ့အစည်းမျိုးစုံတို့က အံ့မခန်းမက်လုံးပေး၍ စည်းရုံးမှုကြောင့် ပါဝင်လာခဲ့သော်လည်း နိုင်ငံ့ဝန်ထမ်းများ၏ အဓိကအကျဆုံး မူရင်းလစာရရှိရေးကိစ္စ၌မူ CDM ပါဝင်သည့် ဝန်ထမ်းဟောင်းအချို့တို့မှာ ဖော်ပြပါ ပမာဏရရှိကြသော်လည်း CDM ဝန်ထမ်းများအတွက် အလှူငွေကောက်ခံသူ အဖွဲ့အစည်းအသီးသီးအနက် အချို့သောအလှူခံပုဂ္ဂိုလ်၊ တရားမဝင်အဖွဲ့အစည်းများမှလည်း အလှူရှင်အသီးသီးမှ ပေးပို့လာသည့် CDM အတွက် ထောက်ပံ့နေမှုများကိုလည်း အလွဲသုံးဆောင်ရွက်လျက်ရှိကြကြောင်း သိရှိရသည်။

| စဉ် | မြို့/ဌာန | ဝန်ထမ်းဦးရေ | တစ်ဦးချင်း ရရှိနှုန်းထား(ကျပ်) | မှတ်ချက် |
|---|---|---|---|---|
| ၁ | တောင်ငူမြို့ | ၁၅၂၀ | ၃၀၀၀၀ | |
| ၂ | ဝမ်းတွင်းမြို့ | ၅၀ | ၅၀၀၀၀ | |
| ၃ | နတ်မောက်မြို့ | ၈ | ၂၅၀၀၀ | |
| ၄ | ဖားကန့်မြို့ | ၇၃ | ၁၀၀၀၀၀ | |
| ၅ | စစ်ကိုင်းမြို့ | ၁၃၀၀ | ၂၀၀၀၀၀ | |
| ၆ | တာချီလိတ်မြို့ | ၈၇ | ၁၀၀၀၀၀ | |
| ၇ | ညောင်ရွှေမြို့ | ၃၂ | ၇၀၀၀၀ | |
| ၈ | တောင်တွင်းကြီးမြို့ | ၉ | ၂၀၀၀၀၀ | |
| ၉ | ရန်ကုန်အရှေ့ပိုင်း တက္ကသိုလ်(သန်လျင်) | ၁၈၀ | ၇၀၀၀ | |
| ၁၀ | မကွေးတက္ကသိုလ် | ၁၃၄ | ၇၀၀၀ | |
| ၁၁ | ရန်ကုန်အဝေးသင် တက္ကသိုလ် | ၆၃ | ၈၀၀၀ | |

နိုင်ငံ့ဝန်ထမ်းတစ်ဦးချင်းစီ၏ရရှိသည့် အနိမ့်ဆုံးလစာနှုန်းထားမှာ တစ်သိန်းလေးသောင်းဖြစ်ပြီး ကျန်ဝန်ထမ်းများမှာလည်း အဆင့်လိုက် သတ်မှတ်လစာနှုန်းထားရရှိကြသူများ ဖြစ်ပါသည်။ အထက်ဖော်ပြပါဇယားတွင်ရရှိသည့် အနိမ့်ဆုံးထောက်ပံ့ကြေးမှာ CDM တစ်ဦးလျှင် သုံးသောင်းခန့်သာရှိရာ နိုင်ငံတော်မှသတ်မှတ်ထားသည့် နေ့စားအလုပ်သမားတစ်ဦး တစ်ရက်လေးထောင့်ရှစ်ရာကျပ်နှုန်းဖြင့် နှိုင်းယှဉ်ပါက CDM ဆောင်ရွက်သူများ၏ စည်းရုံးမှု၊ ဝါဒဖြန့်မှုနောက် CDM တွင် လိုက်ပါဆောင်ရွက်သူများ၏ မိသားစုစားဝတ်နေရေး ဘဝအခြေအနေမှာ များစွာစိတ်မကောင်းဖြစ်ဖွယ်ဖြစ်ပေါ်နေကြောင်း တွေ့ရှိရပါသည်။

CDM ဆောင်ရွက်ရာတွင်လည်း ပါဝင်ပြီးပါက ပြန်လည်ထွက်ခွာမှု မရှိနိုင်စေရေး အချက် ၁၀ ချက်ပါ ဝန်ခံကတိအမျိုးမျိုး၊ CDM အဖွဲ့၏ သတ်မှတ်ပုံစံအမျိုးမျိုး ဖြည့်စွက်ရပြီး အထောက်အထားသိမ်းယူထားခြင်းဖြင့် CDM ပါဝင်သည့်ဝန်ထမ်းများအနေဖြင့် ဆုတ်လည်းဆူး၊ စားလည်းရူးဖြစ်ရလျက် လတ်တလော မိသားစုစားဝတ်နေရေး၊ ဘဝရှင်သန်ရပ်တည်နေထိုင်ရေး၊ ရှေ့အနာဂတ်မှာ ပျက်သုဉ်းသွားမှုကိုလည်း စိတ်မကောင်းစွာ တွေ့ရှိရသည်။

သို့ဖြစ်၍ တရားမဝင် မိမိကိုယ်မိမိ ခန့်အပ်ထားသည့် လူပုဂ္ဂိုလ်တစ်ဦးမှ တရားဝင်နိုင်ငံ့ဝန်ထမ်းများအားCDM၌ပါဝင်လာစေရေး တရားမဝင်ခြိမ်းခြောက် ဖိအားပေးအကျပ်ကိုင်မှုအပေါ် နိုင်ငံ့ဝန်ထမ်းကောင်းများအနေဖြင့် စိုးရိမ်ထိတ်လန့်ကြောက်ရွံ့မှုမရှိကြစေရန် အသိပေးနှိုးဆော်ခြင်းဖြစ်ပြီး လာရောက်နှောင့်ယှက်ခြိမ်းခြောက်ပါက သက်ဆိုင်ရာရုံးဌာနနှင့် ရပ်ကွက်အလိုက်ရှိနေသည့် လုံခြုံရေးအဖွဲ့များနှင့် မှုလတိုင်ကြားရန် သတ်မှတ်ထားသည့် ဖုန်းနံပါတ်များသို့ အချိန်မီ အသိပေးအကြောင်းကြားပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

---

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၂၉၅၂၆၀၈၆ | ၂၀၀၉၃၄၄၂ | ၅၃၃၆၃၆ |
| ၂။ | အိန္ဒိယ | ၁၁၁၇၃၇၆၁ | ၁၀၈၃၉၈၉၄ | ၁၅၇၅၈၄ |
| ၃။ | ဘရာဇီး | ၁၀၇၉၆၅၀၆ | ၉၆၃၇၀၂၀ | ၂၆၁၁၈၈ |
| ၄။ | ရုရှား | ၄၃၀၁၁၅၉ | ၃၈၈၅၃၂၁ | ၈၈၂၈၅ |
| ၅။ | ဗြိတိန် | ၄၂၀၁၃၅၈ | ၃၀၉၆၅၆၄ | ၁၂၄၀၂၅ |
| ၆။ | ပြင်သစ် | ၃၈၃၅၅၉၅ | ၂၆၂၆၉၀ | ၈၇၈၃၅ |
| ၇။ | စပိန် | ၃၁၄၂၃၅၈ | ၂၇၂၂၃၀၄ | ၇၀၅၀၁ |
| ၈။ | အီတလီ | ၂၉၉၉၁၁၉ | ၂၄၅၃၇၀၆ | ၉၈၉၇၄ |
| ၉။ | တူရကီ | ၂၇၄၆၁၅၈ | ၂၆၀၁၁၃၇ | ၂၈၈၃၉ |
| ၁၀။ | ဂျာမနီ | ၂၄၈၄၃၀၆ | ၂၂၉၂၁၀၀ | ၇၂၀၀၇ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၁၃၆၈၀၆၉ | ၁၁၈၂၆၈၇ | ၃၇၀၂၆ |
| ၂။ | ဖိလစ်ပိုင် | ၅၈၇၇၀၄ | ၅၃၅၂၀၇ | ၁၂၄၂၃ |
| ၃။ | မလေးရှား | ၃၁၀၀၉၇ | ၂၈၆၉၀၄ | ၁၁၅၉ |
| ၄။ | မြန်မာ | ၁၄၂၀၁၇ | ၁၃၁၆၀၀ | ၃၂၀၀ |
| ၅။ | စင်ကာပူ | ၆၀၀၀၇ | ၅၉၈၅၇ | ၂၉ |
| ၆။ | ထိုင်း | ၂၆၂၄၁ | ၂၅၆၄၁ | ၈၅ |
| ၇။ | ဗီယက်နမ် | ၂၄၉၄ | ၁၉၂၀ | ၃၅ |
| ၈။ | ကမ္ဘောဒီးယား | ၉၃၂ | ၄၈၉ | ၀ |
| ၉။ | ဘရူနိုင်း | ၁၈၈ | ၁၈၂ | ၃ |
| ၁၀။ | လာအို | ၄၇ | ၄၂ | ၀ |

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

## ၂၀၁၂ ခုနှစ်၊ မတ်လ ၅ ရက်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၏ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် အခြေအနေများကို သက်ဆိုင်ရာမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီး ဌာနဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့နှင့်အတူ မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

မြေပြင်စစ်ဆေးချက်များအရ ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်တွင် မဲရုံပေါင်း ၁၂၃ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၁၄၀၃၁၄ ဖြစ်ပြီး၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၇၈၇၅၈၊ ကျန်ရှိရမည့်အရေအတွက်မှာ ၆၁၅၅၆၊ မြေပြင်လက်ကျန် ၅၅၈၀၄ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ မဲရုံများအလိုက် မဲလက်မှတ် အပို/ အလိုများ တွေ့ရှိရပြီး ကျန်ရှိရမည့်အရေအတွက်ထက် လျော့နည်းပျောက်ဆုံးနေသော မဲလက်မှတ်အရေအတွက်မှာ ၁၁၇၄၅ ဖြစ်ပြီး တရားမဝင်အပိုသုံး မဲလက်မှတ်အရေအတွက်မှာ ၅၉၉၃ ဖြစ်သည်။ စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

### တာမွေမြို့နယ် ပြည်သူ့လွှတ်တော် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပိုသုံး | |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၁၂၇၀၅၀ | ၇၆၅၇၂ | ၅၀၄၇၈ | ၄၄၇၂၆ | ၁၁၇၄၅ | ၅၉၉၃ | |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၂၁၈၆ | ၂၁၈၆ | - | - | - | - | |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၁၁၀၇၈ | - | ၁၁၀၇၈ | ၁၁၀၇၈ | - | - | |
| | စုစုပေါင်း | ၁၄၀၃၁၄ | ၇၈၇၅၈ | ၆၁၅၅၆ | ၅၅၈၀၄ | ၁၁၇၄၅ | ၅၉၉၃ | |

တာမွေမြို့နယ်တွင် မဲရုံအသုံးပြု ဆန္ဒမဲလက်မှတ်များ ချိပ်ပိတ်သိမ်းဆည်းအပ်နှံပြီးနောက်ပိုင်း ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် မဲရုံမှူးများလက်ဝယ်၌ အကြောင်းအမျိုးမျိုးကြောင့် ကျန်ရှိနေသည့် အသုံးပြုပြီး ဆန္ဒမဲလက်မှတ်ဖြတ်ပိုင်း ၁၅၃ စောင်နှင့် အသုံးမပြုရသေးသည့် မဲလက်မှတ် ၂၈၄၉ စောင်တို့အား ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ ထပ်မံအပ်နှံလာသဖြင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် ရောနှောထုပ်ပိုးသိမ်းဆည်းထားသည့်အတွက် သီးခြားထိန်းသိမ်းလက်မှတ်များအဖြစ် မြေပြင်တွင်စိစစ်တွေ့ရှိရပါသည်။

သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ၊ နည်းဥပဒေ ၆၆(ဇ)တွင် "မဲရုံပိတ်ချိန်တွင် မဲရုံမှူးသည် အောက်ပါတို့ကို အထုပ်တစ်ထုပ်စီထုပ်ပြီးလျှင် မိမိ၏ ချိပ်တံဆိပ်ကို ရိုက်နှိပ်ရမည်။ အထုပ်ပေါ်တွင် အထုပ်အတွင်းရှိ ပစ္စည်းအမျိုးအမည်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအမည်နှင့် မဲရုံအမှတ်တို့ကို ရေးသားရမည်။ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ မဲရုံကိုယ်စားလှယ် သို့မဟုတ် အကူကိုယ်စားလှယ်များအားလည်း မိမိတို့၏ချိပ်တံဆိပ်ကို ရိုက်နှိပ်လိုက ရိုက်နှိပ်ခွင့်ပြုပြီး ယင်းအထုပ်များကို အထုပ်ကြီးတစ်ထုပ် ပြုလုပ်ရမည်-

(၁) မသုံးဘဲကျန်နေသော ဆန္ဒမဲလက်မှတ်များ၊ လက်ခံဖြတ်ပိုင်းများနှင့် ပုံစံ(၁၆-၁)၊
(၂) မဲရုံတွင် အသုံးပြုသော မဲစာရင်း၊
(၃) ကြိုတင်ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်းများ၊
(၄) ပယ်မဲ ပုံစံ(၁၇)များ။" ဟု ပြဋ္ဌာန်းထားသည်။

မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင် လုပ်ငန်းလမ်းညွှန်တွင်လည်း အထက်ပါ နည်းဥပဒေအတိုင်း ဆောင်ရွက်ရန် ညွှန်ကြားထားပြီးဖြစ်ပါသည်။

ရပ်ကွက်မဲရုံ ၃၇ ရုံတို့တွင် ထုတ်ပေးထားသော မဲလက်မှတ်အရေအတွက်ထက် အသုံးပြုအရေအတွက်မှာ ပိုမိုနေသည်ကို တွေ့ရှိရပါသည်။ အဆိုပါ မဲရုံများတွင် မဲလက်မှတ် အပိုသုံးစွဲမှုမှာ အောက်ပါအတိုင်းဖြစ်ပြီး အပိုမဲလက်မှတ်များကို ပိုမိုရိုက်နှိပ်သုံးစွဲကြောင်း တွေ့ရှိရပါသည်။

### တာမွေမြို့နယ် ရပ်ကွက်မဲရုံအလိုက် ဆန္ဒမဲလက်မှတ်အသုံးပြုမှုအပိုစာရင်း

| စဉ် | အုပ်စုအမည် | မဲရုံအမှတ် | ထုတ်ပေးရွက်ရေ | အသုံးပြု | အပိုရွက်ရေ |
|---|---|---|---|---|---|
| ၁ | မအူကုန်း | ၄ | ၁၇၀၀ | ၁၇၅၀ | ၅၀ |
| ၂ | မအူကုန်း | ၅ | ၁၆၀၀ | ၁၆၅၀ | ၅၀ |
| ၃ | ပုဏ္ဏားကုန်း | ၂ | ၁၃၅၀ | ၁၄၄၈ | ၉၈ |
| ၄ | အရိုးကုန်း | ၃ | ၇၀၀ | ၇၀၈ | ၈ |
| ၅ | အရိုးကုန်း | ၄ | ၈၀၀ | ၈၅၂ | ၅၂ |
| ၆ | အရိုးကုန်း | ၇ | ၆၀၀ | ၆၅၀ | ၅၀ |
| ၇ | နတ်မောက် | ၁ | ၇၀၀ | ၇၅၀ | ၅၀ |
| ၈ | နတ်မောက် | ၂ | ၈၀၀ | ၈၅၀ | ၅၀ |
| ၉ | ကျောက်မြောင်း(အရှေ့) | ၄ | ၉၅၀ | ၉၆၀ | ၁၀ |
| ၁၀ | ကျောက်မြောင်း(အရှေ့) | ၅ | ၇၀၀ | ၇၄၉ | ၄၉ |
| ၁၁ | ဗိုလ်ရေအိုးစင်ကွက်သစ် | ၁ | ၁၁၅၀ | ၁၂၀၀ | ၅၀ |
| ၁၂ | ဗိုလ်ရေအိုးစင်ကွက်သစ် | ၃ | ၇၅၀ | ၈၀၃ | ၅၃ |
| ၁၃ | ဗိုလ်ရေအိုးစင်ကွက်သစ် | ၄ | ၅၀၀ | ၇၀၀ | ၂၀၀ |
| ၁၄ | ဗိုလ်ရေအိုးစင်ရွာမ | ၁ | ၁၀၀၀ | ၁၀၇၃ | ၇၃ |
| ၁၅ | ဗိုလ်ရေအိုးစင်ရွာမ | ၄ | ၁၄၀၀ | ၁၄၆၃ | ၆၃ |
| ၁၆ | မလွှကုန်းဈေးကြွယ်(က) | ၄ | ၇၅၀ | ၁၄၈၅ | ၇၃၅ |
| ၁၇ | တာမွေကြီး(ခ) | ၅ | ၈၀၀ | ၈၀၉ | ၉ |
| ၁၈ | တာမွေကြီး(ခ) | ၆ | ၇၅၀ | ၈၆၅ | ၁၁၅ |
| ၁၉ | တာမွေကြီး(ခ) | ၇ | ၁၀၅၀ | ၁၁၅၀ | ၁၀၀ |
| ၂၀ | တာမွေကြီး(ခ) | ၈ | ၁၀၀၀ | ၁၀၅၃ | ၅၃ |
| ၂၁ | တာမွေကြီး(ခ) | ၉ | ၁၃၀၀ | ၁၅၁၂ | ၂၁၂ |
| ၂၂ | တာမွေကြီး(က+ဂ) | ၈ | ၇၀၀ | ၇၅၀ | ၅၀ |
| ၂၃ | မေတ္တာညွန့် | ၁ | ၉၅၀ | ၁၀၁၄ | ၆၄ |
| ၂၄ | မေတ္တာညွန့် | ၆ | ၄၅၀ | ၄၆၃ | ၁၃ |
| ၂၅ | မေတ္တာညွန့် | ၇ | ၁၄၅၀ | ၁၅၀၀ | ၅၀ |
| ၂၆ | မေတ္တာညွန့် | ၉ | ၇၀၀ | ၇၅၂ | ၅၂ |
| ၂၇ | မေတ္တာညွန့် | ၁၀ | ၁၁၀၀ | ၁၂၀၀ | ၁၀၀ |
| ၂၈ | မေတ္တာညွန့် | ၁၁ | ၅၀၀ | ၅၅၀ | ၅၀ |
| ၂၉ | မေတ္တာညွန့် | ၁၂ | ၁၃၅၀ | ၁၄၀၀ | ၅၀ |
| ၃၀ | မေတ္တာညွန့် | ၁၄ | ၁၀၅၀ | ၁၁၀၀ | ၅၀ |
| ၃၁ | မေတ္တာညွန့် | ၁၅ | ၅၀၀ | ၅၅၀ | ၅၀ |
| ၃၂ | မေတ္တာညွန့် | ၁၆ | ၁၁၀၀ | ၁၁၅၅ | ၅၅ |
| ၃၃ | မေတ္တာညွန့် | ၁၇ | ၁၅၀၀ | ၁၆၀၀ | ၁၀၀ |
| ၃၄ | နတ်ချောင်း | ၄ | ၁၀၅၀ | ၁၁၂၅ | ၇၅ |
| ၃၅ | တာမွေလေး | ၁ | ၃၀၀ | ၃၅၀ | ၅၀ |
| ၃၆ | တာမွေလေး | ၆ | ၄၅၀ | ၅၀၀ | ၅၀ |
| ၃၇ | မာန်အောင် | ၁ | ၈၀၀ | ၈၀၂ | ၂ |
| | ရပ်/ကျေး၊ မဲရုံမှူးမှ အပ် | | | | ၃၀၀၂ |
| | စုစုပေါင်း | | ၃၄၃၀၀ | ၃၇၂၉၁ | ၅၉၉၃ |

ရပ်ကွက်မဲရုံ ၇၂ ရုံတို့တွင် ပျောက်ဆုံးနေသော မဲလက်မှတ်အရေအတွက်မှာ အောက်ပါ အတိုင်းဖြစ်ပါသည်-

### တာမွေမြို့နယ် ရပ်ကွက်မဲရုံအလိုက် ဆန္ဒမဲလက်မှတ်ပျောက်ဆုံးစာရင်း

| စဉ် | ရပ်ကွက်အမည် | မဲရုံအမှတ် | ထုတ်ပေးရွက်ရေ | အသုံးပြု | ပျောက်ဆုံးရွက်ရေ |
|---|---|---|---|---|---|
| ၁ | မအူကုန်း | ၁ | ၁၇၀၀ | ၁၁၄၉ | ၅၅၁ |
| ၂ | မအူကုန်း | ၂ | ၁၈၅၀ | ၁၇၀၀ | ၁၅၀ |
| ၃ | မအူကုန်း | ၃ | ၁၇၅၀ | ၁၆၅၄ | ၉၆ |
| ၄ | ပုဏ္ဏားကုန်း | ၁ | ၁၇၀၀ | ၁၅၀၀ | ၂၀၀ |
| ၅ | အရိုးကုန်း | ၁ | ၆၅၀ | ၆၃၅ | ၁၅ |
| ၆ | အရိုးကုန်း | ၂ | ၈၀၀ | ၇၄၉ | ၅၁ |
| ၇ | အရိုးကုန်း | ၅ | ၈၅၀ | ၈၄၉ | ၁ |
| ၈ | အရိုးကုန်း | ၆ | ၁၀၅၀ | ၉၃၁ | ၁၁၉ |
| ၉ | အရိုးကုန်း | ၉ | ၆၅၀ | ၆၂၆ | ၂၄ |
| ၁၀ | နတ်မောက် | ၃ | ၇၀၀ | ၆၉၈ | ၂ |
| ၁၁ | ဘိုလိန်းအောင်မင်္ဂလာ | ၁ | ၁၂၀၀ | ၉၃၈ | ၂၆၂ |
| ၁၂ | ဘိုလိန်းအောင်မင်္ဂလာ | ၂ | ၁၅၀၀ | ၁၃၀၀ | ၂၀၀ |
| ၁၃ | ဘိုလိန်းအောင်မင်္ဂလာ | ၃ | ၅၀၀ | ၄၅၀ | ၅၀ |
| ၁၄ | ကျောက်မြောင်းကြီး | ၁ | ၇၀၀ | ၅၉၅ | ၁၀၅ |

စာမျက်နှာ ၉ သို့ ○

❍ စာမျက်နှာ ၈ မှ

| စဉ် | ရပ်ကွက်အမည် | မဲရုံအမှတ် | ထုတ်ပေးရွက်ရေ | အသုံးပြု | ပျောက်ဆုံးရွက်ရေ |
|---|---|---|---|---|---|
| ၁၅ | ကျောက်မြောင်းကြီး | ၂ | ၁၁၀၀ | ၁၀၉၈ | ၂ |
| ၁၆ | ကျောက်မြောင်းကြီး | ၃ | ၁၃၀၀ | ၁၂၀၀ | ၁၀၀ |
| ၁၇ | ကျောက်မြောင်းကြီး | ၄ | ၁၃၅၀ | ၁၂၀၀ | ၁၅၀ |
| ၁၈ | ကျောက်မြောင်းကြီး | ၅ | ၁၆၀၀ | ၁၃၅၀ | ၂၅၀ |
| ၁၉ | ကျောက်မြောင်းကြီး | ၇ | ၁၁၅၀ | ၁၁၀၀ | ၅၀ |
| ၂၀ | ကျောက်မြောင်းကြီး | ၉ | ၈၅၀ | ၆၀၀ | ၂၅၀ |
| ၂၁ | ကျောက်မြောင်းကြီး | ၁၀ | ၈၀၀ | ၆၀၀ | ၂၀၀ |
| ၂၂ | ကျောက်မြောင်းအထက် | ၁ | ၁၁၀၀ | ၉၅၀ | ၁၅၀ |
| ၂၃ | ကျောက်မြောင်းအထက် | ၂ | ၁၄၅၀ | ၁၁၅၀ | ၃၀၀ |
| ၂၄ | ကျောက်မြောင်းအထက် | ၃ | ၁၁၀၀ | ၁၀၄၉ | ၅၁ |
| ၂၅ | ကျောက်မြောင်း(အရှေ့) | ၁ | ၈၅၀ | ၆၅၀ | ၂၀၀ |
| ၂၆ | ကျောက်မြောင်း(အရှေ့) | ၂ | ၉၅၀ | ၉၄၈ | ၂ |
| ၂၇ | ပုသိမ်ညွန့် | ၁ | ၁၁၀၀ | ၉၀၀ | ၂၀၀ |
| ၂၈ | ပုသိမ်ညွန့် | ၂ | ၁၀၀၀ | ၇၅၁ | ၂၄၉ |
| ၂၉ | ပုသိမ်ညွန့် | ၃ | ၁၁၅၀ | ၉၄၈ | ၂၀၂ |
| ၃၀ | ပုသိမ်ညွန့် | ၄ | ၆၀၀ | ၃၉၅ | ၂၀၅ |
| ၃၁ | ပုသိမ်ညွန့် | ၅ | ၉၅၀ | ၆၅၁ | ၂၉၉ |
| ၃၂ | ပုသိမ်ညွန့် | ၆ | ၁၀၀၀ | ၄၅၀ | ၅၅၀ |
| ၃၃ | ပုသိမ်ညွန့် | ၇ | ၇၅၀ | ၆၀၀ | ၁၅၀ |
| ၃၄ | ပုသိမ်ညွန့် | ၈ | ၉၅၀ | ၇၅၂ | ၁၉၈ |
| ၃၅ | ကျားကွက်သစ် | ၁ | ၈၀၀ | ၇၈၉ | ၁၁ |
| ၃၆ | ကျားကွက်သစ် | ၂ | ၁၁၀၀ | ၁၀၂၇ | ၇၃ |
| ၃၇ | ကျားကွက်သစ် | ၃ | ၁၃၀၀ | ၁၂၃၁ | ၆၉ |
| ၃၈ | ကျားကွက်သစ် | ၄ | ၁၁၀၀ | ၁၀၇၂ | ၂၈ |
| ၃၉ | ကျားကွက်သစ် | ၅ | ၈၀၀ | ၇၀၀ | ၁၀၀ |
| ၄၀ | ကျားကွက်သစ် | ၆ | ၁၄၀၀ | ၈၃၄ | ၅၆၆ |
| ၄၁ | ကျားကွက်သစ် | ၇ | ၁၃၅၀ | ၁၀၅၂ | ၂၉၈ |
| ၄၂ | ကျားကွက်သစ် | ၈ | ၈၀၀ | ၇၆၀ | ၄၀ |
| ၄၃ | ဖျိုင်းရေအိုးစင်ကွက်သစ် | ၂ | ၈၀၀ | ၇၀၀ | ၁၀၀ |
| ၄၄ | ဖျိုင်းရေအိုးစင်ကွက်သစ် | ၅ | ၆၀၀ | ၅၅၀ | ၅၀ |
| ၄၅ | ဖျိုင်းရေအိုးစင်ရွာမ | ၂ | ၇၅၀ | ၆၉၄ | ၅၆ |
| ၄၆ | ဖျိုင်းရေအိုးစင်ရွာမ | ၅ | ၁၀၀၀ | ၉၇၀ | ၃၀ |
| ၄၇ | မလွကုန်းဌေးကြွယ်(က) | ၁ | ၁၁၅၀ | ၇၅၀ | ၄၀၀ |
| ၄၈ | မလွကုန်းဌေးကြွယ်(က) | ၂ | ၁၀၅၀ | ၇၅၀ | ၃၀၀ |
| ၄၉ | မလွကုန်းဌေးကြွယ်(က) | ၃ | ၁၀၅၀ | ၇၅၀ | ၃၀၀ |
| ၅၀ | မလွကုန်းဌေးကြွယ်(က) | ၅ | ၈၅၀ | ၇၅၀ | ၁၀၀ |
| ၅၁ | မလွကုန်းဌေးကြွယ်(က) | ၆ | ၁၃၀၀ | ၇၅၀ | ၅၅၀ |
| ၅၂ | မလွကုန်းဌေးကြွယ်(က) | ၇ | ၁၁၅၀ | ၉၅၀ | ၂၀၀ |
| ၅၃ | တာမွေကြီး(ခ) | ၁ | ၁၆၅၀ | ၁၅၀၀ | ၁၅၀ |
| ၅၄ | တာမွေကြီး(ခ) | ၂ | ၁၃၀၀ | ၉၅၇ | ၃၄၃ |
| ၅၅ | တာမွေကြီး(ခ) | ၃ | ၁၂၀၀ | ၁၁၆၀ | ၄၀ |
| ၅၆ | တာမွေကြီး(ခ) | ၄ | ၁၆၅၀ | ၁၅၃၅ | ၁၁၅ |
| ၅၇ | တာမွေကြီး(က+ဂ) | ၁ | ၁၃၅၀ | ၁၁၄၉ | ၂၀၁ |
| ၅၈ | တာမွေကြီး(က+ဂ) | ၂ | ၁၂၅၀ | ၁၁၀၀ | ၁၅၀ |
| ၅၉ | တာမွေကြီး(က+ဂ) | ၃ | ၁၈၀၀ | ၁၇၅၀ | ၅၀ |
| ၆၀ | တာမွေကြီး(က+ဂ) | ၄ | ၁၉၀၀ | ၁၃၉၉ | ၅၀၁ |
| ၆၁ | တာမွေကြီး(က+ဂ) | ၅ | ၁၉၅၀ | ၁၇၀၀ | ၂၅၀ |
| ၆၂ | တာမွေကြီး(က+ဂ) | ၇ | ၈၅၀ | ၈၀၂ | ၄၈ |
| ၆၃ | မေတ္တာညွန့် | ၃ | ၁၁၅၀ | ၁၀၀၀ | ၁၅၀ |
| ၆၄ | မေတ္တာညွန့် | ၄ | ၆၅၀ | ၆၀၀ | ၅၀ |
| ၆၅ | မေတ္တာညွန့် | ၈ | ၁၃၀၀ | ၁၀၅၃ | ၂၄၇ |
| ၆၆ | မေတ္တာညွန့် | ၁၃ | ၁၂၀၀ | ၁၀၅၀ | ၁၅၀ |
| ၆၇ | နတ်ချောင်း | ၁ | ၁၂၀၀ | ၁၁၂၉ | ၇၁ |
| ၆၈ | နတ်ချောင်း | ၂ | ၇၅၀ | ၆၆၃ | ၈၇ |
| ၆၉ | နတ်ချောင်း | ၃ | ၁၃၀၀ | ၁၁၅၂ | ၁၄၈ |
| ၇၀ | တာမွေလေး | ၃ | ၆၅၀ | ၆၁၁ | ၃၉ |
| ၇၁ | တာမွေလေး | ၄ | ၅၀၀ | ၄၀၂ | ၉၈ |
| ၇၂ | မာန်အောင် | ၂ | ၉၅၀ | ၉၄၈ | ၂ |
| စုစုပေါင်း | | | ၇၉၆၀၀ | ၆၇၈၅၅ | ၁၁၇၄၅ |

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွက် ဆန်စပါးဝယ်ယူခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် မတ် ၅**

၂၀၂၀–၂၀၂၁ ဘဏ္ဍာနှစ်အတွက် ဆန်စပါးဝယ်ယူခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၃ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ(၁)၌ Virtual စနစ်ဖြင့် ကျင်းပသည်။



အစည်းအဝေးတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းက နိုင်ငံတော်အနေဖြင့် တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေးဥပဒေအရ နှစ်စဉ်အခြေခံရည်ညွှန်းစပါးဈေးနှုန်းကို ထုတ်ပြန်ကြေညာပြီး စပါးပေါ်ချိန်တွင် အခြေခံရည်ညွှန်းစပါး ဈေးနှုန်းအောက်ကျရောက်သည့်ဒေသများ၌ တောင်သူလယ်သမားများထံမှ စပါးဝယ်ယူခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုနှစ်တွင်လည်း အခြေခံရည်ညွှန်းစပါးဈေးနှုန်းကို စပါးတင်း ၁၀၀ လျှင် ငွေကျပ် ၅၂၀၀၀၀ ကြေညာခဲ့ပြီး မိုးစပါးစတင်ထွက်ပေါ်လာသည့် အောက်တိုဘာ၊ နိုဝင်ဘာလများတွင် အခြေခံရည်ညွှန်းစပါးဈေးနှုန်းအောက် လျော့နည်းခဲ့သည့် ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင်စပါးတင်း နှစ်သိန်းကိုးသောင်းကျော်ကို အခြေခံရည်ညွှန်းစပါးဈေးနှုန်းဖြင့် တောင်သူများထံမှ ဝယ်ယူပေးခဲ့ကြောင်း၊ မကြာမီကာလအတွင်း နွေစပါးများ ထွက်ပေါ်လာတော့မည်ဖြစ်၍ တိုင်းဒေသကြီး/ပြည်နယ်စပါး၊ ဆန်ဝယ်ယူရေးကြီးကြပ်မှုလုပ်ငန်းအဖွဲ့များအနေဖြင့် လိုအပ်ပါက စပါးဝယ်ယူပေးနိုင်ရေး ကြိုတင်စီမံဆောင်ရွက်ထားကြရန် မှာကြားသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသူများက တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေအရ ဆောင်ရွက်သည့် စပါး၊ ဆန်ဝယ်ယူရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးနှင့် မကြာမီကာလအတွင်း နွေစပါးများ ထွက်ပေါ်လာတော့မည်ဖြစ်၍ တောင်သူများ စိုက်ပျိုးထုတ်လုပ်မှုကုန်ကျစရိတ် ကာမိစေရေးနှင့် ထိုက်သင့်သည့် အကျိုးအမြတ်များရရှိစေရေး ကြိုတင်မျှော်မှန်း၍ အစီအမံများရေးဆွဲဆောင်ရွက်နိုင်ရန် ကိစ္စရပ်များကို ဝိုင်းဝန်းဆွေးနွေးကြပြီး ဆွေးနွေးအကြံပြုချက်များကို ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းပေးသည်။

အစည်းအဝေးသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဧရာဝတီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ ဧရာဝတီတိုင်းဒေသကြီး စပါး၊ ဆန်ဝယ်ယူကြီးကြပ်မှုလုပ်ငန်းအဖွဲ့ အတွင်းရေးမှူး၊ မြန်မာကုန်ပစ္စည်းစစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက်၊ ဧရာဝတီတိုင်း ဆန်စက်လုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးကြကြောင်း သိရသည်။

**သတင်းစဉ်**

**ကမ္ဘာ့အပူချိန်လျော့ချဖို့ အိုဇုန်းလွှာ ကာကွယ်မှုနဲ့အတူ ဆက်လက်ဆောင်ရွက်စို့**

# အသုံးချကြသူများ

**သန့်နေစိုး**

ဆူပူအုံကြွမှုတွေအတွက် သည်းခံကာလ ကုန်သွားပါပြီ။ ရှေ့လျှောက် ဖြိုခွဲမှု၊ အရေးယူမှုတွေ လာတော့မှာပါ။ အစိုးရတစ်ရပ်ဟာ နိုင်ငံတွင်းမှာဖြစ်နေတဲ့ ဘယ်လိုမငြိမ်သက်မှုမျိုးကိုမဆို ဥပဒေနဲ့ နည်းလမ်းတွေသုံးပြီး ထိန်းချုပ်ခွင့်ရှိပါတယ်။ ထိန်းလည်းထိန်းချုပ်မှာဖြစ်တယ်။ အကူးအပြောင်းကလည်း အခြေအနေတွေ ဘယ်လောက်တည်ငြိမ်တယ်ဆိုတဲ့အပေါ်မူတည်တယ်။ အခုလိုတွေ ဖြစ်မလာခင်ကတည်းက ကျွန်တော်သတိပေးမှတ်ချက်တချို့ရေးဖူးတယ်။ ထုံးစံအတိုင်း ဆဲဆိုခံလိုက်ရတယ်။ စေတနာမှန်နဲ့ပြောတာ ဟုတ်၊ မဟုတ် အသိဉာဏ်ရှိရင် နားလည်နိုင်ပါတယ်။

CRPH ဆိုတာလည်း ၁၉၉၀ နိုင်ငံရေးသမိုင်းကို မသိတဲ့လူတွေ စိတ်ကုန်မသွားအောင်ပေးတဲ့ မက်လုံးပဲ။ CDM ဆိုတာလည်း ဗကပနည်းလမ်း သပိတ်တိုက်ပွဲပဲ။ သံအမတ်ဆိုသူကလည်း သူ့ကိုယ်ကျိုးစီးပွားအတွက် အမေရိကန်မှာ နိုင်ငံရေးခိုလှုံခွင့်ရဖို့ စတန့်ထွင်တာ။ သူ့လုပ်ရပ်က ပြည်တွင်းထဲက တပ်ပြေးနဲ့ရဲပြေးတွေ မထူးဇာတ်ခင်းပြီး ဆန္ဒပြသူတွေနဲ့ ပူးပေါင်းတဲ့အကွက်ထက်

> **CRPH ဆိုတာလည်း ၁၉၉၀ နိုင်ငံရေးသမိုင်းကို မသိတဲ့လူတွေ စိတ်ကုန်မသွားအောင်ပေးတဲ့ မက်လုံးပဲ။ CDM ဆိုတာလည်း ဗကပ နည်းလမ်းသပိတ်တိုက်ပွဲပဲ။ သံအမတ်ဆိုသူကလည်း သူ့ကိုယ်ကျိုးစီးပွားအတွက် အမေရိကန်မှာ နိုင်ငံရေးခိုလှုံခွင့်ရဖို့ စတန့်ထွင်တာ။ သူ့လုပ်ရပ်က ပြည်တွင်းထဲက တပ်ပြေးနဲ့ရဲပြေးတွေ မထူးဇာတ်ခင်းပြီး ဆန္ဒပြသူတွေနဲ့ ပူးပေါင်းတဲ့အကွက်ထက် မပိုဘူး။ ဒါကိုပဲ ဘာအကျိုးမှမရှိဘဲ ကလေးတွေရဲ့ ဘဝတွေ၊ အသက်တွေနဲ့ အနာဂတ်တွေကို ချနင်းရက်တယ်။**

မပိုဘူး။ ဒါကိုပဲ ဘာအကျိုးမှမရှိဘဲ ကလေးတွေရဲ့ ဘဝတွေ၊ အသက်တွေနဲ့ အနာဂတ်တွေကို ချနင်းရက်တယ်။

ကျွန်တော်ပြောဖူးသလိုပါပဲ။ တရားလွန်ဆူပူထကြွရင် တပ်မတော်အနေနဲ့ ဒီအခြေအနေတွေကို ထိန်းဖို့ Zero Setting ချမှာပါ။ အာဏာသိမ်းကောင်း သိမ်းနိုင်ပါတယ်။ တပ်မတော်အစိုးရက အစားထိုးတဲ့ ရပ်ကျေးအုပ်ချုပ်ရေးမှူးတွေကို ရန်ပြုလွန်းရင် အရပ်သားအုပ်ချုပ်ရေးနေရာမှာ စစ်တိုင်းမှူးတွေ အစားထိုးလာနိုင်ပါတယ်။ အုပ်ချုပ်ရေးကာလ ကြာသွားသည်ရှိသော် အခုဆူပူအုံကြွနေတဲ့ အုပ်စုတွေရဲ့ လက်ချက်ပါပဲ။

နောက်တစ်ခု ဆူပူအုံကြွမှု ( Riot) ဆိုတာ ဖြိုခွဲခံရခြင်းနဲ့ပဲ အဆုံးသတ်တာပါ။ ဆူပူအုံကြွဖို့ လှုံ့ဆော်သူတွေကို ဖမ်းဆီးမှာပါ။ ဥပဒေတွေကို လိုအပ်သလို ပြင်ဆင်ထုတ်ပြန်ပြီး တည်ငြိမ်အောင်လုပ်မှာပါ။ အခုရာဇသတ်ကြီး ဥပဒေပုဒ်မတွေကို ပြင်ဆင်ထားတာက အလကားမဟုတ်ဘူး။ မိုက်လုံးကြီးပြီး ဝင်တိုးလို့ ဘဝပျက်ကြရင်တော့ ကိုယ့်ထိုက်နဲ့ ကိုယ့်ကံပါပဲ။

အခုဖြစ်ပုံက ရာဇဝတ်ကြောင်းအရ အရေးယူဖယ်ရှားခံရတဲ့ ရာဇဝတ်သားတွေ အာဏာပြန်ရဖို့ လူထုက ဆူပူအုံကြွနေတာပါ။ သိပ်မှားပါတယ်။ မှားတာမှ တကယ့်အမှားအကြီးကြီးပါ။ ဒီကြားထဲ ရာဇဝတ်သားတွေက အေးအေးဆေးဆေးမနေဘဲ စင်ပြိုင်အစိုးရဖွဲ့ပြီး နိုင်ငံတော်ကို ပုန်ကန်မှုပါ ကျူးလွန်တဲ့အခါ ဒါကြီးက လုံးဝအပြီးပါပဲ။

ကျွန်တော်စိတ်ကုန်တာက အခုလို အမှားယွင်းကြီးတွေနဲ့ ကျရှုံးမယ့်အရေးတော်ပုံကြီးထဲ ဘာလို့ လူငယ်တွေကို အတင်းထိုးကျွေးနေသလဲ။

အာဏာရှင်မဆန်လို့ အတတ်နိုင်ဆုံး ပျော့ပျောင်းနေတဲ့တပ်မတော်ကို ဘာလို့အတင်းထိပ်တိုက်တိုး စိန်ခေါ်နေကြသလဲ။

တပ်မတော်အစိုးရကတော့ ရှင်းပါတယ်။

> **အရည်မရ၊ အဖတ်မရ၊ လူတွေသေအောင် CDM လုပ်ခိုင်းခဲ့တဲ့လူတွေ၊ ကိုယ်အာဏာပြန်ရဖို့ လူငယ်တွေကို လမ်းပေါ်တင်တဲ့ လူတွေ၊ ကိုယ်ဆန္ဒပြတော့ လုံခြုံရေးပါမချန် ခဲနဲ့ထု၊ ဆဲဆိုရန်စပြီးသူများတွေ ဆန္ဒပြတော့ သံပုံးတီးတဲ့ လက်သစ်အာဏာရှင်စိတ်ဓာတ်ကို ရှုတ်ချပါတယ်။ ယဉ်ကျေးမှုမရှိတဲ့ အရိုင်းအစိုင်းကီးဘုတ်ဖိုက်တာဆိုသူတွေ အားလုံးကိုရှုတ်ချပါတယ်။ ဘာဂုဏ်သိက္ခာမှမရှိတဲ့ မဲသူခိုးပြန်လာရေးအရေးတော်ပုံကြီးမှာ သေကျေ၊ ဘဝပျက်၊ ဖမ်းဆီးခံရတဲ့ လူတွေအားလုံးဟာ ခင်ဗျားတို့ရဲ့ လက်ချက်ကြောင့်သာဖြစ်ပါတယ်။**

ရုတ်တရက်ပြောင်းလဲသွားတဲ့ အနေအထားမှာ ဘုံပျောက်သွားတဲ့ သူတွေရဲ့ဒေါသကို စာနာသောအားဖြင့် သည်းခံကာလ တစ်လထားပေးခဲ့ပြီးပါပြီ။

အဲဒီတစ်လအတွင်း သံပုံးတွေလည်း စိတ်တိုင်းကျ တီးပြီးလို့ သက်ကြီးရွယ်အိုတွေလည်း သေပြီးပြီ။ ပြည်သူအချင်းချင်း နားဒုက္ခ၊ စိတ်ဒုက္ခလည်း ပေးပြီးပြီ။

CDM လုပ်ပါတယ်ဆိုပြီး ဆရာဝန်တွေက လူနာတွေကို ပစ်ထားလို့ အပစ်မဲ့လူနာတွေလည်း သေကြပြီးပြီ။

CDM မှာမပါဝင်တဲ့ ပြည်သူတွေ၊ ဝန်ထမ်းတွေကို လိုင်းပေါ်တင်အရှက်ခွဲပြီး အကြမ်းဖက်ခဲ့ပြီးပြီ။ ကားတွေပိတ်လို့ ဆေးရုံမသွားနိုင်တဲ့ လူမမာတွေလည်း သေခဲ့ပြီးပြီ။

ရပ်ကွက်ကင်းစောင့်ပါတယ်ဆိုပြီး ပရဟိတကားပါမချန် လူအုပ်ကြီးနဲ့ဝိုင်းရိုက်ခဲ့ပြီးပြီ။

ကျပ်မပြည့် မတ်မပြည့်ကလေးတွေကလည်း ကျိန်စာတွေတိုက်လိုတိုက် အမျိုးမျိုးစော်ကားခဲ့ပြီးပြီ။ တော်လောက်ပါပြီ။ တစ်ခွန်းတည်းပြောရရင် တော်လောက်ပါပြီ။

မဲသူခိုးတွေ ပြုတ်ကျလို့ ရှုံးသွားမယ့်လူတွေထဲ တစ်ပြည်လုံးက ပြည်သူတွေ ပါဝင်နေတာ မဟုတ်ပါဘူး။ ဆန္ဒပြတာ၊ ဆူပူအုံကြွတာဟာ ဘဝမဟုတ်ဘူး။ တည်ငြိမ်ဖို့လိုပါတယ်။

ကျွန်တော်တို့စီးပွားရေးတွေ၊ ငြိမ်းချမ်းရေးနဲ့ ပညာရေးတွေ ပြန်တည်ဆောက်ဖို့လိုတယ်။ ဘဝတွေ၊ အနာဂတ်တွေ ရှေ့ဆက်ဖို့လိုတာမို့ အကြာကြီး အုံကြွနေတာကို မလိုလားပါဘူး။ စိတ်ရှုပ်ပါတယ်။ တပ်မတော်ကလည်း ခွင့်ပြုမှာမဟုတ်ပါဘူး။ ဒီအခြေအနေကို ထိန်းချုပ်မှာပါ။

တပ်မတော်ဘာပြောပြော၊ ဘာတွေပဲရှင်းပြပါစေ၊ နားလည်ကြမှာမဟုတ်တဲ့အတူတူ Action ယူလိုက်တာကပဲ အမြန်ဆုံးဖြစ်ပါလိမ့်မယ်။

အရည်မရ၊ အဖတ်မရ၊ လူတွေသေအောင် CDM လုပ်ခိုင်းခဲ့တဲ့လူတွေ၊ ကိုယ်အာဏာပြန်ရဖို့ လူငယ်တွေကို လမ်းပေါ်တင်တဲ့ လူတွေ၊ ကိုယ်ဆန္ဒပြတော့ လုံခြုံရေးပါမချန် ခဲနဲ့ထု၊ ဆဲဆိုရန်စပြီး သူများတွေ ဆန္ဒပြတော့ သံပုံးတီးတဲ့ လက်သစ်အာဏာရှင်စိတ်ဓာတ်ကို ရှုတ်ချပါတယ်။ ယဉ်ကျေးမှုမရှိတဲ့ အရိုင်းအစိုင်းကီးဘုတ်ဖိုက်တာဆိုသူတွေ အားလုံးကိုရှုတ်ချပါတယ်။ ဘာဂုဏ်သိက္ခာ မှမရှိတဲ့ မဲသူခိုးပြန်လာရေးအရေးတော်ပုံကြီးမှာ သေကျေ၊ ဘဝပျက်၊ ဖမ်းဆီးခံရတဲ့ လူတွေအားလုံးဟာ ခင်ဗျားတို့ရဲ့ လက်ချက်ကြောင့်သာဖြစ်ပါတယ်။

နိုင်ငံတော်ကြီး တည်ငြိမ်ပါစေ။ အမှန်တရားသည်သာ အနိုင်ရပါစေ။

**( ၄-၃-၂၀၂၁ နေ့ထုတ် Golden Hand ဂျာနယ်တွင် ဖော်ပြခဲ့သည့် ဆောင်းပါးရှင် သန့်နေစိုး ၏ "အသုံးချကြသူများ" ဆောင်းပါးကို Golden Hand ဂျာနယ် အယ်ဒီတာအဖွဲ့နှင့် ဆောင်းပါးရှင်တို့၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ စာတည်း)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

**၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။**

**၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။**

**၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။**

**၄။ တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။**

**၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။**

# Pfizer ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအား အရေးပေါ်သုံးစွဲရန် တောင်ကိုရီးယား အတည်ပြု

**ဆိုးလ် မတ် ၅**

တောင်ကိုရီးယားနိုင်ငံ၏ ဆေးဝါးအန္တရာယ်ကင်းရှင်းရေးဝန်ကြီးဌာနသည် အမေရိကန်နှင့် ဂျာမနီဆေးဝါးကုမ္ပဏီတို့ ပူးတွဲထုတ်လုပ်ထားသည့် Pfizer ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး၏ ထိရောက်မှုနှင့် ဘေးကင်းလုံခြုံမှုကို စမ်းသပ်မှုသုံးကြိမ်တိုင်တိုင် ပြုလုပ်ခဲ့ပြီးနောက် နိုင်ငံအတွင်း အရေးပေါ်သုံးစွဲရန် ယနေ့အတည်ပြုလိုက်သည်။

Pfizer ဆေးဝါးကုမ္ပဏီသည် တောင်ကိုရီးယားနိုင်ငံနှင့် တရားဝင်လက်မှတ်ရေးထိုးထားသည့် သဘောတူစာချုပ်တစ်ရပ်အရ လူဦးရေ ၂၃ သန်းအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ယခုလကုန်ပိုင်းတွင် တောင်ကိုရီးယားနိုင်ငံသို့ ရောက်ရှိလာမည်ဟု မျှော်လင့်ကြောင်း တောင်ကိုရီးယား ဆေးဝါးအန္တရာယ် ကင်းရှင်းရေးဝန်ကြီးဌာနက ပြောကြားသည်။

Pfizer ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးသည် အသက် ၁၆ နှစ်နှင့် ၁၇ နှစ်အရွယ် လူငယ်များနှင့် အသက် ၆၅ နှစ်နှင့်အထက်ရှိ သက်ကြီးရွယ်အိုများအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရန် ၉၅ ရာခိုင်နှုန်းကျော် ထိရောက်မှုရှိကြောင်း စမ်းသပ်ချက်အရ သိရသည်။

သို့သော် ဒေသဆိုင်ရာ ကျန်းမာရေးအာဏာပိုင်များက အသက် ၁၈ နှစ်အောက် လူငယ်များကို Pfizer ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု ခံယူမည့် စာရင်းတွင် ထည့်မတွက်ထားသည့်အတွက် အသက် ၁၈ နှစ်အောက် လူငယ်များအနေဖြင့် Pfizer ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုခံယူရန် သင့်၊ မသင့်နှင့် ပတ်သက်၍ ရှင်းရှင်းလင်းလင်း မသိရသေးပေ။

တောင်ကိုရီးယားအစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု အစီအစဉ်ကို ပြီးခဲ့သည့် ဖေဖော်ဝါရီ ၂၆ ရက်က စတင်ခဲ့ပြီး ပြည်သူ ၂၂၅၈၅၃ ဦးအား ပထမအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခဲ့သည်။




**ကိုးကား- ယွန်ဟပ်သတင်းအေဂျင်စီ**
**ဘာသာပြန် - ဂျော်တီ**




# အာဖရိကတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ လေးသန်းနီးပါးရှိလာ

**အဒစ်အာဘာဘာ မတ် ၅**

အာဖရိကတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ လေးသန်း နီးပါးရှိလာပြီဖြစ်ကြောင်း အာဖရိကရောဂါ ကာကွယ်ထိန်းချုပ်ရေးစင်တာ၏ ယနေ့ထုတ်ပြန်ချက်အရ သိရသည်။

လက်ရှိအချိန်အထိ အာဖရိကတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၉၃၇၀၂၈ ဦးရှိပြီး သေဆုံးသူ ၁၀၅၀၀၁ ဦးရှိကြောင်း အာဖရိကသမဂ္ဂ၏ ကျန်းမာရေးစောင့်ရှောက်မှု အေဂျင်စီတစ်ခုဖြစ်သည့် အာဖရိက ရောဂါကာကွယ်ထိန်းချုပ်ရေးစင်တာက ဆိုသည်။ သို့သော် ရောဂါမှပြန်လည်ကျန်းမာလာသူ ၃၅၁၂၄၇၃ ဦး ရှိပြီဖြစ်ကြောင်း သိရသည်။

အာဖရိကတွင် ဗိုင်းရပ်စ်ကူးစက်မှု အဆိုးရွားဆုံးခံစားရသည့် နိုင်ငံများမှာ တောင်အာဖရိက၊ မော်ရိုကို၊ တူနီးရှားနှင့် အီသီယိုးပီးယားနိုင်ငံတို့ဖြစ်ကြောင်း အာဖရိကရောဂါ ကာကွယ်ထိန်းချုပ်ရေးစင်တာ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

တောင်အာဖရိကနိုင်ငံတွင် ဗိုင်းရပ်စ်ကူးစက်မှုကြောင့် သေဆုံးသူ ၅၀၄၆၂ ဦးရှိပြီး အဆိုပါ အရေအတွက်သည် အာဖရိကနိုင်ငံများအနက် အများဆုံးဖြစ်ကြောင်း တွေ့ရှိရသည်။ အီဂျစ်နိုင်ငံတွင် သေဆုံးသူ ၁၀၈၇၁ ဦးရှိပြီး မော်ရိုကိုနိုင်ငံ၌ ၈၆၆၉ ဦးရှိကာ ဒုတိယနှင့် တတိယသေဆုံးမှုအများဆုံး နိုင်ငံများဖြစ်ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**

# AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး၏ ပါဝင်ပစ္စည်းများထုတ်လုပ်ရေးစက်ရုံ ဂျပန်နိုင်ငံတွင် တည်ဆောက်မည်

**တိုကျို မတ် ၅**

ဂျပန်ဆေးဝါးကုမ္ပဏီ JCR က ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးတွင် ထည့်သွင်းဖော်စပ်ရသည့် ပါဝင်ပစ္စည်းများထုတ်လုပ်သည့် စက်ရုံတစ်ရုံကို နိုင်ငံ၏အနောက်ပိုင်းရှိကိုဘေမြို့၌ တည်ဆောက်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ဂျပန်ဆေးဝါးကုမ္ပဏီ JCR သည် ဗြိတိန်ဆေးဝါးကုမ္ပဏီ AstraZeneca နှင့် အောက်စဖို့ဒ်တက္ကသိုလ်တို့ပူးပေါင်းထုတ်လုပ်သည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးတွင် ပါဝင်သည့်ပစ္စည်းများ ထုတ်လုပ်ရေးအတွက် အဆိုပါဆေးဝါးကုမ္ပဏီနှင့် စာချုပ်တစ်ရပ်ချုပ်ဆိုထားသည်။

အဆိုပါ စက်ရုံတည်ဆောက်ရေးအတွက် အမေရိကန်ဒေါ်လာ ၁၀၇ သန်း အကုန်အကျခံ တည်ဆောက်မည်ဖြစ်ပြီး တည်ဆောက်ရေးလုပ်ငန်းများကို ဇူလိုင်လတွင် စတင်မည်ဖြစ်ကြောင်း သိရသည်။

၂၀၂၂ ခုနှစ် အောက်တိုဘာလတွင် စက်ရုံတည်ဆောက်ပြီးစီးမည်ဖြစ်ပြီး ကာကွယ်ဆေး ဆက်စပ်ပစ္စည်းများကို ၂၀၂၃ ခုနှစ်တွင် စတင်ထုတ်လုပ်ပေးမည်ဖြစ်သည်။

ဂျပန်ကျန်းမာရေးအာဏာပိုင်များက AstraZeneca ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို နိုင်ငံအတွင်း သုံးစွဲခွင့်ပြုသည်နှင့်တစ်ပြိုင်နက် ကာကွယ်ဆေးဖြန့်ဖြူးမှုများ စတင်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း AstraZeneca ဆေးဝါးကုမ္ပဏီက ပြောကြားခဲ့သည်။ **ကိုးကား- အင်န်အိတ်ချ်ကေ**

**ဘာသာပြန်- အောင်ကျော်ကျော်**



# ဟန်ဂေရီနိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၅၀၀၀၀ ရှိလာ

**ဘူတာပက်စ် မတ် ၅**

ဟန်ဂေရီနိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၅၀၀၀၀ ရှိနေချိန်တွင် တတိယလှိုင်းပျံ့နှံ့ဖြစ်ပွားမှု အရှိန်လျော့ကျစေရန်အတွက် ကျန်းမာရေး စည်းမျဉ်းအသစ်များကို ချမှတ်ခဲ့ကြောင်း ဝန်ကြီးချုပ် ဗစ်တာ အော်ဘန်းက ယနေ့ပြောကြားသည်။

ယခုအချိန်တွင် အသွားအလာကန့်သတ်မှုများကို ချမှတ်ထားခြင်းဖြင့် အီစတာပွဲတော်ကာလတွင် သွားလာမှုများပြန်လည်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ၎င်းက ရေဒီယိုအမ်အာအိုင်သို့ ပြောကြားသည်။ “ကျွန်တော်တို့အနေနဲ့ အခုအချိန်မှာ သီတင်းနှစ်ပတ်ကြာ အသွားအလာကန့်သတ်မှုတွေ ချမှတ်ထားပြီးဖြစ်တဲ့အတွက် ကိုရိုနာဗိုင်းရပ်စ်တိုက်ဖျက်ရေးကို အပြီးသတ်ဆောင်ရွက်နိုင်ဖို့ အချိန်နီးကပ်လာပြီဖြစ်ပါတယ်”ဟု ၎င်းကပြောကြားသည်။ ဟန်ဂေရီအစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းကူးစက်ပျံ့နှံ့လာမှုကို တိုက်ဖျက်ရန်အတွက် တင်းကျပ်သော စည်းမျဉ်းများကို ယမန်နေ့က ချမှတ်ခဲ့သည်။

အဆိုပါချမှတ်ခဲ့သောစည်းမျဉ်းများတွင် မတ် ၈ ရက်မှ ၂၂ ရက်အတွင်း အသွားအလာကန့်သတ်မှုများချမှတ်ရန်နှင့် မူလတန်းကြိုကျောင်းများနှင့် မူလတန်းကျောင်းများ ပိတ်ထားရန်တို့ပါဝင်သည်။ ကုန်ပဒေသာဆိုင်များ၊ ဆေးဝါးရောင်းချသောဆိုင်များနှင့် ဓာတ်ဆီဆိုင်များကိုမူ ဖွင့်လှစ်ခွင့်ပြုထားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံအတွင်းရှိ ရောဂါဗေဒဆိုင်ရာဆရာဝန်များက ယခုလက်ရှိအချိန်တွင် အသွားအလာကန့်သတ်မှုကို မဆောင်ရွက်နိုင်ပါက နိုင်ငံတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုအခြေအနေ ပိုမိုဆိုးရွားလာမည်ဟု သတိပေးခဲ့သောကြောင့် ယခုကဲ့သို့ အသွားအလာကန့်သတ်မှုများကို ချမှတ်ရခြင်းဖြစ်ကြောင်း အော်ဘန်းက ပြောကြားသည်။

လက်ရှိအချိန်တွင် ဟန်ဂေရီနိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေးအတွက် Pfizer၊ Moderna၊ AstraZeneca၊ Sputnik V နှင့် တရုတ်နိုင်ငံ Sinopharm ဆေးဝါးကုမ္ပဏီများမှထုတ်လုပ်သော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို သုံးစွဲနေကြောင်း သိရသည်။

ဟန်ဂေရီနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၄၅၂၅၄၇ ဦးနှင့် အဆိုပါရောဂါကြောင့် သေဆုံးသူ ၁၅၆၁၉ ဦး ရှိကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- စိုးသူရ**

# စင်ကာပူနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးသူ ၃၅၀၀၀၀ ကျော်ရှိပြီဖြစ်

**စင်ကာပူ မတ် ၅**
စင်ကာပူနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးသူ ၃၅၀၀၀၀ ကျော်ရှိပြီဖြစ်ကြောင်း ယနေ့ သတင်းများအရ သိရသည်။

နိုင်ငံ၏ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလကစတင်ခဲ့ပြီး အရှိန်အဟုန်မြှင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပထမအကြိမ်ထိုးနှံပြီးသူ ပြည်သူ ၃၅၀၀၀၀ ကျော်ရှိပြီဖြစ်ကြောင်းနှင့် ၎င်းတို့အနက် ၈၀ ရာခိုင်နှုန်းသည် ကျန်းမာရေးဝန်ထမ်းများဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဆိုသည်။

ကာကွယ်ဆေးထိုးနှံပြီးသူများအနက် ပြည်သူ ၂၁၅၀၀၀ မှာ ကာကွယ်ဆေး ဒုတိယအကြိမ်ထိုးနှံပြီးကြောင်း သိရသည်။

နိုင်ငံ၏ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်တွင် အမေရိကန်ဆေးဝါးကုမ္ပဏီ Pfizer နှင့် ဂျာမနီဆေးဝါးကုမ္ပဏီ BioNTech တို့ ပူးပေါင်းထုတ်လုပ်သည့် Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှင့် Moderna ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးတို့ကို အသုံးပြုလျက်ရှိသည်။

ထို့ပြင် တရုတ်ဆေးဝါးကုမ္ပဏီ Sinovac Biotech မှ ထုတ်လုပ်သည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး တတိယအသုတ်ကို ဖေဖော်ဝါရီလအတွင်း လက်ခံရရှိခဲ့ပြီးဖြစ်သည်။ အဆိုပါကာကွယ်ဆေးကို နိုင်ငံအတွင်း သုံးစွဲခွင့်ရရှိရန် ဆေးဘက်ဆိုင်ရာ အာဏာပိုင်များက စစ်ဆေးမှုများပြုလုပ်လျက်ရှိသည်။

အသက် ၇၀ နှင့်အထက်အရွယ်ရှိ ပြည်သူ ၄၀၀၀၀ ကျော်သည် ပထမအကြိမ် ကာကွယ်ဆေးထိုးနှံမှုကို ခံယူပြီးဖြစ်ကြောင်းနှင့် အသက် ၆၀ နှင့်အထက် ပြည်သူများအတွက် ကာကွယ်ဆေးထိုးနှံမှုအစီအစဉ် မကြာမီစတင်တော့မည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား-စီအင်န်အေ**
**ဘာသာပြန်-အောင်ကျော်ကျော်**







# Moderna ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဂျပန်နိုင်ငံအတွင်း သုံးစွဲခွင့်ရရှိရန် လျှောက်ထား

**တိုကျို မတ် ၅**
အမေရိကန်ဆေးဝါးကုမ္ပဏီ Moderna က ၎င်း၏ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဂျပန်နိုင်ငံအတွင်း အသုံးပြုခွင့်လျှောက်ထားကြောင်း ယနေ့ သတင်းများအရ သိရသည်။

**ကာကွယ်ဆေးအလုံးရေ သန်း ၅၀**

စက်တင်ဘာလမတိုင်မီ ပြည်သူ ၂၅ သန်းအား ကာကွယ်ဆေးထိုးနှံပေးရန်အတွက် Moderna ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ သန်း ၅၀ ဝယ်ယူရန် ဂျပန်အစိုးရက အမေရိကန်ဆေးဝါးကုမ္ပဏီ Moderna နှင့် စာချုပ်တစ်ရပ်ချုပ်ဆိုခဲ့သည်။

Moderna ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဂျပန်နိုင်ငံအတွင်း ဖြန့်ဖြူးပေးမည့် Takeda ဆေးဝါးကုမ္ပဏီက Moderna ကာကွယ်ဆေးကို ကျန်းမာရေးအာဏာပိုင်များ၏ ထောက်ခံမှုရရှိရန် ကျန်းမာရေးဝန်ကြီးဌာနသို့ ယနေ့လျှောက်လွှာတင်သွင်းခဲ့ကြောင်း သိရသည်။ Moderna ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအပေါ် အမေရိကန်နိုင်ငံတွင် လက်တွေ့စမ်းသပ်မှု ပြုလုပ်ခဲ့သည့် ရလဒ်များကိုပါ တင်သွင်းခဲ့သည်။

Moderna ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးသည် အမေရိကန်ဆေးဝါးကုမ္ပဏီ Pfizer နှင့် ဂျာမနီဆေးဝါးကုမ္ပဏီ BioNTech တို့ပူးပေါင်းထုတ်လုပ်သည့် Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှင့် AstraZeneca ဆေးဝါးကုမ္ပဏီ၏ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးပြီးနောက် နိုင်ငံအတွင်း သုံးစွဲခွင့်လျှောက်ထားသည့် တတိယမြောက် ကာကွယ်ဆေးဖြစ်သည်။

**အသုံးပြုလျက်ရှိ**

အမေရိကန်နိုင်ငံနှင့် ကနေဒါနိုင်ငံတို့တွင် Moderna ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အသုံးပြုလျက်ရှိသည်။

ဇန်နဝါရီလကစပြီး ဂျပန်နိုင်ငံ၌ Moderna ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အသက် ၂၀ နှင့်အထက်အရွယ် အမျိုးသားနှင့် အမျိုးသမီး ၂၀၀ တို့အား လက်တွေ့စမ်းသပ်မှုများ ပြုလုပ်လျက်ရှိသည်။

**တင်သွင်းသွားမည်**

အဆိုပါလက်တွေ့စမ်းသပ်မှု၏ ရလဒ်များကို မေလမတိုင်မီ ကျန်းမာရေးဝန်ကြီးဌာနသို့ တင်သွင်းသွားမည်ဖြစ်သည်။

ဂျပန်ကျန်းမာရေးဝန်ကြီးဌာနက Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဖေဖော်ဝါရီလအတွင်း သုံးစွဲခွင့်ပြုခဲ့ပြီး AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး၏ ထိရောက်မှုနှင့် ဘေးကင်းလုံခြုံမှု ရှိ၊ မရှိ စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အောင်ကျော်ကျော်**

# နိုင်ဂျီးရီးယားနိုင်ငံ၌ AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အသုံးပြုခွင့် အတည်ပြု

**အဘူဂျာ မတ် ၅**
နိုင်ဂျီးရီးယားနိုင်ငံတွင် AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအသုံးပြုခွင့်ကို လေ့လာမှုများပြုလုပ်ပြီးနောက် တာဝန်ရှိသူများက ယနေ့ခွင့်ပြုခဲ့ကြောင်း သိရသည်။

အဆိုပါ AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအသုံးပြုခွင့်ကို နိုင်ဂျီးရီးယားနိုင်ငံ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲထိန်းချုပ်ရေးဌာနက အပြီးသတ်လေ့လာအပြီး ခွင့်ပြုခဲ့ကြောင်း အမျိုးသားကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီက ပြောကြားသည်။ နိုင်ဂျီးရီးယားသမ္မတ မိုဟာမက်ဒူ ဘူဟာရီနှင့် တာဝန်ရှိသူများ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ပထမအကြိမ် ထိုးနှံမှုမခံယူမီ ယခုကာကွယ်ဆေးအသုံးပြုရန် ခွင့်ပြုချက်ထွက်ရှိလာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အမျိုးသားကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီမှ AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို နောက်ဆုံးအတည်ပြုလေ့လာခဲ့ပြီးနောက် ဆေးဝါးနှင့်ပတ်သက်သည့် ကောင်းမွန်သော အကျိုးကျေးဇူးများကိုတွေ့ရှိခဲ့ကြောင်းနှင့် နိုင်ငံအတွင်း AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ၃ ဒသမ ၉၄ သန်းကို ကိုဗစ်-၁၉ ရောဂါတိုက်ဖျက်ရေးအတွက် အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။ ယနေ့တွင် နိုင်ငံအတွင်းရှိ ကျန်းမာရေးဝန်ထမ်းများအား အဆိုပါ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို ထိုးနှံပေးခဲ့ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

# နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူအရေအတွက် မြင့်တက်လာကြောင်း အီသီယိုးပီးယား ကျန်းမာရေးဝန်ကြီးဌာန သတိပေး

**အဒစ်အာဘာဘာ မတ် ၅**
အီသီယိုးပီးယား နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာကျန်းမာရေးစည်းမျဉ်းများကို ဖြေလျှော့ပေးခဲ့မှုကြောင့် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ အရေအတွက် မြင့်တက်လာသည့်အပေါ် ကျန်းမာရေးဝန်ကြီးဌာနက ယမန်နေ့တွင် သတိပေးခဲ့သည်။

အီသီယိုးပီးယား နိုင်ငံတွင် လွန်ခဲ့သော ၁၀ ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၈၀၀၀ ကျော်ရှိပြီး အဆိုပါ ရောဂါကြောင့် ၁၂၃ ဦးကျော် သေဆုံးကြောင်း အီသီယိုးပီးယား ကျန်းမာရေးဝန်ကြီး လီယာတာ ဒက်ဆီက ပြောကြားသည်။ ကိုဗစ်-၁၉ ရောဂါဆိုင်ရာကျန်းမာရေးစည်းမျဉ်းများ လျော့ရဲလာမှုကြောင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူအရေအတွက်များပြားလာခြင်းအပေါ် သတိရှိကြရန် ၎င်းက ပြောကြားသည်။



ပြီးခဲ့သော သီတင်းပတ်များအတွင်းနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၃ ရာခိုင်နှုန်းအထိ ရှိလာကြောင်း သိရသည်။ ယမန်နေ့က နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၆၂၉၅၄ ဦးရှိပြီး ယခုလက်ရှိအချိန်အထိ အဆိုပါ ရောဂါကြောင့် သေဆုံးသူ ၂၃၉၄ ဦးရှိကြောင်း သိရသည်။

တောင်အာဖရိကနှင့် မော်ရိုကိုနိုင်ငံတို့ပြီးလျှင် အီသီယိုးပီးယားနိုင်ငံသည် အာဖရိကဒေသတွင် ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိစစ်ဆေးမှုနှုန်း အမြင့်မားဆုံးနိုင်ငံဖြစ်ကြောင်း အာဖရိက ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**



# ဖိလစ်ပိုင်နိုင်ငံ၌ ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်ခံရသူ ၈၃ ဦး တွေ့ရှိ

**မနီလာ မတ် ၅**
ဖိလစ်ပိုင်နိုင်ငံ၌ ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်ခံရသူ ၈၃ ဦး စစ်ဆေးတွေ့ရှိရကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်ခဲ့သည်။

တောင်အာဖရိကနိုင်ငံတွင် စတင်တွေ့ရှိခဲ့သည့် ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်ခံရသူ ၅၂ ဦးရှိပြီး ဗြိတိန်နိုင်ငံတွင် စတင်တွေ့ရှိခဲ့သည့် ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်ခံရသူ ၃၁ ဦးရှိကြောင်း အဆိုပါထုတ်ပြန်ချက်အရ သိရသည်။

တောင်အာဖရိကနိုင်ငံတွင် စတင်တွေ့ရှိခဲ့သည့် ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်ခံရသူ ၅၂ ဦး အနက် ၄၁ ဦးသည် မြို့တော်မနီလာမှဖြစ်ပြီး ၎င်းတို့ကူးစက်ခံရမှု၏ နောက်ကြောင်းရာဇဝင်ကို စုံစမ်းစစ်ဆေးလျက်ရှိသည်။

ဖိလစ်ပိုင်နိုင်ငံတွင် ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်ခံရသူခြောက်ဦးကို မတ် ၂ ရက်တွင် စတင်တွေ့ရှိခဲ့သည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို မတ် ၁ ရက်တွင် စတင်ခဲ့သော်လည်း နိုင်ငံအတွင်း ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်မှုများမြင့်တက်လာသည့်အတွက် ကျန်းမာရေးဝန်ထမ်းများက စိုးရိမ်ပူပန်လျက်ရှိသည်။

လက်ရှိအချိန်အထိ ဖိလစ်ပိုင်နိုင်ငံ၌ ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်ခံရသူ ၈၉ ဦးရှိပြီဖြစ်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံမှုခံယူရန်ပြည်သူများအား သမ္မတဒူတာတေးက ယမန်နေ့တွင် တိုက်တွန်းပြောကြားခဲ့သည်။ ကာကွယ်ဆေးထိုးနှံမှုသည် နိုင်ငံ၏စီးပွားရေး ပြန်လည်ဦးမော့လာစေရန် အဓိကသော့ချက်ဖြစ်ကြောင်းလည်း ထောက်ပြပြောကြားခဲ့သည်။

ယခုနှစ်အတွင်း ပြည်သူ ၁၀၈ သန်းအနက် သန်း ၇၀ အား ကာကွယ်ဆေးထိုးနှံပေးရန် ဖိလစ်ပိုင်အစိုးရက ရည်ရွယ်ထားသည်။

လက်ရှိအချိန်အထိ တရုတ်နိုင်ငံဆေးဝါးကုမ္ပဏီ Sinovac Biotech ၏ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အလုံးရေ ၆၀၀၀၀၀ နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ COVAX အစီအစဉ်အရ AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ၄၈၀၀၀၀ ကျော်ကို လက်ခံရရှိထားပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား- စီအင်န်အေ**
**ဘာသာပြန်- အောင်ကျော်ကျော်**




# ပြင်သစ်နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးစည်းမျဉ်းများကို တိုးမြှင့်သတ်မှတ်မည်

**ပါရီ မတ် ၅**
ပြင်သစ်နိုင်ငံအတွင်း ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ်ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်ရန် အသွားအလာကန့်သတ်မှုများ၊ ခပ်ခွာခွာနေထိုင်ရေးစည်းမျဉ်းများနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုလုပ်ငန်းများ တိုးမြှင့်ရေးတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ယွန်ကားတက်စ်က ယမန်နေ့တွင် ပြောကြားသည်။

နိုင်ငံမြောက်ပိုင်း ပါဒီကားလက်ယက် ဒေသတွင် အသွားအလာကန့်သတ်မှုများကို ယခုသီတင်းပတ်အတွင်း ဆောင်ရွက်မည်ဖြစ်သည်။ အဆိုပါဒေသတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အချိုးအစားမှာ လူတစ်သိန်းလျှင် ၄၀၀ နှုန်းရှိကြောင်း သိရသည်။ ပြင်သစ်နိုင်ငံရှိ ဟူတက်စ်အယ်လ်ဒေသ၊ အိုက်နာဒေသ၊ အူဘီဒေသတို့အား ကိုဗစ်-၁၉ ရောဂါဖြစ်ပွားကူးစက်မှုဆိုင်ရာသတိထားစောင့်ကြည့်ရမည့် ဒေသများအဖြစ်သတ်မှတ်ထားပြီး အဆိုပါဒေသရှိ စူပါမားကတ်ဆိုင်များကို ပိတ်ထားခဲ့ကြောင်းနှင့် အဆိုပါ ဒေသများရှိ ဒေသခံများအနေဖြင့် နှာခေါင်းစည်းဝတ်ဆင်ရန် ညွှန်ကြားချက်ထုတ်ပြန်ခဲ့သည်။

တာဝန်ရှိသူများအနေဖြင့် အဆိုပါဒေသများတွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှုကို လျှော့ချနိုင်ရန်အတွက် လူစုလူဝေးများပြုလုပ်ခြင်းကို တားမြစ်နိုင်ပြီးဒေသခံများအား ခရီးသွားလာမှုများ လျှော့ချရန်ဝန်ကြီးချုပ် ယွန်ကားတက်စ်က ပြောကြားသည်။

မိမိတို့အနေဖြင့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသွားအလာ ကန့်သတ်မှုများနှင့် ၎င်းတို့ကြောင့်ဖြစ်လာသော လူမှုရေးနှင့် စီးပွားရေးဆိုင်ရာအကျိုးသက်ရောက်မှုများကို သိရှိခဲ့ရသော်လည်း ဒေသများအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုအခြေအနေများအရ နောက်ထပ်တစ်ကြိမ် အသွားအလာကန့်သတ်မှုများရှိလာနိုင်ကြောင်း ယွန်ကားတက်စ်က ပြောကြားသည်။ ဗြိတိန်တွင် တွေ့ရှိခဲ့သော ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ်ပြန့်ပွားမှုမှာ နိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုများ၏ ၆၀ ရာခိုင်နှုန်းရှိနေကြောင်း သိရသည်။ ယမန်နေ့က နိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူ ၂၅၂၇၉ ဦး ထပ်မံတွေ့ရှိသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃ ဒသမ ၈ သန်းအထိ ရှိလာခဲ့ပြီး အဆိုပါရောဂါကြောင့် သေဆုံးသူ ၈၇၈၃၅ ဦးရှိလာကြောင်း ကျန်းမာရေးတာဝန်ရှိသူများက ပြောကြားသည်။

ပြင်သစ်နိုင်ငံအနေဖြင့် ဧပြီလလယ်တွင် နိုင်ငံသားဦးရေ ၁၀ သန်းနှင့် မေလလယ်တွင် နိုင်ငံသားသန်း ၂၀ ကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးနိုင်ရန် ရည်မှန်းထားကြောင်း သိရသည်။ နိုင်ငံအတွင်း မတ်လနှင့် ဧပြီလကာလအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၂၂ သန်းကို ဖြန့်ချိပေးနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယွန်ကားတက်စ်က ပြောကြားသည်။ နိုင်ငံသားများ၏ ၇၅ ရာခိုင်နှုန်းက အစိုးရ၏ ကိုဗစ်-၁၉ရောဂါကာကွယ် ဆေးထိုးနှံရေးအစီအစဉ်သည် နှေးကွေးကြောင်း ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

# AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဩစတြေးလျနိုင်ငံသို့ တင်ပို့မှုကို အီတလီအစိုးရ ပိတ်ပင်တားမြစ်

**ရောမ မတ် ၅**
ဩစတြေးလျနိုင်ငံသို့ AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး တင်ပို့မှုကို အီတလီနိုင်ငံက ပိတ်ပင်တားမြစ်ခဲ့ကြောင်း ယမန်နေ့သတင်းများအရ သိရသည်။

အဆိုပါ ကာကွယ်ဆေးတင်ပို့မှုကို ဇန်နဝါရီလတွင်စတင်အသက်ဝင်ခဲ့သော ဥရောပသမဂ္ဂ၏ ကာကွယ်ဆေးတင်ပို့မှုဆိုင်ရာ စည်းမျဉ်းသစ်များနှင့်အညီ ပထမဆုံးအကြိမ် ပိတ်ပင်တားမြစ်ခဲ့ခြင်းဖြစ်သည်။

အီတလီနိုင်ငံရှိ AstraZeneca ဆေးဝါးထုတ်လုပ်ရေး စက်ရုံမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အလုံးရေ ၂၅၀၀၀၀ ကို ဩစတြေးလျနိုင်ငံသို့ တင်ပို့ရန် AstraZeneca ဆေးဝါးကုမ္ပဏီက အီတလီအစိုးရအား ခွင့်ပြုချက်တောင်းခံခဲ့ရာ အီတလီအစိုးရက ပိတ်ပင်တားမြစ်ခဲ့ခြင်းဖြစ်ကြောင်း ယမန်နေ့ ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြထားသည်။

ဥရောပသမဂ္ဂ၏ ကာကွယ်ဆေး တင်ပို့မှုဆိုင်ရာ စည်းမျဉ်းအသစ်တွင် ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီများသည် အခြားနိုင်ငံတစ်နိုင်ငံသို့ ကာကွယ်ဆေးတင်ပို့မည်ဆိုပါက အဆိုပါကာကွယ်ဆေးထုတ်လုပ်သည့်နိုင်ငံ၏ ခွင့်ပြုမိန့်ရရှိမှသာ တင်ပို့ခွင့်ရှိမည်ဖြစ်ကြောင်း ပါရှိသည်။

ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများနှင့် အီတလီနိုင်ငံတို့တွင် ကာကွယ်ဆေးပြတ်လပ်မှုများ ဖြစ်ပွားမည်ကို စိုးရိမ်သည့်အပြင် ကာကွယ်ဆေးဖြန့်ဖြူးမှုတွင် နှောင့်နှေးကြန့်ကြာမှုများ ရှိလာနိုင်သည့်အတွက် အဆိုပါဆုံးဖြတ်ချက်ကို ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း အီတလီအစိုးရက ဆိုသည်။

ထို့ပြင် ဩစတြေးလျနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ရရှိမှုသည် အီတလီနှင့် ဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများ၏ ကာကွယ်ဆေးရရှိမှုထက် ပိုမိုများပြားလျက်ရှိကြောင်း အီတလီအစိုးရက နှိုင်းယှဉ်ထောက်ပြခဲ့ကြောင်း သိရသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အောင်ကျော်ကျော်**




| ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ | | |
|---|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၁၁၆၃၂၄၁၂၂ | ဦး |
| သေဆုံးသူ | ၂၅၈၃၅၆၅ | ဦး |
| ပြန်လည်ကျန်းမာလာသူ | ၉၁၉၇၄၄၀၈ | ဦး |

## သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဟောင်း သူရဦးအောင်ကိုအပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်လှစ်

**နေပြည်တော် မတ် ၅**

သူရဦးအောင်ကိုသည် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး တာဝန်ထမ်းဆောင်စဉ် နိုင်ငံတော်မှလှူပုဂ္ဂိုလ်များသို့ သာသနာ့နုဂ္ဂဟာဘွဲ့တံဆိပ် နှစ်စဉ်ချီးမြှင့်ပေးအပ်ခြင်းနှင့်ပတ်သက်၍ ငွေကြေးနှင့်ပစ္စည်းများ လက်ခံရယူခဲ့သည့်အပေါ် အရေးယူပေးပါရန် တိုင်ကြားစာအရ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့သည်။

စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စစ်ဆေးတွေ့ရှိချက်အရ သူရဦးအောင်ကိုသည် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး တာဝန်ထမ်းဆောင်ခဲ့စဉ်က နိုင်ငံတော်မှလှူပုဂ္ဂိုလ်များသို့ သာသနာ့နုဂ္ဂဟာဘွဲ့တံဆိပ် ရစ်မျိုးကို နှစ်စဉ်ချီးမြှင့်ပေးအပ်ခြင်းနှင့်ပတ်သက်၍ ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၂၁ ရက်တွင် သက်ဆိုင်ရာပုဂ္ဂိုလ်များထံမှ ငွေကျပ်သိန်း ၁၀၀ နှင့် ၂၀၂၀ ပြည့်နှစ် မတ် ၂၁ ရက်တွင် ငွေကျပ်သိန်း ၃၀၀ တန် Blank Cheque တစ်စောင်ကို လက်ခံရယူ၍ ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၁၆ ရက်တွင် ငွေသားထုတ်ယူခဲ့ခြင်း၊ ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်တွင် လုပ်ငန်းရှင်တစ်ဦးကလုပ်ငန်းများ ရေရှည်အဆင်ပြေစေရန်အတွက် ပေးအပ်သည့် ငွေကျပ် ၁၀၀၅ သိန်းတန်ဖိုးရှိ Ford Everest Titanium မော်တော်ယာဉ် တစ်စီး လက်ခံရယူခဲ့ခြင်းတို့ကို စစ်ဆေးပေါ်ပေါက်သဖြင့် သူရဦးအောင်ကိုအပေါ် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၅ အရ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်း မြို့မရဲစခန်းနှင့် မင်္ဂလာဒုံ မြို့မရဲစခန်းတို့တွင် ယနေ့ရက်စွဲဖြင့် ပထမသတင်းပေးတိုင်ကြားချက်ဖွင့်လှစ်၍ တရားစွဲဆိုအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်မှ သတင်းရရှိသည်။

သတင်းစဉ်

## မုံရွာမြို့၌ ကျောင်းအုပ်ဆရာမနှင့် ခင်ပွန်းဖြစ်သူတို့ကို ဆန္ဒပြသူများက ဖမ်းဆီးခေါ်ဆောင် အကြမ်းဖက်မှုဖြစ်ပွား




**နေပြည်တော် မတ် ၅**

မုံရွာမြို့၌ ကျောင်းအုပ်ဆရာမနှင့် ခင်ပွန်းဖြစ်သူတို့ကို ဆန္ဒပြသူများက ဖမ်းဆီးခေါ်ဆောင် အကြမ်းဖက်မှု ဖြစ်ပွားခဲ့ကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယင်းသတင်း ထုတ်ပြန်ချက်တွင် မတ် ၃ ရက် နံနက် ၁၀ နာရီခန့်က မုံရွာမြို့ မြဝတီရပ်ကွက်တွင် ဆူပူဆန္ဒပြသူများက လမ်းအား ပိတ်ဆို့ရန်နှင့် အတားအဆီးများ ချထားရန်အတွက် ရပ်ကွက်အတွင်းရှိ အခြေခံပညာ မူလတန်းကျောင်း (ဒေါင်းကျောင်း)မှ စာသင်ခုံများကို ၎င်းတို့သဘောဖြင့် သယ်ထုတ်ကာ လမ်းအား ပိတ်ဆို့အသုံးပြုခဲ့ကြကြောင်း။

ဆူပူဆန္ဒပြသူများ ယူဆောင်သွားခဲ့သည့် စာသင်ခုံများကို ကျောင်းအုပ်ဆရာမကြီးနှင့်၎င်း၏ ခင်ပွန်းဖြစ်သူတို့က ကျောင်းအဆောက်အအုံ အတွင်းသို့ ပြန်လည်သယ်ဆောင်ခဲ့ကြောင်း။

ယင်းကဲ့သို့ စာသင်ခုံများကို ပြန်လည် သယ်ဆောင်မှုအပေါ် ဆူပူဆန္ဒပြသူများက မကျေမနပ်ဖြစ်ကာ အော်ဟစ်ဆဲဆိုပြီး ကျောင်းအုပ်ဆရာမကြီးနှင့် ခင်ပွန်းဖြစ်သူကို မတရားဖမ်းဆီးခေါ်ဆောင်၍ ဆံပင်နှင့် မျက်ခုံးမွေးများကိုရိတ်ပြီး ထိုနေ့ညနေပိုင်းတွင် ပြန်လည်စေလွှတ်ပေးခဲ့ကြောင်း။

ထိုကဲ့သို့ အကြမ်းဖက်သူ လူအုပ်စု၏ မတရားနိုင်ထက်စီးနင်း ပြုလုပ်မှုအား ကြောက်လန့်နေရသဖြင့် ကျောင်းအုပ်ဆရာမကြီးနှင့် ခင်ပွန်းဖြစ်သူမှာ နေအိမ်တွင် ဆက်လက်နေထိုင်နိုင်ခြင်းမရှိ၍ နယ်မြေခံတပ်ရင်းသို့ ဆက်သွယ် သွားရောက်နေထိုင်ခဲ့ရကြောင်း။

ထိုသို့ သွားရောက်နေထိုင်စဉ်အတွင်း ယင်းနေ့ ညနေ ၅ နာရီခန့်တွင် အကြမ်းဖက်သူ ၂၅ ဦးခန့်သည် ကျောင်းအုပ်ဆရာမကြီး၏ နေအိမ်တံခါးသော့အား ချိုးဖျက်ဝင်ရောက်ကာ အိမ်တွင်းပစ္စည်းများကို ယူဆောင်ပြီး အိမ်ကိုဖျက်ဆီးခြင်းများ ထပ်မံပြုလုပ်ခဲ့သဖြင့် ဖြစ်စဉ်တွင် ပါဝင်သူများအား စုံစမ်းဖော်ထုတ်၍ အမှုဖွင့် အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း။

နေရာဒေသ အနှံ့အပြားတွင် ပုံသဏ္ဌာန်မျိုးစုံဖြင့် ဆန္ဒပြနေမှုများအပေါ် (အေးချမ်းစွာ ဆန္ဒပြသူများ)ခေါင်းစဉ်ဖြင့် အမျိုးမျိုး သွေးထိုးလှုံ့ဆော်ကာ ပုံဖော်နေသူများ၏ ယခုကဲ့သို့ အကြမ်းဖက်အဖွဲ့အစည်းဆန်ဆန် ပြုမူဆောင်ရွက်မှုများကို သတင်းမီဒီယာများအနေဖြင့် ကျင့်ဝတ်နှင့်အညီ မျှတစွာ ရပ်တည်၍ ဖော်ပြသင့်ကြောင်း ဖော်ပြထားသည်။

သတင်းစဉ်




## ကလောမြို့နယ် ဟဲဟိုးလေဆိပ်အနီး ဧက ၄၀ ခန့် တောမီးလောင်ကျွမ်းမှုဖြစ်ပွား

**ကလော မတ် ၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် ဟဲဟိုးလေဆိပ်အနီးတွင် မတ် ၄ ရက် မွန်းလွဲ ၂ နာရီခန့်က တောမီး ဧက ၄၀ ခန့် လောင်ကျွမ်းမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

တောမီးလောင်ကျွမ်းမှုကြောင့် ချုံနွယ်ပင်၊ မြက်ခြောက်များ ဧက ၄၀ ခန့် လောင်ကျွမ်းခဲ့ကြောင်း၊ လူနေအိမ်အဆောက်အအုံများ မီးကူးစက်လောင်ကျွမ်းခြင်းမရှိကြောင်း၊ လူနှင့် တိရစ္ဆာန်ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်းနှင့် ဆုံးရှုံးမှုတန်ဖိုး မရှိကြောင်း သိရသည်။

တောမီးလောင်ကျွမ်းရာနေရာသို့ ကလောမြို့နယ် မီးသတ်စခန်းမှ မီးသတ်ယာဉ် တစ်စီး၊ ဟဲဟိုးနယ်မြေမီးသတ်စခန်းမှ မီးသတ်ယာဉ် နှစ်စီး၊ ရွှေညောင်နယ်မြေ မီးသတ်စခန်းမှ မီးသတ်ယာဉ် တစ်စီး၊ အောင်ပန်းမီးသတ်စခန်းမှ မီးသတ်ယာဉ် နှစ်စီး၊ ဟဲဟိုးလေဆိပ်မှ လေယာဉ်မီးသတ်ယာဉ် နှစ်စီးတို့ဖြင့် ကလောမြို့နယ်မီးသတ်ဦးစီးဌာနဦးစီးအရာရှိ ဦးသန့်ဇော်နှင့် ကလော၊ အောင်ပန်း၊ ဟဲဟိုး၊ ရွှေညောင် မီးသတ်စခန်းမှတာဝန်ရှိသူများ၊ သန္နွေတပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ခဲ့ရာ ညနေ ၅ နာရီခွဲခန့်က မီးလုံးဝငြိမ်းသတ်နိုင်ခဲ့ကြောင်း ကလောမြို့နယ်မီးသတ်ဦးစီးဌာနမှ သိရသည်။

မြို့နယ်(ပြန်/ဆက်)

## မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်တွင် ဆူပူအကြမ်းဖက်မှုပြုလုပ်သူ လူအုပ်စုအတွင်းမှ အမျိုးသား တစ်ဦးသေဆုံး

**နေပြည်တော် မတ် ၅**

မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်တွင် ဆူပူအကြမ်းဖက်မှု ပြုလုပ်သူ လူအုပ်စု အတွင်းမှ အမျိုးသား တစ်ဦး သေဆုံးခဲ့ကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယင်းထုတ်ပြန်ချက်အရ ယနေ့နံနက်ပိုင်းမှ စတင်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက (မြတောင်) ဘုန်းတော်ကြီးကျောင်းတစ်ဝိုက်တွင် ပိတ်ဆို့ထားသော အတားအဆီးများကို ဖယ်ရှားရှင်းလင်းခြင်း၊ လူစုလူဝေးပြုလုပ်မှုများအား တားဆီးထိန်းသိမ်းခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်နေစဉ် မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်ခန့်တွင် ၃၅ လမ်း၊ (၈၆ - ၈၇) လမ်းကြားရှိ ချမ်းအေးသာစံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီရုံး အဆောက်အအုံ (**ယာအပေါ်ပုံ**) ကို ဆူပူသူလူအုပ်စုက ကျောက်တုံး၊ ကျောက်ခဲများဖြင့် ပစ်ပေါက်ဖျက်ဆီးနေကြောင်း သတင်းရရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်ထိန်းသိမ်းခဲ့ရကြောင်း။

ထိန်းသိမ်းစဉ် ဆူပူသူလူအုပ်စု ၂၀၀ ကျော်က အဆောက်အအုံကို ဖျက်ဆီးခြင်းအပြင် လုံခြုံရေးတပ်ဖွဲ့ဝင်များကိုပါ ကုန်းသီး၊ သံဂေါ်လီ၊ ဖန်သီးများ အသုံးပြု၍ လောက်လေးခွများဖြင့် ပစ်ခတ်ခြင်း၊ ကျောက်ခဲများဖြင့်ပစ်ခတ်ခြင်း၊ ဂျင်ကလိဖြင့်ပစ်ခတ်ခြင်းများကိုပြုလုပ်ခဲ့ကြပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် မိမိတို့ကိုင်ဆောင်သည့် ဒိုင်းများဖြင့် ကာကွယ်ခြင်းကိုသာ ဦးစားပေးဆောင်ရွက်ခဲ့ပါကြောင်း။

ယင်းကဲ့သို့ဆောင်ရွက်နေစဉ် လူအုပ်စုအတွင်းမှ အမျိုးသား တစ်ဦး(စိစစ်ဆဲ)သည် တစ်ဟုန်ထိုးပြေး၍ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဓားဖြင့်ဝင်ရောက်ခုတ်ခဲ့ကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အကြမ်းဖက်လာသူ၏ ပြုမူဆောင်ရွက်မှုကြောင့် မိမိတို့၏အသက်အန္တရာယ်ကို သေဆုံးစေသည်အထိ ပြုမူလာချိန်တွင် (ရှန်းရင်းဆန်ခတ်မှု) လက်စွဲဥပဒေပါ နောက်ဆုံးဆောင်ရွက်ရသည့် လုပ်ငန်းစဉ်အတိုင်း အန္တရာယ်ပြုမူလာသူအား ခြောက်လှန့်ပစ်ခတ်ခဲ့ရရာမှ သေဆုံးခဲ့ကြောင်း။



ဖော်ပြပါဖြစ်စဉ်တွင် သေဆုံးခဲ့သူကို ဆေးရုံသို့ ပို့ဆောင်၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ (သေမှုသေခင်း)ရေးဖွင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# တိုင်းပြည်တစ်ခွင် တည်ငြိမ်အေးချမ်းဖို့ အားလုံးပါဝင်တည်ဆောက်စို့

မိုးမခ

**လတ်တလော အပြောင်းအလဲဖြစ်ပေါ်နေသည့်အခြေအနေတွင်လည်း နိုင်ငံ၏အရေးပေါ်ကာလ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများတွင် ဦးတည်ချက် (၉) ရပ်ချမှတ်ကာ ဆောင်ရွက်သွားမည်ဖြစ်သလို နိုင်ငံ၏ရှေ့လုပ်ငန်းစဉ် (၅) ရပ်တွင်လည်း အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း ထုတ်ပြန်ကြေညာပြီး ဖြစ်သည်။ ထို့ပြင် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပပြီး အနိုင်ရသည့် ပါတီကို ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။ ထို့ကြောင့် ပြည်သူများအနေဖြင့် အခြားသော သွေးထိုးမှုများ၊ သတင်းအချက်အလက်မှားများကို နားယောင်ခြင်းမရှိဘဲ မိမိတို့လျှောက်လှမ်းနေသည့် ဒီမိုကရေစီလမ်းကြောင်းပေါ်မှ သွေဖည်သွားစေမည့် အပြုအမူများကို သတိကြီးစွာရှောင်ရှားရမည်ဖြစ်။**

တည်ငြိမ်အေးချမ်းမှုဆိုသည်မှာ ပြည်သူများ၏ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး ရရှိခြင်းပင်ဖြစ်သည်။ တရားဥပဒေစိုးမိုးခြင်းဆိုသည်မှာ ဥပဒေများကို လက်တွေ့အကောင်အထည်ဖော်ပေးခြင်းပင်ဖြစ်သည်။ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် လူမှုအသိုင်းအဝိုင်းများအကြားတွင် လူမှုသဟဇာတဖြစ်ရေးသည် အလွန်အရေးကြီးပါသည်။ လူ့အဖွဲ့အစည်းအတွင်း အချင်းချင်း ယုံကြည်မှု၊ အပြန်အလှန်နားလည်မှု၊ စိတ်ရှည်သည်းခံမှုများဖြင့် လူမှုသဟဇာတဖြစ်ရေးကို အကောင်အထည်ဖော်ရမည် ဖြစ်ပေသည်။ လူမှုအသိုင်းအဝိုင်းများတွင်ရှိသည့် အကျပ်အတည်းများ၊ ကန့်သတ်ချုပ်ချယ်မှုများ၊ ခွဲခြားဆက်ဆံမှုများနှင့် တရားမျှတမှုမရှိခြင်းများသည် ပဋိပက္ခများကို ဖြစ်ပေါ်လာစေသည့်အပြင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ကြီးစွာသော အနှောင့်အယှက် ဖြစ်စေပါသည်။

**အိပ်မက်ဆိုးတစ်ခုပမာ**

မြန်မာနိုင်ငံသည် နယ်ချဲ့လက်အောက်သို့ ကျရောက်ခဲ့သည့် အချိန်မှစ၍ ယနေ့ကာလအထိ မတည်ငြိမ်မှုအမျိုးမျိုးနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည့် လမ်းကြောင်းပေါ် ရောက်လာသည်နှင့် အဖျက်အမှောင့်အမျိုးမျိုးကို ကြုံရဆုံရသည်။ ထို့ကြောင့် တိုင်းပြည်သည် ဒေသတွင်းရှိအခြားသောတိုင်းပြည်များနှင့် နှိုင်းယှဉ်လျှင် အကြိမ်ကြိမ် နောက်ကျကျန်ခဲ့ပြီး ဘက်စုံကဏ္ဍစုံ၌ ဖွံ့ဖြိုးမှုနှေးကွေးခဲ့ရသည်မှာ အားလုံးအသိပင်ဖြစ်သည်။ အနီးစပ်ဆုံး ဥပမာပြရလျှင် ၁၉၈၈ အရေးအခင်းဖြစ်ပေါ်လာခဲ့ခြင်းကို ညွှန်းဆိုရမည်ဖြစ်သည်။ အမျိုးမျိုးသော ပဋိပက္ခများနှင့် အကျပ်အတည်းများကို ရင်ဆိုင်ကျော်ဖြတ်လာခဲ့ရပြီးနောက် မြန်မာနိုင်ငံသည် အသစ်တစ်ဖန်သော အပြောင်းအလဲဖြစ်ပေါ်ရန် နှစ်ပေါင်း ၂၀ ကျော် ကြိုးပမ်းဆောင်ရွက်ခဲ့ရသည်။ ၈၈ အရေးအခင်းကြောင့် လူပေါင်းများစွာ သေကျေရသည်။ ဘဝပေါင်းများစွာ အညွန့်တုံးခဲ့သည်။ ထိုကာလကို သိခဲ့မီခဲ့သူများအဖို့ ပြန်ပြောင်းတွေးချင်စရာမရှိသည့် ကာလတစ်ခု ဖြစ်ခဲ့သည်။ မတည်ငြိမ်မှု၊ ဆူပူအုံကြွမှုများနှင့်အတူ ကျီးလန့်စာစားနေရသည့် ပြည်သူများ၏ဘဝသည် အိပ်မက်ဆိုးတစ်ခုပမာပင်။

အဖြစ်အပျက်တစ်ခုသည် ဖြစ်ပွားရန်နှင့် ပျက်စီးဆုံးရှုံးရန် လွယ်ကူသလောက် ပြန်လည်တည်ဆောက်ရန် အချိန်များစွာ ယူရသည်။ တိုင်းပြည်တစ်ပြည် ပြာကျရန် သေးငယ်သည့် ပဋိပက္ခတည်းဟူသော မီးစလေးသာလိုအပ်သော်လည်း ပြန်လည်တည်ဆောက်ရန်မှုကား များစွာသောအရင်းအနှီးများ လိုအပ်ပေသည်။ အချိန်၊ ငွေ၊ အရင်းအမြစ်များစွာ အသုံးပြု၍ တိုင်းပြည်၏ အခြေခံအကျဆုံး အုတ်မြစ်များကို ပြန်လည်တည်ဆောက်နိုင်သည် ဆိုစေဦးတော့ ပြည်သူများ၏ စိတ်နှလုံးတွင် စွဲထင်နေသည့် အနာတရများနှင့် ဒဏ်ရာများသည် ဖြေဖျောက်ရန် ခက်ခဲနေဦးမည်သာဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ အတိတ်သည် ဖြစ်ခဲ့ပျက်ခဲ့ပြီးလေပြီ။ အသက်၊ သွေး၊ ချွေးတို့ဖြင့် စတေး၍ ရယူခဲ့ရသော သင်ခန်းစာများသည် ခါးသီးလွန်းလှသည်။

**နှစ်ပေါင်း ၃၀ ကျော် ကြာမြင့်ခဲ့ပြီးနောက် ယခု ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင်လည်း အလားတူ ပဋိပက္ခများ ကြုံတွေ့လာခဲ့ရသည်။ မတူညီသော အမြင်ရှုထောင့်များဖြင့် တိုင်းပြည်၏ တည်ငြိမ်အေးချမ်းမှုကို နှောင့်ယှက်မှုများ ကြုံလာခဲ့ရသည်။ နိုင်ငံ၏ တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုဟူသော အနေအထားကို ပျက်စီးယိမ်းယိုင်စေသော အခြေအနေများ ဖြစ်ပေါ်လာစေရန် သွေးထိုးမှုများ၊ သွေးဆောင်မှုများ ဖြစ်ပေါ်လာခဲ့သည်။ နိုင်ငံကို ပျက်စီးဆုတ်ယုတ်စေမည့်လမ်းစဆီသို့ တွန်းပို့မှုများ မြင်တွေ့လာရသည်။ ပြည်သူများကို အမျိုးမျိုးသော ဝါဒမှိုင်းများဖြင့် လမ်းမပေါ်သို့ရောက်အောင် ဆွဲခေါ်လာကြသည်။ ထိုသို့သော အခြေအနေတွင် ပြည်သူများ၏ နိုင်ငံရေးအသိ ရေချိန်မြင့်မားမှုသည် လွန်စွာအရေးကြီးပါသည်။ မြန်မာနိုင်ငံ၏ လွန်ခဲ့သောနှစ်ပေါင်း ၃၀ က အတွေ့အကြုံကို နမူနာပြု သင်ခန်းစာယူကာ ထိုသို့သောအဖြစ်အပျက်များ ထပ်မံဖြစ်ပွားခြင်းမရှိစေရန် သမိုင်းရဟတ် တစ်ပတ်မလည်စေရန် ဆောင်ရွက်ရမည်ဖြစ်သည်။**

**အခက်အလက်တစ်ခုသာပင်ဖြစ်**

နိုင်ငံတစ်နိုင်ငံ၏ ဖြတ်သန်းမှုကို လေ့လာကြည့်လျှင် တော်လှန်ရေးသည် အလုံးစုံသော အောင်မြင်မှု၏ ပင်စည်မဟုတ်ပါ။ အခက်အလက်တစ်ခုသာပင်ဖြစ်သည်။ တော်လှန်ရေးကို လိုအပ်သော အချိန်ကာလရှိသလို ပြုပြင်ပြောင်းလဲမှုဆောင်ရွက်ရမည့် အချိန်ကာလလည်း ရှိပေသည်။ တိုင်းပြည်တစ်ပြည်၊ နိုင်ငံတစ်နိုင်ငံကို တော်လှန်ရေးဖြင့် အလုံးစုံပြုပြင်ပြောင်းလဲ၍ မရနိုင်ပေ။ နိုင်ငံတကာတွင် နိုင်ငံရေးအတွေးအခေါ်များ ပြောင်းလဲနေသလို ဆောင်ရွက်ချက်များလည်း ပြောင်းလဲနေသည်ကို သတိပြုရပေမည်။ ထို့အပြင် မိမိနိုင်ငံ၏ လက်ရှိရောက်နေသော အခြေအနေနှင့် အချိန်ကာလကိုလည်း တွက်ဆရမည်သာဖြစ်သည်။

ယခုကာလတွင် မြန်မာနိုင်ငံသည် အခက်အခဲများကြားမှ ရုန်းကန်လွန်မြောက်၍ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်နေချိန်ဖြစ်ပါသည်။ ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ဆယ်စုနှစ်တစ်စုစာ ဖြတ်သန်းလာခဲ့ပြီးချိန်လည်း ဖြစ်ပါသည်။ ယနေ့ဖြစ်ပေါ်နေသော အကျပ်အတည်းများ၊ အဖြစ်အပျက်များသည်လည်း ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဥပဒေလမ်းကြောင်းမှန်ပေါ်တွင် ရပ်တည်ရင်ဆိုင်ဖြေရှင်းသွားရမည့် အရာများသာ ဖြစ်ပါသည်။ ပဋိပက္ခများသည် ပြဿနာများအတွက် မှန်ကန်သည့်အဖြေကို ရရှိစေမည်မဟုတ်ပါ။ စိတ်ရှည်သည်းခံခြင်း၊ နှိုင်းချင့်တွေးဆခြင်းနှင့် မျှတရှုမြင်ခြင်းတည်းဟူသော ပညာဉာဏ်ဖြင့်သာ လိုအပ်သည့်အဖြေကို ရှာဖွေနိုင်မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် ခက်ခဲကြမ်းတမ်းသည့် ဒီမိုကရေစီခရီးလမ်းကို လျှောက်လှမ်းလာနိုင်ခဲ့သည်မှာ နိုင်ငံကို ဦးစီးဦးဆောင်ပြုသည့် ခေါင်းဆောင်များ၏ ရှေ့ဆောင်လမ်းပြမှုသာမက နိုင်ငံသူ နိုင်ငံသား ပြည်သူလူထု၏ နောက်လိုက်ကောင်းပီသစွာ ညီတူညာတူ ဆောင်ရွက်မှုလည်း အပါအဝင်ဖြစ်သည်။ နိုင်ငံတကာက စံထားရလောက်အောင်ပင် ကောင်းမွန်သည့် အကူးအပြောင်းကာလကို ဖြတ်သန်းနိုင်ခဲ့ပြီး ဒီမိုကရေစီနိုင်ငံတစ်ခုအဖြစ် ရပ်တည်နေသည့် အချိန်အခါကောင်း ဖြစ်ပါသည်။ ဒီမိုကရေစီ၏ စံနှုန်းများအတိုင်း မိမိတို့နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများအတိုင်း နိုင်ငံကို အရှိန်အဟုန်ဖြင့် ဆက်လက်ချီတက်ရမည့်ကာလလည်း ဖြစ်ပါသည်။

**သတိကြီးစွာရှောင်ရှား**

လတ်တလော အပြောင်းအလဲဖြစ်ပေါ်နေသည့် အခြေအနေတွင်လည်း နိုင်ငံ၏ အရေးပေါ်ကာလ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများတွင် ဦးတည်ချက် (၉) ရပ်ချမှတ်ကာ ဆောင်ရွက်သွားမည်ဖြစ်သလို နိုင်ငံ၏ရှေ့လုပ်ငန်းစဉ်(၅)ရပ်တွင်လည်း အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း ထုတ်ပြန်ကြေညာပြီးဖြစ်သည်။ ထို့ပြင် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပပြီး အနိုင်ရသည့်ပါတီကို ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။ **ထို့ကြောင့် ပြည်သူများအနေဖြင့် အခြားသောသွေးထိုးမှုများ၊ သတင်းအချက်အလက်မှားများကို နားယောင်ခြင်းမရှိဘဲ မိမိတို့လျှောက်လှမ်းနေသည့် ဒီမိုကရေစီလမ်းကြောင်းပေါ်မှ သွေဖည်သွားစေမည့် အပြုအမူများကို သတိကြီးစွာရှောင်ရှားရမည်ဖြစ်သည်။**

ခေတ်တိုင်း၊ စနစ်တိုင်းတွင် ပြည်သူများအနေဖြင့် လိုလားတောင့်တသည့် အရေးအကြီးဆုံးအချက်မှာ တည်ငြိမ်အေးချမ်းရေးပင်ဖြစ်သည်။ တည်ငြိမ်အေးချမ်းမှသာ ရပ်ရွာတစ်ခွင် သာယာချမ်းမြေ့ပြီး ပြည်သူများ၏ လူမှုစီးပွားဘဝများ အဆင်ပြေပေလိမ့်မည်။ မည်သည့် ခံယူချက်၊ ယုံကြည်ချက်များ ရှိသည်ဖြစ်စေ နိုင်ငံ၏ တိုးတက်မှု၊ ဆုတ်ယုတ်မှု စသည့် ကောင်းမွေဆိုးမွေအားလုံးကို နိုင်ငံတော်၌ မှီတင်းနေထိုင်သော နိုင်ငံသူ နိုင်ငံသားအားလုံး ရင်ဆိုင်ခံရမည်သာဖြစ်သည်။ ထို့ကြောင့် တိုင်းပြည်၏ ပကတိအနေအထားကို ကောင်းစွာသဘောပေါက်ပြီး မှန်ကန်ကောင်းမွန်သော သဘောထားအမြင်များဖြင့် လုပ်ကိုင်ဆောင်ရွက်မှသာ မိမိတို့လိုလားတောင့်တသည့် တည်ငြိမ်အေးချမ်းသော ဒီမိုကရေစီနိုင်ငံတော်ကို အခြေမယိုင်စေဘဲ ပိုမိုခိုင်မာအောင် တည်ဆောက်နိုင်မည် ဖြစ်ပါတော့သည်။ ။

# နိုင်ငံတော်မတည်မငြိမ်ဖြစ်စေရေး မြေပေါ်/မြေအောက်အဖွဲ့အစည်းပေါင်းစုံမှ ငွေကြေးအမြောက်အမြား အကုန်အကျခံကာ နေရာအနှံ့အပြားတွင် ကွန်ရက်သဖွယ် လှုံ့ဆော်ဆောင်ရွက်လျက်ရှိ



**နေပြည်တော် မတ် ၅**
နိုင်ငံတော်မတည်မငြိမ်ဖြစ်စေရေး မြေပေါ်/မြေအောက်အဖွဲ့အစည်းပေါင်းစုံမှ ငွေကြေးအမြောက်အမြား အကုန်အကျခံကာ နေရာအနှံ့အပြားတွင် ကွန်ရက်သဖွယ် လှုံ့ဆော်ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ ထုတ်ပြန်ချက်တွင် လက်ရှိအချိန်၌ နိုင်ငံတော်တည်ငြိမ်အေးချမ်းသာယာရေးနှင့် လုံခြုံမှုရှိစေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသော်လည်း တစ်ဦးတစ်ယောက်၊ တစ်ပါတီအဖွဲ့အစည်းအပေါ် သစ္စာခံကာ အမှန်တရားကို မျက်ကွယ်ပြုပြီး နိုင်ငံတော်မတည်မငြိမ်ဖြစ်စေရေးကို မြေပေါ်/မြေအောက်အဖွဲ့အစည်းပေါင်းစုံမှ ငွေကြေးအမြောက်အမြား အကုန်အကျခံကာ နေရာအနှံ့အပြားတွင် (ကွန်ရက်)သဖွယ် လှုံ့ဆော်ဆောင်ရွက်နေသည်ကို တွေ့ရှိရကြောင်း။

လူထုအနေဖြင့်(အေးချမ်းစွာဆန္ဒပြနေသည်) ဟူသည့်ခေါင်းစဉ်ကို နိုင်ငံတကာပုံရိပ်သို့ ပျံ့နှံ့ရောက်ရှိအောင် သတင်းမီဒီယာများဖြင့် ဆောင်ရွက်လျက်ရှိသော်လည်း လက်တွေ့အခြေအနေတွင် ဖြစ်ပွားလျက်ရှိသည့် ဖြစ်ရပ်များအရ သာမန်ဆန္ဒပြသည့်အနေအထားမှ ဆူပူမှုနှင့် အဖျက်အမှောင့်လုပ်ငန်းများမှတစ်ဆင့် အကြမ်းဖက်ဖြစ်စဉ်ဖြစ်ရပ်များသို့ ပိုမိုဦးတည်ဆောင်ရွက်လာနေကြသည်ကို အမှန်တရားကိုလိုလားသူ၊ အေးချမ်းသာယာမှုကိုလိုလားသူအများပြည်သူလူထုအနေဖြင့် သိမြင်နားလည်ကြသည်ကိုတွေ့ရကြောင်း။

နိုင်ငံတော်အတွင်း မတ် ၅ ရက်တွင် လူစုလူဝေးဖြင့် ဆန္ဒပြဖြစ်စဉ်များ၊ အကြမ်းဖက်မှုဖြစ်စဉ်များ ပြုလုပ်ခဲ့မှုအနေဖြင့်လည်းကောင်း၊ လူလူချင်း ထောက်ထားညှာတာမှုမရှိဘဲ အကြမ်းဖက်ဝါဒ ဆန်ဆန်ပြုမူမှုများ၊ အိမ်ဖောက်ထွင်းပစ္စည်းလုယက်မှုဖြစ်စဉ်များ၊ အဆောက်အဦဖျက်ဆီးမှု ဖြစ်စဉ်များ ကျူးလွန်ဆောင်ရွက်ခဲ့မှုများကိုလည်းကောင်း လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အဓိကရုဏ်းနှိမ်နင်းရေး လက်နက်များကို အသုံးပြုခြင်း၊ အသံမြည်ဗုံး၊ မျက်ရည်ယိုဗုံးများ အသုံးပြုပြီး ထိခိုက်ဒဏ်ရာရရှိမှု အနည်းဆုံးဖြစ်အောင် ဦးတည်ဆောင်ရွက်လျက်ရှိကြောင်း။

မတ် ၅ ရက်တွင် ဆူပူအကြမ်းဖက်ဆောင်ရွက်ခဲ့သည့် ဖြစ်စဉ်များအနေဖြင့် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်း၊ အလုံ၊ စမ်းချောင်းနှင့် သာကေတမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၊ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်တို့တွင် လူစုလူဝေးများဖြစ်ပွားခဲ့၍ လုံခြုံရေးတပ်ဖွဲ့ဝင်များမှ ဖြိုခွဲထိန်းသိမ်းခဲ့ရကြောင်း။

ဖြစ်စဉ်ဖြစ်ရပ်များကို လေ့လာသုံးသပ်ရာတွင် ဆူပူအုံကြွမှုနည်းပါးသောဒေသများရှိ လူငယ်ထုများအား နောက်ကွယ်ရှိ တိမ်းရှောင်ပုန်းခိုနေသူများက ဖိအားပေးခြင်း၊ ခြိမ်းခြောက်ခြင်း၊ ကောလာဟလနည်းမျိုးစုံဖြင့် မခံမရပ်နိုင်အောင်နှိုးဆွခြင်း၊ လူငယ်ထု၏ စိတ်ခံစားမှုကို တက်ကြွလာအောင် ငွေကြေးထောက်ပံ့မှုများအပါအဝင် နည်းမျိုးစုံအသုံးပြုခြင်းများကို မပြတ်ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပြီး လူငယ်ထု၏ မိဘများအနေဖြင့် လွန်စွာပူပန်စိတ်သောကရောက်ရှိနေကြကြောင်း ဖော်ပြထားသည်။

**သတင်းစဉ်**









# ဝန်ထမ်းဘဝနဲ့ တည်ဆောက်နေရတဲ့ မိသားစုအတွက် ရေရှည်အကျိုးကို မြော်တွေးပြီး CDM မှာ မပါဝင်ဘူး။ ကျွန်တော် ရုံးတက်နေပါတယ်

ကိုထွန်းထွန်း(အမည်လွှဲ)

**CDM (Civil Disobedience Movement)တွင် လူအများစုပါဝင်စေရန်အလို့ငှာ လူမှုကွန်ရက်ကို လွဲမှားစွာအသုံးချခြင်းဖြင့်လည်းကောင်း၊ နောက်ကွယ်မှ တစ်ခဏတာ ထောက်ပံ့ကူညီခြင်းဖြင့်လည်းကောင်း မက်လုံးအမျိုးမျိုးပေး၍ သွေးထိုးလှုံ့ဆော် တွန်းအားပေးဆောင်ရွက်နေကြသည်ကို တွေ့ရှိနေရသည်။**

**ထို့ကြောင့် CDM လှုပ်ရှားမှုနှင့်စပ်လျဉ်းသည့် ပြည်သူအချို့၏အမြင်များကို တွေ့ဆုံမေးမြန်းစုစည်းဖော်ပြလိုက်ပါသည်။**

## ကိုမေတ္တာ (နေပြည်တော်)

"CDM လုပ်တဲ့ဝန်ထမ်းတွေကို စာအိတ်တွေထဲမှာ ပိုက်ဆံတွေထည့်ပြီး ထောက်ပံ့ပေးနေတယ်။ CDM မလုပ်တဲ့သူတွေကိုလည်း ဆန်နဲ့ ဆီတွေထောက်ပံ့ပေးပြီး စည်းရုံးနေတာ တွေ့ရတယ်။ လစဉ် ထောက်ပံ့မယ်ဆိုတဲ့ ပြောဆိုမှုတွေနဲ့ စည်းရုံးကြတာတွေ့ရတယ်။ ဒါပေမယ့် ထောက်ပံ့သူတွေက ဘယ်သူတွေဆိုတာမသိရဘူး။ မေးကြည့်တဲ့အခါ လူမှုကွန်ရက်တစ်ခုဖြစ်တဲ့ ဖေ့စ်ဘွတ်မှာပါတဲ့ လိပ်စာတွေကို CDM မှာ ပါဝင်နေတဲ့ ဝန်ထမ်း ဘယ်သူဖြစ်ကြောင်း၊ ဝန်ထမ်းမဟုတ်ရင်လည်း CDM လုပ်နေတဲ့ ဦး ဘယ်သူ၊ ဒေါ်ဘယ်သူဖြစ်ကြောင်း မက်ဆေ့ချ်ကနေတစ်ဆင့် သတင်းပို့ပေးရတယ်လို့ အကြမ်းဖျင်းပြောနေကြတယ်။

"ဒီလုပ်ရပ်ဟာဘယ်လိုသဘောကိုဆောင်သလဲ။ ဒီလိုလုပ်ဆောင်ခြင်းအားဖြင့် နိုင်ငံတော်ရဲ့ ယန္တရားရပ်တန့်သွားမယ်ဆိုတဲ့ လွဲမှားတဲ့ အယူအဆကြောင့်ဖြစ်ပါတယ်။ အဲဒီလို နောက်ကွယ်က အားပေးကူညီထောက်ပံ့ခြင်းတွေဟာ လက်ရှိ တည်ဆဲဥပဒေတွေနဲ့ ညီညွတ်ပါရဲ့လားလို့မေးချင်တယ်။ ဘာပဲဖြစ်ဖြစ် ငြိမ်းငြိမ်းချမ်းချမ်း အမြန်ဆုံးဖြစ်သွားစေချင်တယ်။ CDM အကြမ်းဖက်လှုပ်ရှားမှုတွေကို ဆန့်ကျင်တယ်။ ဝန်ထမ်းဘဝနဲ့ တည်ဆောက်နေရတဲ့ မိသားစုအတွက် ရေရှည်အကျိုးကို မြော်တွေးပြီး CDM မှာ မပါဝင်ဘူး။ ကျွန်တော် ရုံးတက်နေပါတယ်" ဟု CDM တွင်မပါဝင်သည့် ဒုတိယဦးစီးမှူးအဆင့်ရှိသူ ကိုထွန်းထွန်း (အမည်လွှဲ)က ပြောသည်။

"CDM မှာ မပါဝင်တဲ့သူတွေကို အင်တာနက်စာမျက်နှာတွေမှာ Social Bullying လုပ်ဖို့လှုံ့ဆော်တာတွေ၊ ဆဲဆိုတာတွေကို လုံးဝမလုပ်စေချင်ပါဘူး။ ဖြစ်လည်း မဖြစ်သင့်ဘူး။ ဒီမိုကရေစီစနစ်အရ လွတ်လပ်စွာ သဘောထားကွဲလွဲခွင့်ရှိတယ်ဆိုပေမယ့် ခံယူချက်၊ ယုံကြည်ချက် မတူလို့ဆိုပြီး သူတစ်ပါးရဲ့ကိုယ့်ကျင့်တရားကိုစော်ကားတဲ့ လုပ်ရပ်တွေကို ရှုတ်ချတယ်၊ ဆန့်ကျင်တယ်။ CDM လုပ်သူအချို့က CDM မှာ မပါဝင်ဘဲ ရုံးတက်တဲ့သူတွေကို ပေါ်ပေါ်တင်တင်စော်ကားပြစ်တင်ပြောဆိုတာတွေတွေ့ရတယ်။ CDM မှာ မပါဝင်တဲ့ နိုင်ငံ့ဝန်ထမ်းတွေရဲ့ သည်းခံနိုင်မှုအတိုင်းအတာကိုလည်း ချီးကျူးရမှာဖြစ်တယ်။ ဒီလိုလုပ်ရပ်တွေဟာ ဒီမိုကရေစီစနစ်ကို လိုက်နာကျင့်သုံးနေတာမဟုတ်ပါဘူး။ ဒီမိုကရေစီစနစ်နဲ့ ဆန့်ကျင်တဲ့လုပ်ရပ်တွေသာဖြစ်တယ်။ လူမှုကွန်ရက်မှာ စော်ကားခံရတဲ့သူတွေက အမှန်တရားအတွက် တရားစွဲခဲ့ရင် အခက်အခဲမဖြစ်ပေဘူးလား။

"တစ်ဖက်စွန်းရောက်သူတွေက ဘာပဲဖြစ်ဖြစ်ဆိုပြီး လူဆိုးလူမိုက်အတွေးတွေနဲ့ CDM မှာ ပါဝင်လှုပ်ရှားနေကြတာ အကြောင်းမဟုတ်ပေမယ့် အမှန်တကယ်ပြည်သူ့အကျိုးစီးပွားဖြစ်ထွန်းရေးကို ရှေးရှုလုပ်ဆောင်နေကြတဲ့ ဝန်ထမ်းတွေက CDM လုပ်ကြမှာ မဟုတ်ဘူးဆိုတာ ယုံကြည်တယ်။ လူကောင်းသူကောင်းနဲ့ပေါင်းဖော်မှ လူကောင်းသူကောင်းဖြစ်မယ်။ လူဆိုးလူမိုက်နဲ့ပေါင်းဖော်ရင် လူဆိုးလူမိုက်ပဲဖြစ်သွားမယ်။ ငယ်စဉ်ကျောင်းတက်တုန်းက သင်ကြားခဲ့ရတဲ့ ကျေးညီနောင်ဥပမာသင်ခန်းစာလိုပဲပေါ့။ ဒါကြောင့် လူမှုကွန်ရက်တွေမှာ သူတစ်ပါးအခွင့်အရေးကို စော်ကားတဲ့အကြောင်းအရာတွေမတင်စေချင်ဘူး။ ဘဝရှေ့ရေးကို မြော်တွေးခြင်းမရှိတဲ့သူတွေရဲ့ လုပ်ရပ်တွေကို အတုမြင် အတတ်သင်မလုပ်စေချင်ဘူး" ဟု ဖေ့စ်ဘွတ် လူမှုကွန်ရက်စာမျက်နှာအသုံးပြုသူ မမို့မို့ (အမည်လွှဲ)က သူ၏ယုံကြည်ချက်ကို ပြောပြသည်။

ယခု CDM လှုပ်ရှားမှုများအား ယခင် ၁၉၈၈ ခုနှစ် အရေးအခင်းတွင် တွေ့ကြုံခဲ့ရသည့်ဖြစ်ရပ်သင်ခန်းစာများနှင့် နှိုင်းယှဉ်၍ ငြိမ်းချမ်းစွာ ရုံးတက်စေလိုကြသည့် အငြိမ်းစားဝန်ထမ်းများလည်းရှိနေသေးသည်။

"အခု CDM လှုပ်ရှားမှုတွေကို ၁၉၈၈ အရေးအခင်းနဲ့ နှိုင်းယှဉ်ပြီး ပြောချင်တယ်။ အခု CDM လှုပ်ရှားမှုတွေက ၁၉၈၈ ခုနှစ်တုန်းကလို ပြင်းထန်မှုမရှိသလို တစ်ဖက်ကလည်း ပြင်းပြင်းထန်ထန် နှိမ်နင်းတာ မတွေ့ရဘူး။ ဥပဒေမဲ့လုပ်ရပ်တွေနဲ့ အကြမ်းဖက်မှုတွေ လုပ်ဆောင်လာပြီဆိုရင်တော့ တရားဥပဒေစိုးမိုးရေးနဲ့ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးအတွက် လုပ်ဆောင်သင့်တာတွေကိုလုပ်ဆောင်ကြရမှာဖြစ်တယ်။ သွေးထိုးလှုံ့ဆော်စည်းရုံးတာတွေနဲ့ သဘောထားဆန္ဒမတူညီတဲ့သူတွေကို အန္တရာယ်ပြုချင်တဲ့အပြုအမူတွေကို ရှောင်ရှားကြစေချင်ပါတယ်။ ဘာဖြစ်လို့ ဒီလိုပြောရသလဲဆိုရင် ကျွန်တော် အသက် ၆၁ နှစ်ရှိပြီဖြစ်တဲ့အတွက် ၁၉၈၈ အရေးအခင်းကို ကောင်းကောင်းကြီးမီခဲ့တယ်။ အဲဒီအရေးအခင်းရဲ့ မြင်ကွင်းစုံတွေကနေ သင်ခန်းစာတွေ ကောင်းကောင်းကြီးရခဲ့တယ်" ဟု ဝန်ကြီးဌာနတစ်ခုမှ အငြိမ်းစားဝန်ထမ်း ဦးကျော်စွာ (အမည်လွှဲ)က ပြောပြသည်။

"ကျွန်တော့်ဇနီးက နေပြည်တော် က ဝန်ထမ်းတစ်ဦးဖြစ်ပါတယ်။ ကျွန်တော့်ဇနီး ရုံးတက်ဖို့ ရုံးကိုဆိုင်ကယ်နဲ့ ကိုယ်တိုင်မောင်းပြီးလိုက်ပို့ပါတယ်။ လမ်းမှာ CDM လှုပ်ရှားသူအချို့က ဆိုင်ကယ်ကိုတားပြီး ဘယ်သွားမလို့လဲလို့မေးတဲ့အခါ ကျွန်တော်က အငြိမ်းစား ဝန်ထမ်းဖြစ်တဲ့အကြောင်း၊ ဇနီးသည်က လက်ရှိဝန်ထမ်းဖြစ်တဲ့အကြောင်း ယဉ်ကျေးစွာ ပြောပြလိုက်ပါတယ်။ ဒါပေမယ့် CDM လှုပ်ရှားသူတွေက အငြိမ်းစားပဲဖြစ်ဖြစ်၊ လက်ရှိ ဝန်ထမ်းပဲဖြစ်ဖြစ် CDM မှာပါဝင်စေချင်တယ်လို့ စည်းရုံးပါတယ်။ CDM မှာ မပါဝင်နိုင်ကြောင်းပြောဆိုတောင်းပန်ပြီး ဇနီးသည်ကို ရုံးကို လိုက်ပို့လိုက်တယ်။ ဘာပဲဖြစ်ဖြစ် CDM မှာ မပါဝင်လိုသူတွေကို အဓမ္မမစည်းရုံးစေချင်ပါဘူး။ အတိတ်ကာလအဖြစ်အပျက်တွေကိုလေ့လာသုံးသပ်ပြီး CDM မလုပ်စေချင်ဘူး။ အားလုံးကို ငြိမ်းချမ်းစေချင်ပါတယ်။ ပုံမှန်ပဲရုံးတက်သွားကြစေချင်ပါတယ်"ဟု ၎င်းကဆိုသည်။

အလားတူ ငြိမ်းချမ်းစွာဘဝရပ်တည်မှုကို ဆောင်ရွက်လိုသည့် ဈေးသည်များနှင့် နေပြည်တော်ဝန်ထမ်းအိမ်ရာများတွင် နေထိုင်သူ မှီခိုသူများ၏ စကားသံများကို CDM တွင် ပါဝင်လှုပ်ရှားနေကြသူများ ကြားသိစေလိုသည်။

"အခုတစ်လော ဈေးဝယ်ဈေးရောင်းလုပ်ရတာ ငြိမ်းချမ်းတဲ့ကာလတွေတုန်းကလို သိပ်အဆင်မပြေဘူး။ ပျဉ်းမနားမြို့က ကင်ပွန်းတန်း (ဘောဂသီရိ)ဈေးကို နံနက်စောစော ဈေးဝယ်သွားပြီး နေပြည်တော် ဝန်ထမ်းအိမ်ရာတွေကို လှည့်လည်ရောင်းချပါတယ်။ CDM ပါဝင်ဖို့ စည်းရုံးလာမှာနဲ့ မပါဝင်ရင် အန္တရာယ်ပြုမလားဆိုတဲ့အတွေးတွေကြောင့် အိမ်ပြန်မရောက်မချင်း စိုးရိမ်ကြောင့်ကြနေရတယ်။ တစ်ဖက်မှာ စားဝတ်နေရေးဖြေရှင်းဖို့ကလည်း ရှိနေပြန်တယ်။ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ဈေးရောင်းရတာ အဆင်မပြေ ဖြစ်နေရတဲ့အချိန်မှာ ဒီ CDM လှုပ်ရှားမှုကပေါ်လာတော့ ဈေးရောင်းစားရတာ ပိုပြီးအဆင်မပြေဖြစ်ရတယ်။ အရင်က နေ့လယ်ပိုင်းလောက်ဆိုရင် အိမ်ပြန်ရောက်ခဲ့ပေမယ့် အခု ညနေ ၅ နာရီခွဲလောက်မှပဲ အိမ်ပြန်ရောက်တော့တယ်။ အရင်လို အေးအေးချမ်းချမ်းနဲ့ အိမ်ပြန်ရောက်ချင်တယ်။ စိုးရိမ်သောကတွေနဲ့ ဈေးလှည့်မရောင်းချင်ဘူး။ အိမ်နဲ့ပတ်သက်လို့ ရုံးလုပ်ငန်းကိစ္စတွေ ဆောင်ရွက်ဖို့သွားတဲ့အခါ အမြန်ဆုံးအဆင်ပြေချောမွေ့စေချင်တယ်။ ဝန်ထမ်းတွေ CDM လုပ်နေလို့ ပြည်သူ့အတွက်ဝန်ဆောင်မှုလုပ်ငန်းတွေ နှောင့်နှေးနေတယ် ဆိုတာမျိုးတွေမဖြစ်စေချင်ဘူး။ ကျွန်တော်တို့ စားဝတ်နေရေးအတွက်လည်း အချိန်ပေးရဦးမှာမို့ တန်ဖိုးရှိတဲ့အချိန်တွေ အချည်းအနှီး မကုန်ဆုံးစေချင်ဘူး။ ဒါကြောင့် CDM လှုပ်ရှားမှုကိုမရှိစေချင်ဘူး။ CDM ကိုဆန့်ကျင်တယ်" ဟု သုံးဘီးဆိုင်ကယ်ဖြင့် ဈေးလှည့်လည်ရောင်းချရင်း ဘဝကိုမှန်ကန်စွာ ရပ်တည်နေသူ ဦးမြင့်ရွှေ (အမည်လွှဲ)က ပြောသည်။

"ကျွန်တော့်ဇနီးက ဝန်ထမ်းတစ်ဦး ဖြစ်ပါတယ်။ အမျိုးသမီးကလည်း CDM မှာ ပါဝင်ဖို့ ဆန္ဒမရှိသလို ကျွန်တော်ကိုယ်တိုင်ကလည်း အားမပေးပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့မှာ ရှေ့ရေးမျှော်မှန်းချက်တွေ အများကြီးရှိပါသေးတယ်။ အခုကာလမှာ ဘာမှ ထိခိုက်ခံလို့မဖြစ်ပါ ဘူး။ လာရောက် စည်းရုံးမှုတွေရှိနေပေမယ့် CDM မှာ မပါဝင်လိုဘူးဆိုတဲ့ ကျွန်တော်တို့ရဲ့ ရပ်တည်ချက်ကို ရှင်းလင်းစွာ ပြန်လည်ပြောပြလိုက်ပါတယ်။

"အသိနဲ့ သတိတရားရှိဖို့လိုတယ်။ အတည်ပြုချက်ကင်းမဲ့တဲ့ ပြောဆိုချက်တိုင်းကို မယုံကြည်သင့်ဘူး။ ဗဟုသုတများများရှိဖို့လိုအပ်ပြီး အဲဒီဗဟုသုတတွေထဲက အချက်အလက်တွေဟာ မှန်ကန်မှု ရှိ၊ မရှိ စဉ်းစားဆင်ခြင်သုံးသပ်ကြရမှာဖြစ်တယ်။ အလားတူ CDM လှုပ်ရှားမှုဆိုရင်လည်း ဝန်ထမ်းတစ်ဦးအနေနဲ့ ပါဝင်သင့် မပါဝင်သင့်ဆိုတာကို လက်တွေ့ဆန်ဆန် ရှေ့ရေးမြော်တွေးကြရမှာဖြစ်ပါတယ်။ ဒါကြောင့် CDM ကို အားမပေးဘူး။ CDM ကိုကန့်ကွက်တယ် " ဟု နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ကံ့ကော်အိမ်ရာတွင် နေထိုင်သည့် ကိုမြင့်ဦး (အမည်လွှဲ) က ပြောသည်။

မိမိ၏ယုံကြည်ချက်သည် မိမိ၏ဆန္ဒသဘောထားသာဖြစ်သည်။ မိမိနှင့် ခံယူချက်မတူကြသူများကိုလည်း လေးစားကြရမည်ဖြစ်သည်။ မိမိတို့၏ ရေရှည်အကျိုးဖြစ်ထွန်းရေးကို မြော်တွေးကြစေလိုသည်။ ထို့ကြောင့် တည်ဆဲဥပဒေ၊ စည်းမျဉ်း စည်းကမ်းများကို လေးစားလိုက်နာပြီး ဒီမိုကရေစီနည်းလမ်းတကျ မိမိတို့၏ ဆန္ဒသဘောထားများကို မိမိတို့၏ယုံကြည်ချက်၊ ခံယူချက်များအတိုင်း အများသူငါ၏ ကိုယ်ကျင့်တရားနှင့် အကျိုးစီးပွားကို ထိခိုက်နစ်နာစေခြင်းမရှိဘဲ ငြိမ်းအေးစွာသာ ဆန္ဒထုတ်ဖော်သင့်ပါကြောင်း။

# အိမ်မဲမြို့နယ်၌ သီးနှံများပျက်စီးမှုအတွက် ထောက်ပံ့ငွေပေးအပ်

**အိမ်မဲ မတ် ၅**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ်တွင် ၂၀၂၀ ပြည့်နှစ်မိုးရာသီကာလ၌ ရွှေ့ခရုကျရောက်မှုကြောင့် သီးနှံများပျက်စီးမှုအတွက် စိုက်ပျိုးရေးဦးစီးဌာနမှ ထောက်ပံ့ငွေပေးအပ်ပွဲကို ယနေ့ မွန်းလွဲ ၁ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေပြည်တန်ခန်းမ၌ ကျင်းပကြောင်း သိရသည်။

"ယခုထောက်ပံ့ငွေပေးအပ်တာကတော့ ရွှေ့ခရုများကြောင့် သီးနှံများပျက်စီးမှုအတွက်ကျေးရွာအုပ်စုပေါင်း ၂၃ အုပ်စုမှ ပျက်စီးဧကပေါင်း ၂၇၁၇ ဒသမ ၃၃ ဧကအတွက် တစ်ဧကလျှင် ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် ငွေကျပ် ၂၇၁၇၀၀၀၀ ကို တောင်သူများ လက်ဝယ်အရောက်ထောက်ပံ့ပေးခြင်းဖြစ်ပါတယ်" ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးတင်မောင်ဦးက ပြောသည်။

ဆက်လက်ပြီး အိမ်မဲမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးလှမင်းသူနှင့် ဌာနဆိုင်ရာအကြီးအကဲများက ရွှေ့ခရုကျရောက်မှုကြောင့် သီးနှံများပျက်စီးဆုံးရှုံးသော သပေါင်းကျေးရွာအုပ်စုအတွက် ငွေကျပ် ၅၉၀၀၀၀၀၊ လှည်းဆိပ်ခြံကုန်းကျေးရွာအုပ်စုအတွက် ငွေကျပ် ၃၄၂၀၀၀၀၊ ကညင်ကုန်းကြီးကျေးရွာအုပ်စုအတွက် ငွေကျပ် ၁၁၉၀၀၀၀၊ နီစပ်ကြီးကျေးရွာအုပ်စုအတွက် ငွေကျပ် ၃၀၀၀၀၀၀ နှင့် ညောင်ဝိုင်းကြီးကျေးရွာအုပ်စုအတွက် ငွေကျပ် ၂၈၅၀၀၀၀ တို့ကို အသီးသီးထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



ကြေးမုံ အယ်ဒီတာ့ထံ ပေးစာ

# နိုင်ငံ့ဝန်ထမ်းများကို စိတ်ဖိအားပေါင်းစုံက ကင်းလွတ်ပြီး ဘဝလုံခြုံဖို့အတွက် ဆောင်ရွက်ပေးပါ

အယ်ဒီတာ
ကြေးမုံသတင်းစာ
ဆရာရှင့်..

ကျွန်မဟာနိုင်ငံ့ဝန်ထမ်းတစ်ယောက်ဖြစ်ပါတယ်။လုပ်သက်၂၆နှစ်ပြည့်တော့မှာမို့ အစိုးရအဆက်ဆက်လည်း မီသင့်သလောက်မီခဲ့ပါတယ်။ အစိုးရအဆက်ဆက် ပြောင်းလဲခဲ့ပေမယ့် နိုင်ငံ့ဝန်ထမ်းဖြစ်တဲ့ ကျွန်မကတော့ မပြောင်းလဲဘဲ ယနေ့ထိ ကိုယ့်ရဲ့တာဝန်နဲ့ဝတ္တရားကို ကျေပွန်အောင်ထမ်းဆောင်နေဆဲပါရှင်။

လတ်တလောဖြစ်ပေါ်နေတဲ့ နိုင်ငံ့အရေးအခင်းကြောင့် နေ့စဉ်နဲ့အမျှ စိတ်မချမ်းမြေ့စရာ မြင်ကွင်းတွေကို မမြင်ချင်မကြားချင်ပေမယ့် မြင်နေကြားနေရပါတယ်။ ရပ်ကွက်ထဲမှာလည်း ထိုနည်းလည်းကောင်းပါပဲ။ မထိခလုတ်ထိခလုတ်နဲ့ ရုံးတက်မပျက်တဲ့ကျွန်မတို့ကို စောင်းမြောင်းရန်လုပ်ခံနေရသလို ရုံးမှန်မှန်တက်တဲ့ ကျွန်မတို့လို ဝန်ထမ်းတွေကို ရုံးမတက်တဲ့ CDM ဝန်ထမ်းတွေက ရုံးမတက်နဲ့ရုန်းထွက်၊ ခုချိန်ထိရုံးတက်နေတာမရှက်ဖူးလား၊ သစ္စာဖောက် လောက်ကောင်တွေ စတဲ့ မကြားဝံ့မနာသာစကားလုံးတွေနဲ့ ကဲ့ရဲ့ရှုတ်ချနေတာကို နေ့စဉ်နဲ့အမျှကြုံတွေ့နေရပါတယ်ဆရာ။ အရေးအခင်း စဖြစ်ကတည်းက ဒီကနေ့ထိ ရုံးပျက်ရက်မရှိဘဲ နိုင်ငံ့တာဝန်ကို ထမ်းဆောင်နေတဲ့နိုင်ငံ့ဝန်ထမ်းပီသတဲ့ သစ္စာရှိတဲ့ဝန်ထမ်းတွေရှိသလို အစိုးရအဆက်ဆက် အလုပ်ကို ခိုကပ်ခဲ့တဲ့သူတွေ၊ အခွင့်အရေးကို အရင်လိုအချောင်လိုချင်တဲ့သူတွေ၊ ဖျက်လိုဖျက်ဆီးစိတ်ဓာတ်နဲ့ အရာရာကိုကန့်လန့်တိုက်ချင်တဲ့သူတွေကို ခုချိန်မှာ သဲသဲကွဲကွဲ မြင်တွေ့နေရပါပြီ။

CDMကိုအကြောင်းပြပြီး ဝန်ထမ်းလောကကြီးကို ဒုက္ခပေးချင်နေတဲ့သူတို့ရဲ့ အကြံအစည်မအောင်မြင်လေတော့ ဘက်စုံကနေ နည်းလမ်းအမျိုးမျိုးနဲ့ နှောင့်ယှက်နေပါတယ်ရှင်။

လူတိုင်း လွတ်လပ်စွာ သဘောကွဲလွဲခွင့်ရှိပါတယ်ဆရာ၊ အဓိကကတော့ ကိုယ့်လွတ်လပ်ခွင့်ဟာ သူတစ်ပါးကိုမထိခိုက်ဖို့ပဲလိုပါတယ်။ ကျွန်မတို့နိုင်ငံမှာ လူမျိုးပေါင်းစုံ ဘာသာပေါင်းစုံဟာ ကိုယ့်စိတ်ကြိုက်ယုံကြည်နိုင်ခွင့်ရှိသလို လွတ်လပ်စွာ ကိုးကွယ်ခွင့်လည်းရှိပါတယ်။ အခုချိန်ဟာ တောမီးလောင်တော့ တောကြောင်တွေက လက်ခမောင်းခတ်ချင်နေကြပါပြီ။ အစစအရာရာသတိထားသင့်နေပြီလို့ ထင်မိပါတယ်။ အထူးသဖြင့် နေ့စဉ်ရုံးတက်ရတဲ့ အလုပ်ဆင်းရတဲ့ ကျွန်မတို့လို နိုင်ငံ့ဝန်ထမ်းဘဝတွေဟာ ရုံးတက်ဖို့သွားတိုင်း ရာဇဝတ်မှုကျူးလွန်ထားတဲ့အကြည့်နဲ့ ဝိုင်းကြည့်ကြတာ ခံနေရပါတယ်။ အဆိုးဆုံးကတော့ CDM လုပ်တဲ့ဝန်ထမ်းတွေရဲ့ လှောင်ပြောင်စကား၊ ခနဲ့စကား၊ ပြက်ရယ်ပြုတဲ့စကားတွေကို အပြင်မှာပါမက လူမှုကွန်ရက်မှာပါ မြင်တွေ့နေရတော့ ကျွန်မတို့ရဲ့ဘဝဟာ လုံခြုံမှုမရှိဘဲ ရှင်သန်နေရပါလားဆိုတဲ့ အသိက တစ်ခါတစ်ခါမှာ သိမ်ငယ်စေပါတယ်။

ဆင်ဖြူမျက်နှာ ဆင်မည်းမကြည့်ဝံ့ဆိုတဲ့ စကားပုံပဲကြားဖူးခဲ့တာ ခုတော့ ပြောင်းပြန်ဖြစ်နေပါပြီ။ နိုင်ငံ့တာဝန်ကျေပွန်တဲ့ သစ္စာရှိတဲ့ဝန်ထမ်းတွေက ဝန်ထမ်းအမည်ခံစိတ်ဓာတ်က နိုင်ငံ့ဝန်ထမ်းစိတ်ဓာတ်မရှိတဲ့ CDM ဝန်ထမ်းများကို ရဲရဲတင်းတင်း ပြန်မကြည့်နိုင်တဲ့ဘဝ ရောက်နေပြီဆရာ။

CDM ဝန်ထမ်းအဖွဲ့ကို သေချာစစ်ကြည့်ရင် ဝန်ထမ်းအစစ်အမှန်က လူနည်းစုနဲ့ ဝန်ထမ်းမဟုတ်တဲ့ အပြင်က သွေးထိုးလှုံ့ဆော်နေတဲ့ ဝန်ထမ်းအယောင်ဆောင်သူတွေက ပိုများနေပါတယ်။ CDM မှာပါဝင်နေတဲ့ ဝန်ထမ်းတွေဆိုရင်လည်း အထူးသဖြင့် နိုင်ငံရေးဆိုတာဘာလဲ၊ စစ်အုပ်ချုပ်ရေးဆိုတာဘာလဲ ဆိုတာတောင် မသိခဲ့တဲ့ ယာယီနေ့စားတွေ၊ ရုံးအကူနေ့စားတွေက ပိုများနေတာကိုတွေ့ရပါတယ်။ စစ်အုပ်ချုပ်ရေးဆိုတာ ကြောက်စရာကြီးပါလားလို့ ထင်အောင် ဖြားယောင်းလှုံ့ဆော်ပြတဲ့ မသမာသူလူတစ်စုစကားကို နားယောင်မိပြီးလိုက်ပါမိတဲ့ ဝန်ထမ်းငယ်လေးတွေလည်း များပါတယ်။

အခုကျွန်မနေတဲ့မြို့မှာCDM မလုပ်တဲ့သူတွေကို ဈေးမရောင်းပါဆိုတဲ့ဆိုင်းဘုတ်ချိတ်ထားတာကိုမြင်တိုင်း ဈေးဝယ်ဖို့ပိုက်ဆံထုတ်နေတဲ့ ကျွန်မရဲ့လက်တွေ တွန့်ဆုတ်ဆုတ်ဖြစ်နေပါတယ်ဆရာ။

လူလူချင်း အယူအဆမတူ ခံယူချက်မတူညီရုံနဲ့ ခုလောက်ထိ ခွဲခြားနှိမ့်ချခံနေရတာတွေဟာ ဝန်ထမ်းအစစ်အမှန်နည်းပြီး အရေခြုံဝန်ထမ်းအတုတွေများနေတဲ့ CDM ကြောင့်ပါပဲ။

ဒါကြောင့်မို့ နိုင်ငံ့ဝန်ထမ်းတွေကို စိတ်ဖိအားပေါင်းစုံက ကင်းလွတ်ပြီး ဘဝလုံခြုံဖို့အတွက် ဆောင်ရွက်ပေးနိုင်ပါရန် အယ်ဒီတာမှတစ်ဆင့် သက်ဆိုင်ရာတာဝန်ရှိသူများထံ တင်ပြလိုက်ရပါတယ်ရှင်။

**နိုင်ငံ့ဝန်ထမ်းတစ်ဦး**

## အသံမြည်စေသည့် ပစ္စည်းများအား ရိုက်နှက်၍ ညစဉ်ရက်ဆက် နှောင့်ယှက်နေမှုများ အမြန်ဆုံးရပ်တန့်ရေး ဆောင်ရွက်ပေးစေလို

**အယ်ဒီတာရှင့်**

ကျွန်မသည် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်တွင် နေထိုင်သော ပြည်သူတစ်ဦးဖြစ်ပါသည်။ ရပ်ကွက်အတွင်း ည ၈ နာရီမှစ၍ မိနစ် ၂၀၊ နာရီဝက်ခန့်အထိ အသံမြည်စေသည့် ပစ္စည်းများအား ရိုက်နှက်၍ နားမခံနိုင်အောင် ဆူညံသံများ ပြုလုပ်နေသဖြင့် သက်ကြီးရွယ်အိုများ၊ ကျန်းမာရေး ချို့တဲ့နေသူများ၊ ကလေးသူငယ်များနှင့် အေးချမ်းစွာ နေလိုသူများမှာ စိတ်ဖိစီးမှု ခံစားနေရပြီး စိတ်ဆင်းရဲမှုများနှင့် ရင်ဆိုင်နေရပါသဖြင့် ယခုကဲ့သို့ ညစဉ် ရက်ဆက် နှောင့်ယှက်ဆောင်ရွက်နေမှုများကို အမြန်ဆုံး ရပ်တန့်နိုင်ရေး တာဝန်ရှိသူများက ထိထိရောက်ရောက် ဆောင်ရွက်ပေးပါရန် အယ်ဒီတာကြီးမှတစ်ဆင့် တင်ပြပေးပါရှင်။

**အေးချမ်းစွာနေလိုသူ**

## အယ်ဒီတာ့ထံ ပေးစာကဏ္ဍသို့ ပေးစာများ ပေးပို့နိုင်

ကြေးမုံသတင်းစာ ဖတ်ရှုသူပြည်သူများအနေဖြင့် မိမိတို့ပတ်ဝန်းကျင်၌ ဖြစ်ပျက်နေသော အကြောင်းအရာများကို သတင်းစာဖတ်ပြည်သူများနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများ သိရှိစေရန် အပြုသဘောဖြင့် ရေးသားထားသော ပေးစာများကို ကြေးမုံသတင်းစာ အယ်ဒီတာ့ထံပေးစာကဏ္ဍသို့ လိပ်မူ၍ ပေးပို့နိုင်ပါသည်။

ယင်းကဲ့သို့ ပေးစာများပေးပို့ရာတွင် အမည်၊ ဆက်သွယ်ရမည့် လိပ်စာနှင့် ဖုန်းနံပါတ်တို့ကို ထည့်သွင်းရေးသားရမည်ဖြစ်ပြီး ပေးပို့သည့် ပေးစာအတွက် တာဝန်ယူသည်ဟု ပါရှိရမည်ဖြစ်ပါကြောင်း သတင်းစာဖတ် ပြည်သူများအား အသိပေးဖိတ်ခေါ်လိုက်ပါသည်။

**စာတည်းအဖွဲ့**

# Channel-K , Fortune TV နှင့် YTV ရုပ်သံလိုင်းများအား ဌာနမှ ထုတ်လွှင့်ခွင့်ပိတ်ပင်ထားခြင်းမရှိ

**နေပြည်တော် မတ် ၅**

ပြန်ကြားရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံ၏ ရုပ်သံလောကနှင့် ပုဂ္ဂလိကရုပ်သံလိုင်းများ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် MRTV Multi Channel Playout System တွင် Channel–K , Fortune TV နှင့် YTV တို့ကို Digital Free to Air စနစ်ဖြင့် ထုတ်လွှင့်ပေးနိုင်ရန် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်မှစ၍ MRTV နှင့် သက်ဆိုင်ရာကုမ္ပဏီများ နှစ်ဖက် သဘောတူစာချုပ်များ ချုပ်ဆိုဆောင်ရွက်လျက်ရှိသည်။

ထိုသို့အကျိုးတူပူးပေါင်းဆောင်ရွက်မှုအတွက် သက်ဆိုင်ရာကုမ္ပဏီများက စာချုပ်နှင့်အညီ ပြသလျက်ရှိရာမှ Channel–K သည် မတ် ၁ ရက် နံနက် ၆ နာရီခန့်တွင် ကုမ္ပဏီရှိ Playout Service Error ဖြစ်ပေါ်ခြင်းကြောင့်လည်းကောင်း၊ Fortune TV သည် မတ် ၁ ရက် ညနေ ၃ နာရီ ၁၅ မိနစ်ခန့်တွင် ၎င်းတို့ CER မှ ရန်ကုန်မြို့ ပြည်လမ်းရှိ MRTV သို့ ပေးပို့သည့် Fiber လိုင်း ပြတ်တောက်မှုကြောင့်လည်းကောင်း၊ YTV သည် မတ် ၃ ရက် နံနက် ၉ နာရီ မိနစ် ၅၀ ခန့်တွင် ကုမ္ပဏီ၏ Fiber Cable Error ဖြစ်ပေါ်မှုကြောင့် လည်းကောင်း အစီအစဉ်ထုတ်လွှင့်မှုများ ရပ်ဆိုင်းလျက်ရှိကြောင်း အကြောင်းကြားစာများ ပေးပို့ခဲ့ကြသည်။

ထို့ကြောင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် ဌာနဘက်မှ ဆက်သွယ်ဆောင်ရွက်လျက်ရှိသည့် စက်မှုပိုင်းဆိုင်ရာများအား စစ်ဆေးခဲ့ရာ ချို့ယွင်းမှုမရှိဘဲ သက်ဆိုင်ရာကုမ္ပဏီများ၏ ရုပ်သံထုတ်လွှင့်မှု အစီအစဉ်များတွင်သာ ချို့ယွင်းမှုဖြစ်ပွားခြင်းဖြစ်ကြောင်း စိစစ်သိရှိရသဖြင့် အမြန်ပြုပြင်ပြီး ပုံမှန်အတိုင်း ထုတ်လွှင့်နိုင်ရေး စိစစ်ဆောင်ရွက်ရန်နှင့် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးနိုင်ရန် ပြန်လည်အကြောင်းကြားထားရှိရာ အဆိုပါရုပ်သံလိုင်းများအား ဌာနမှပိတ်ပင်ထားခြင်းမရှိဟု သတင်းထုတ်ပြန်ထားကြောင်း သိရသည်။ **သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါကာကွယ်ဖို့ စနစ်တကျ လက်ဆေးစို့

## မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် လစ်လပ်နေရာများအတွက် ကိုယ်စားလှယ်လောင်းအဆိုပြုလွှာများ တင်သွင်းရမည့်ရက် တိုးမြှင့်သတ်မှတ်

၁။ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် ရွေးချယ်တင်မြှောက်ရေးအဖွဲ့သည် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် လစ်လပ်နေရာများအတွက် ကိုယ်စားလှယ်လောင်း အဆိုပြုလွှာပုံစံများကို (၂၆-၂-၂၀၂၁)ရက် သောကြာနေ့မှ (၃-၃-၂၀၂၁)ရက်ဗုဒ္ဓဟူးနေ့အထိ နေ့စဉ်နံနက်(၉:၀၀)နာရီမှ မွန်းလွဲ(၁၆:၀၀)နာရီအတွင်း(ပိတ်ရက်မရှိ) ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲ၊ အမှတ်(၄)၊ ဝင်္ကပါလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် အခမဲ့လာရောက်ထုတ်ယူနိုင်ပြီး (၃-၃-၂၀၂၁) ရက် ဗုဒ္ဓဟူးနေ့ မွန်းလွဲ(၁၆:၀၀)နာရီမတိုင်မီ အချိန်အတွင်း အဆိုပြုလွှာပုံစံများကို နောက်ဆုံးထားပြန်လည်တင်သွင်းရန် နေ့စဉ်ထုတ် သတင်းစာများတွင် ဖိတ်ခေါ်ထားပါသည်။

၂။ အဆိုပါကိစ္စနှင့်ပတ်သက်၍ လျှောက်ထားလိုသူ ကိုယ်စားလှယ်လောင်းများ ပိုမိုအဆင်ပြေစေရေးအတွက် ယင်းအဆိုပြုလွှာပုံစံများ နောက်ဆုံးထားပြန်လည်တင်သွင်းရမည့်နေ့ရက်ကို (၂၇-၃-၂၀၂၁) ရက်(စနေနေ့)မွန်းလွဲ(၁၆:၀၀)နာရီ မတိုင်မီအချိန်အထိ တင်သွင်းနိုင်ရန် တိုးမြှင့်ပြင်ဆင်သတ်မှတ်လိုက်ပါသည်။

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်းနံပါတ် ၀၁-၈၆၀၄၇၅၁ နှင့် ၀၁-၅၄၄၅၈၃ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင်ရွေးချယ်တင်မြှောက်ရေးအဖွဲ့
အမှတ်(၄)၊ ဝင်္ကပါလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

# ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး ဆောင်ရွက်ချက်များ

**နေပြည်တော်  မတ်  ၅**

၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ပြုလုပ်ခဲ့သည့် အထွေထွေရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်ရှိသူ (၃၉ ဒသမ ၂)သန်းကျော်အနက် မဲစာရင်းမှားယွင်းနေမှု ပဏာမစိစစ်ချက်အရ (၁၀ ဒသမ ၄) သန်းကျော် ဖြစ်ပွားခဲ့မှုအပေါ် နစ်နာသည့်ပါတီများ၊ ပါဝင်ယှဉ်ပြိုင်သည့် ကိုယ်စားလှယ်လောင်းများနှင့် တပ်မတော်တို့က UEC၊ လွှတ်တော်၊ အစိုးရတို့ထံ ဥပဒေနှင့်အညီ တောင်းဆိုခြင်းအပြင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအထိ ၂ ကြိမ်တိုင်တိုင် တောင်းဆိုခဲ့သော်လည်း ဖြေရှင်းဆောင်ရွက်မှုမရှိဘဲ တတိယအကြိမ် လွှတ်တော်အသစ်ခေါ်ယူ၍ အစိုးရအသစ်ဖွဲ့စည်းရန် ကြိုးပမ်းလာခဲ့သည်။ သို့ဖြစ်၍ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ(၁) ရက်မှစ၍ အာဏာသုံးရပ်အား ပုဒ်မ ၄၁၇ နှင့် ၄၁၈ အရ ဆောင်ရွက်ခဲ့ပြီး ပုဒ်မ ၄၁၉ အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်းခဲ့သည်။

**အကြမ်းဖက်လုပ်ရပ်များ ဆောင်ရွက်လာ**

ရက်အလိုက်ဖော်ပြပါဆန္ဒဖော်ထုတ်မှုများတွင် အစောပိုင်းကာလများ၌ ဆန္ဒဖော်ထုတ်သူအများစုမှာ ငြိမ်းချမ်းစွာဆန္ဒဖော်ထုတ်မှုအသွင်ဆောင်သော်လည်း ဖေဖော်ဝါရီ ၉ ရက်နောက်ပိုင်းတွင် အကြမ်းဖက်ဆူပူမှုအသွင်(Riot)၊ ၎င်းမှ မင်းမဲ့စရိုက်ဆန်သောလူအုပ်စု (Anarchy Mob)အသွင်ဖြင့် မြို့ကြီးအချို့တွင် အကြမ်းဖက်လုပ်ရပ်များဆောင်ရွက်လာသည်ကို တွေ့ရသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၄၁၇)အရ အရေးပေါ်အခြေအနေကြေညာသည့်ကာလအတွင်း ပုဒ်မ (၄၁၃)ပါ လိုအပ်ပါက စစ်အုပ်ချုပ်ရေးအမိန့် (Martial Law)ထုတ်ပြန်ခြင်းနှင့် ပုဒ်မ(၄၂၀)အရ နိုင်ငံသားများ မူလအခွင့်အရေးကို ကန့်သတ်နိုင်ခြင်းစသဖြင့် ပြုလုပ်နိုင်သော်လည်း ထိုကဲ့သို့ဆောင်ရွက်ခြင်းမပြုခဲ့ဘဲ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အညင်သာဆုံး နည်းများဖြင့်သာ ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ခဲ့သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)အား ဖျက်သိမ်းခြင်းမပြုဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၇၊ ပုဒ်မ ၄၁၈ တို့အရ ဥပဒေနှင့်အညီ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဖွဲ့စည်းဆောင်ရွက်မှုဖြစ်စဉ်အပေါ် နိုင်ငံတကာမှ ဖေဖော်ဝါရီ ၃ ရက်ထိ Military Coup အဖြစ်ခေါ်ဝေါ်သုံးစွဲခဲ့သော်လည်း နောက်ပိုင်းတွင် State Emergency အဖြစ်ပြောင်းလဲသုံးစွဲလာခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဥပဒေနှင့်အညီ စီမံအုပ်ချုပ်မှုဆောင်ရွက်ရာတွင် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုကို မလိုလားသူအုပ်စုအချို့က အုပ်ချုပ်ရေးယန္တရား ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် ဘဏ်ဝန်ဆောင်မှုလုပ်ငန်းရပ်ဆိုင်း၍ ငွေကြေးစီးဆင်းမှုပြတ်တောက်စေရန်၊ လမ်းပန်းဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းများရပ်ဆိုင်းသွားရန် ကြိုးပမ်းခဲ့သလို ရုံးလုပ်ငန်းယန္တရားရပ်တန့်စေရန် ဌာနဆိုင်ရာဝန်ထမ်းများကိုလည်း စည်းရုံး၍ Red Ribbon Campaign ဖြင့် စတင်ပြီး နောက်ပိုင်း Civil Disobedience Movement (CDM) လှုပ်ရှားမှုကို အရှိန်မြှင့်ဆောင်ရွက်လာခဲ့သည်။ ဖေဖော်ဝါရီ ၇ ရက်အထိ ဆန္ဒဖော်ထုတ်လှုပ်ရှားမှုကို အေးချမ်းစွာဆန္ဒဖော်ထုတ်မှုအသွင်ဖြင့် ဆောင်ရွက်ရာမှ CDM အရှိန်မြှင့်မှုမှတစ်ဆင့် အုပ်စုဖွဲ့အကျပ်ကိုင်၊ ခြိမ်းခြောက်၊ ဖိအားပေးမှု စသည့် ဆူပူမှုအသွင်သို့ ဦးတည်ပြောင်းလဲလာ၍လည်း ပြည်သူများအနေဖြင့် မဖြစ်သင့်မဖြစ်ထိုက်သည်များ မဖြစ်ပေါ်စေရေး ကြိုတင်သတိပေးသည့်အနေဖြင့် ဖေဖော်ဝါရီ ၈ ရက်မှစတင်ကာ ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၁၄၄ ကို အုပ်စုဖွဲ့ဆူပူမှုအသွင်သို့ ရောက်ရှိလာနိုင်သည့် မြို့ကြီးအချို့တို့တွင် ထုတ်ပြန်ခဲ့ရသည်။

**လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ ပြင်းထန်စွာထိခိုက်ဒဏ်ရာရရှိခဲ့**

ဖေဖော်ဝါရီ ၉ ရက်တွင် နေပြည်တော်သပြေကုန်းအဝိုင်းတွင် CDM ခြိမ်းခြောက်အကျပ်ကိုင်မှုတွင် ပါဝင်ခြင်းမရှိသည့် နိုင်ငံ့ဝန်ထမ်းများ၏ ကြို၊ ပို့ ယာဉ်ကြီးများအား လူအုပ်စုကြီးဖြင့် ကားလမ်းပြည့်ပိတ်ဆို့နှောင့်ယှက်ဟန့်တားခြင်း၊ ခြိမ်းခြောက်ခြင်း၊ မော်လမြိုင်မြို့တွင် ရန်ကုန်သို့ထွက်ခွာမည့် မီးရထားမထွက်နိုင်စေရန် အုပ်စုဖွဲ့၍ ရထားလမ်းပေါ်ပိတ်ဆို့ဟန့်တားနှောင့်ယှက်ခြင်း၊ မွန်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ ယာဉ်တန်းအား အကြမ်းဖက်ရန် ကြိုးပမ်းလာခဲ့ခြင်း၊ မန္တလေးမြို့တွင် မဟာအောင်မြေမြို့နယ်၊ ၃၈ လမ်း၊ ၇၆x၇၈ လမ်းနေရာတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များအား လူအုပ်စုမှ ညှပ်ပူးညှပ်ပိတ်ပြုလုပ်၍ တုတ်၊ ခဲ၊ လေးခွ၊ ဂျင်ကလိများဖြင့် ပစ်ခတ်နှောင့်ယှက်ဖျက်ဆီးခြင်း၊ တာဝန်ချိန် ရဲဝန်ထမ်းတစ်ဦးအား ရဲဝန်ထမ်းမှန်းသိလျက် အကြောင်းမဲ့၊ ဥပဒေမဲ့လုပ်ရပ်အဖြစ် ဖမ်းဆီးရိုက်နှက်ခဲ့မှုကြောင့် အဆိုပါရဲဝန်ထမ်းသေဆုံးခဲ့ခြင်းစသော ဆူပူအကြမ်းဖက်မှုအသွင် အုပ်စုဖွဲ့၍ ရမ်းကားမှုများ ပြုလုပ်လာခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လုပ်ထုံးလုပ်နည်းနှင့်အညီ အနည်းဆုံးအင်အား အနိမ့်ဆုံးအဆင့်ဖြင့် ဖြေရှင်းဆောင်ရွက်ခဲ့ရသည်။ ဖြေရှင်းမှုအတွင်း နေပြည်တော်၌ အမျိုးသမီးတစ်ဦးသေဆုံးခဲ့ရပြီး ဆူပူအကြမ်းဖက်သူအချို့ ထိခိုက်ဒဏ်ရာရရှိကာ အချို့အားဖမ်းဆီးထိန်းသိမ်းခဲ့ရသည်။ ဖြစ်စဉ်များတွင် လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ ပြင်းထန်စွာထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ဖေဖော်ဝါရီ ၁၇ ရက်တွင် မန္တလေးတိုင်းဒေသကြီး မန္တလေးဘူတာကြီးဝန်းကျင်၌ အများပြည်သူခရီးသွားများ၊ မီးရထားဖြင့် ခရီးသွားလာခြင်းမရှိစေရေး မီးရထားသံလမ်းများအား ကွန်ကရစ်ဘလောက်တုံးများ၊ သံလမ်းဟောင်းများ ပိတ်ဆို့တားဆီးခြင်းနှင့် သံလမ်းလွှဲများအကြား အတားအဆီးအမာများထည့်၍ ခရီးသည်များအသက်အန္တရာယ်ဖြစ်စေသည်အထိ အုပ်စုဖွဲ့ရမ်းကားမှုကို လုံခြုံရေးတပ်ဖွဲ့ဝင်များကရှင်းလင်းရာ အကြမ်းဖက်ဆူပူသူလူအုပ်စုမှ တုတ်၊ ဓားများဖြင့် အန္တရာယ်ပြုခြင်း၊ ဖေဖော်ဝါရီ ၂၀ ရက်တွင် မန္တလေးမြို့၊ ဂေါ်ဝန်ဆိပ်ကမ်း၌ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဧရာဝတီဌာနခွဲပိုင် ခရီးသည်တင်ရေယာဉ် ၂ စင်းမထွက်ခွာစေရေး CDM လှုပ်ရှားမှုမှ အကြမ်းဖက်အသွင်ဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား တုတ်၊ ဓားများဖြင့် တိုက်ခိုက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ဖမ်းဆီးရန်ရည်ရွယ်ချက်ဖြင့် အုပ်စုဖွဲ့ဝိုင်းရံပိတ်ဆို့လာခြင်း၊ ပိတ်ဆို့ခံရသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို ကူညီနိုင်ရေး ထပ်မံသွားရောက်ပူးပေါင်းသည့် လုံခြုံရေးအဖွဲ့များကိုလည်း ထပ်မံဝိုင်းပတ်ပိတ်ဆို့ကာ ဂျင်ကလိ၊ တုတ်၊ ဓား၊ မိုန်း၊ သံမူလီ စသည့် အသက်အန္တရာယ်ထိခိုက်စေသော လုပ်ဆောင်မှုများဖြင့် ပြင်းထန်စွာအကြမ်းဖက်လာ၍ အကြမ်းဖက်မှုဖြိုခွဲရေးလုပ်ငန်းစဉ်များနှင့်အညီ မလွှဲသာမရှောင်သာ ဆောင်ရွက်ခဲ့ရသည်။ ဖြစ်စဉ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင် ၁၂ ဦး ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့ပြီး လုံခြုံရေးယာဉ် ၅ စီးပျက်စီးခဲ့ကာ အကြမ်းဖက်သူ ၂ ဦးသေဆုံးခဲ့သည်။

**ခြောက်လှန့်ပစ်ခတ်ခဲ့**

အလားတူ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်တွင်လည်း အရပ်သားအချင်းချင်း ခိုက်ရန်ဖြစ်ပွား၍ စိုးရိမ်ဒဏ်ရာရရှိမှုနှင့် ညမထွက်ရအချိန်ဖြစ်မှုအပေါ် ဒဏ်ရာရမိသားစုက နယ်မြေခံရဲတပ်ဖွဲ့အား ဆေးရုံပို့ပေးရန် အကူအညီတောင်းခံမှုကြောင့် ကူညီပို့ဆောင်ပေးစဉ် လုံခြုံရေးတပ်ဖွဲ့များအပေါ် အနီးကပ် တုတ်၊ ဓားများဖြင့် သေစေနိုင်သည်အထိ အကြမ်းဖက်အန္တရာယ်ပြုလာခြင်းကြောင့် ခြောက်လှန့်ပစ်ခတ်ခဲ့ရာ အကြမ်းဖက်ဆူပူသူတစ်ဦး သေဆုံးခဲ့သည်။ တစ်ချိန်တည်းမှာပင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အခြေခံအုပ်ချုပ်မှုယန္တရားပျက်စီးစေရန် ရည်ရွယ်ချက်ဖြင့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ ရုံးမတက်နိုင်ရေး အုပ်စုဖွဲ့၍ အကြမ်းဖက်ပိတ်ဆို့ဟန့်တားခြင်း၊ ဆူပူဆန္ဒပြခြင်း၊ အုပ်ချုပ်ရေးမှူးရုံးအချို့အား သော့အထပ်ထပ်ခတ်ခြင်း၊ ဝင်၊ ထွက်ပေါက်များကို နည်းမျိုးစုံဖြင့် ပိတ်ဆို့ခြင်းအပြင် ရွှေပြည်သာမြို့နယ်အတွင်း ညအချိန် အုပ်ချုပ်ရေးမှူးရုံးဖွင့်လှစ်ထားမှုအပေါ် ရုံးခန်းအတွင်းရှိ အုပ်ချုပ်ရေးမှူးနှင့် အရပ်သားအချို့အား NLD ထောက်ခံသည့် ရန်လိုအကြမ်းဖက်အုပ်စုတစ်စုမှ တုတ်၊ ဓားများဖြင့် အကြောင်းမဲ့ဝင်ရောက်တိုက်ခိုက်ခြင်းများ ဖြစ်ပေါ်လာခဲ့သည်။ အလားတူ လူမှုကွန်ရက်များမှ ဖေဖော်ဝါရီ ၂၂ ရက်တွင် အငြိမ်းစားလစာထုတ်ယူမည့် အငြိမ်းစားဝန်ထမ်းများအား ဘဏ်များသို့ မသွားရောက်နိုင်ရန် လမ်းတွင်ပိတ်ဆို့တားဆီးရေး၊ ဘဏ်တွင် ငွေမထုတ်နိုင်ရေးအတွက် နည်းမျိုးစုံဟန့်တားနှောင့်ယှက်ကြရေး လှုံ့ဆော်ဆောင်ရွက်လာသော်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ သတိပေးချက်များ ထုတ်ပြန်တားမြစ်ခဲ့၍ အငြိမ်းစားဝန်ထမ်းများအနေဖြင့် အေးချမ်းစွာ ပင်စင်လစာများ ထုတ်ယူနိုင်ခဲ့သည်။

ထို့ပြင် ဖေဖော်ဝါရီ ၂၅ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့၊ ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နှင့် ငပုတောမြို့၊ ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့၊ မွန်ပြည်နယ် သုဝဏ္ဏဝတီမြို့နှင့် သံဖြူဇရပ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်တို့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအား ထောက်ခံသည့် ငြိမ်းချမ်းစွာဆန္ဒဖော်ထုတ်ကြသူများကိုလည်း NLD ပါတီဝင်များ ဆူပူအကြမ်းဖက်မှုကို အားပေးအားမြှောက်ပြုသူများ၊ ပြည်ပအားကိုးပုဆိန်ရိုးများက နည်းမျိုးစုံဖြင့် ဟန့်တားနှောင့်ယှက်ခြင်း၊ အေးချမ်းစွာဆန္ဒဖော်ထုတ်ပြီးနောက် လူစုခွဲကြသည့်အချိန်များ၌ နေရာအချို့တွင် လူတစ်ဦးချင်း၊ ယာဉ်များအား တုတ်၊ ဓားများဖြင့် အနီးကပ်ရန်စတိုက်ခိုက်နှောင့်ယှက်ခြင်း၊ ဖျက်ဆီးခြင်း၊ လူတစ်ဦးချင်းစီ၏ အရှက်သိက္ခာကျဆင်းစေသည့် လူအုပ်စုအတွင်း အင်္ကျီ၊ လုံချည်၊ ဘောင်းဘီအဝမ္မဆွဲချွတ်ခြင်း၊ အကြောင်းမဲ့ရိုက်နှက်နှိပ်စက်ခြင်း၊ ကတုံးရိတ်ခြင်းစသည့် အကြမ်းဖက်မှုများအား ဆိုးရွားစွာ ပြုမူဆောင်ရွက်ခဲ့ကြရာ လုံခြုံရေးတပ်ဖွဲ့ဝင်များကလည်း ဖြစ်စဉ်နေရာအလိုက် ဖြေရှင်းပေးခဲ့ရသည်။

**တရားဥပဒေကို ကြီးမားစွာဖောက်ဖျက်မှုများပင်ဖြစ်**

NLD လိုလားထောက်ခံသူများနှင့် ပြည်ပအားကိုးပုဆိန်ရိုးများအနေဖြင့် ဝန်ထမ်းများနှင့်ပြည်သူတို့အား CDM နှင့် လူထုလှုပ်ရှားမှုအသွင်ဆောင်ရွက်ရန် နည်းအမျိုးမျိုးဖြင့် ဖိအားပေးဆောင်ရွက်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ အကျပ်ကိုင်ခြင်းဖြင့် ပူးပေါင်းပါဝင်စေခြင်း၊ ပါဝင်ခြင်းမရှိသူများအား အုပ်စုဖွဲ့လျက် လူတစ်ဦးစီ၏ ကိုယ်ပိုင်လွတ်လပ်ခွင့်နှင့် လူ့အခွင့်အရေးဆုံးရှုံးစေသော၊ ဂုဏ်သိက္ခာညှိုးနွမ်းထိခိုက်စေသော အပြုအမူများဖြင့် ဖိအားပေးခြိမ်းခြောက်မှု၊ အကျပ်ကိုင်မှု၊ Public Punishment အဖြစ် အရှက်သိက္ခာကျစေခြင်းများ ပြုလုပ်လာခဲ့သည်။ နိုင်ငံတကာအဘိဓာန်များတွင် အဓိပ္ပာယ်ဖွင့်ဆိုမှုအရ CDM သည် မည်သည့်အစိုးရ၊ မည်သည့်ဌာန၊ မည်သည့်စီးပွားရေးအဖွဲ့အစည်းများတွင်မဆို အကြမ်းမဖက်လှုပ်ရှားမှုဖြစ်သော်လည်း ဥပဒေနှင့် မညီညွတ်သောလုပ်ရပ်ဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်ကို တွေ့ရှိရပါသည်။ ထို့ကြောင့် CDM လှုပ်ရှားမှုကို လှုံ့ဆော်သူများ၊ အတင်းအဓမ္မဖိအားပေးသူများ၊ ဥပဒေဘောင်အတွင်းက လုပ်ဆောင်နေသည့်ဝန်ထမ်းများကို လူမှုဝန်းကျင်တွင် အပြစ်ရှိသူများအဖြစ် ဥပဒေမဲ့ထိုးနှက်ချက်များလုပ်ဆောင်နေမှုများသည် တရားဥပဒေကို ကြီးမားစွာဖောက်ဖျက်မှုများပင်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ CDM လှုပ်ရှားမှုနှင့် လုပ်ဆောင်မှုများကို အမှန်တရားအဖြစ်ပုံသွင်းပြီး တရားဝင်စေ့ဆော်နေမှုများကို လက်မခံကြရန် တိုက်တွန်းအပ်ပါသည်။

ယနေ့ လက်ရှိအခြေအနေများကို သုံးသပ်ကြည့်မည်ဆိုပါက CDM ဆိုသည့် မျက်နှာဖုံးအောက်တွင် Protect ဆန္ဒဖော်ထုတ်ခြင်း၊ Riot အကြမ်းဖက်လှုံ့ဆော်ဆန္ဒပြခြင်း၊ ယင်းမှတစ်ဆင့် Anarchy Mob မင်းမဲ့စရိုက်အသွင်အကြမ်းဖက်အဖျက်လုပ်ငန်းများ လုပ်ဆောင်ခြင်းတို့ကို အဆင့်ဆင့်လုပ်ဆောင်လာသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။ ထိုကဲ့သို့ ဥပဒေချိုးဖောက်မှုများအပေါ် တရားဥပဒေစိုးမိုးရေးအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

**ထုတ်ပြန်ပေးခဲ့**

ထို့အပြင် အချို့မြို့ကြီးများတွင် မီးကွင်းပစ်ခြင်း၊ အဆိပ်ခတ်ခြင်းစသော ကောလာဟလများဖြင့် အများပြည်သူကို ထိတ်လန့်တုန်လှုပ်စေ၍ နိုင်ငံကြီးအချို့တွင် ဖြစ်ပွားခဲ့သော အဓိကရုဏ်းကာလဖြစ်စဉ်များကဲ့သို့ ရပ်ရွာနှင့်လမ်းလုံခြုံရေးကို ရပ်ရွာအစီအစဉ်ဖြင့်သာ ဆောင်ရွက်နေရသည်ဟု လုံခြုံရေးယန္တရား ကျိုးပျက်နေသည့်အသွင် ဖန်တီးလာခြင်းနှင့် မြို့ကြီးများတွင် ငြိမ်းချမ်းစွာဆန္ဒပြရာမှ မင်းမဲ့စရိုက်ဆန်သော ဥပဒေမဲ့အကြမ်းဖက်လုပ်ရပ်များ ဆောင်ရွက်လာသဖြင့် ဖေဖော်ဝါရီ ၂၆ ရက်တွင် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၄၄ နှင့် အုပ်စုဖွဲ့အကြမ်းဖက်မှုတို့၏ ပြစ်မှုဆိုင်ရာအကြောင်းခြင်းရာများနှင့် ကျခံရနိုင်သော ပြစ်ဒဏ်များကို ဖော်ပြလျက် ထုတ်ပြန်ထားသည့် ဥပဒေများကို လေးစားလိုက်နာကြရန်နှင့် မလိုက်နာပါက မလွှဲမရှောင်သာ အရေးယူရမည်ဖြစ်ကြောင်း သတိပေးချက်များကို MRTV နှင့် MWD တီဗီသတင်း၊ နိုင်ငံပိုင်သတင်းစာများမှ ထုတ်ပြန်ပေးခဲ့သည်။

ထိုသို့ထုတ်ပြန်ခဲ့သော်လည်း ဖေဖော်ဝါရီ ၂၇၊ ၂၈ ရက်တို့တွင် အကြမ်းဖက်လူအုပ်စုများသည် သတိပေးချက်များကို လိုက်နာမှုမရှိဘဲ အကြမ်းဖက်လုပ်ရပ်များအပြင် လုံခြုံရေးတပ်ဖွဲ့များအား ထိပ်တိုက်ရင်ဆိုင်၍ အသက်အန္တရာယ်ဖြစ်စေသည်အထိ တုတ်၊ ဓား၊ ဂျင်ကလိ၊ သံလက်သီးကွင်းများ၊ ဘေ့စ်ဘောရိုက်တုတ်များစသည်တို့ဖြင့် ဥပဒေမဲ့ မင်းမဲ့စရိုက်ဆန်သော ထိပ်တိုက်ရင်ဆိုင်အကြမ်းဖက်ခြင်း၊ အပြစ်မဲ့ပြည်သူအချို့၏ နေအိမ်၊ ဈေးဆိုင်များနှင့်

**စာမျက်နှာ ၂၀ သို့** ✰

☆ စာမျက်နှာ ၁၉ မှ
နိုင်ငံပိုင်ယာဉ်ယန္တရား၊ ယာဉ်ထိန်းကင်းရုံတို့အား ဖျက်ဆီးခြင်း၊ အသက်အန္တရာယ်ခြိမ်းခြောက်မှုဆောင်ရွက်ခြင်းအပြင် တိုက်ခန်းများအပေါ်မှ ရေနွေးပူဖြင့် လောင်းချခြင်း စသည့် လုပ်ရပ်များအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဥပဒေနှင့်အညီ လူစုလူဝေး ကြီးကြပ်ထိန်းသိမ်းခြင်းလုပ်ငန်းစဉ်မှ မိမိကိုယ်ကိုမိမိ ခုခံကာကွယ်ခွင့်အထိ အဓိကရုဏ်းနှိမ်နင်းရေး လက်နက်များကို အသုံးပြု၍ ဆူပူအကြမ်းဖက်မှုများကို မလွှဲမရှောင်သာ အကြိမ်ကြိမ် သတိပေးပြီးမှသာ ဖြိုခွဲခဲ့ရသည်။ ဖေဖော်ဝါရီ ၂၇၊ ၂၈ ရက်တို့တွင် ဆူပူအကြမ်းဖက်သူအချို့ကို ထိန်းသိမ်းခဲ့ရပြီး ထားဝယ်မြို့တွင် လေးဦး၊ ပဲခူးမြို့တွင် နှစ်ဦး၊ မကွေးမြို့တွင် တစ်ဦး၊ ရန်ကုန်တွင် သုံးဦးနှင့် မန္တလေးတွင် တစ်ဦး သေဆုံးခဲ့ရသည်။ မန္တလေးတွင် ထိန်းသိမ်းထားသူများမှ တစ်ဦးမှာ COVID-19 ရောဂါဖြင့် ထပ်မံသေဆုံးခဲ့၍ ကောင်းမွန်စွာ သဂြိုဟ်ပေးခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ပြည်သူလူထု အေးချမ်းစွာ နေထိုင်နိုင်ရေး၊ တရားဥပဒေစိုးမိုးရေးအတွက် အချို့မြို့ကြီးများတွင် ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၁၄၄ ထုတ်ပြန်ထားသော်လည်း ဖေဖော်ဝါရီ ၈ ရက်အထိ ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်မှုများအပေါ် စိတ်ရှည်သည်းခံစွာဖြင့် စောင့်ကြည့်ခြင်း၊ သတိပေးခြင်းများသာ ဆောင်ရွက်ခဲ့သည်။ ဖေဖော်ဝါရီ ၂၂ ရက်နောက်ပိုင်း အများပြည်သူ၏ တည်ငြိမ်အေးချမ်းစွာနေထိုင်စားသောက်ရေးအပေါ် ထိခိုက်စေသော အကြမ်းဖက်ဆူပူခြင်း၊ နိုင်ငံတော်၏ အုပ်ချုပ်ရေးယန္တရားနှင့် စီမံခန့်ခွဲရေးယန္တရားအား အဓမ္မနည်းဖြင့် အကျပ်ကိုင်ခြိမ်းခြောက်ဟန့်တားလာခြင်း၊ လူတစ်ဦးချင်းစီ၏ လွတ်လပ်ခွင့်နှင့် အရှက်သိက္ခာ၊ လူ့အခွင့်အရေးကို ဆုံးရှုံးထိခိုက်စေသော ဆိုးရွားသည့် အုပ်စုဖွဲ့ အကြမ်းဖက်ခြင်း၊ ဖျက်ဆီးခြင်း၊ ထိပ်တိုက်ရင်ဆိုင်လာခြင်းတို့ကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များမှလည်း ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ အဆင့်ဆင့် သတိပေးချက်ထုတ်ပြန်ခြင်း၊ အကြမ်းဖက်အုပ်စုအား ဖြိုခွဲရာတွင်လည်း အနည်းဆုံးအင်အားဖြင့်သာ လူစုခွဲခြင်း ဆောင်ရွက်ခဲ့ရသည်။

အရေးပေါ်ကာလသတ်မှတ်ပြီးချိန်မှစတင်၍ အကြမ်းဖက်ဆူပူမှုများ ကိုင်တွယ်ဖြေရှင်းရာတွင် နိုင်ငံကြီးအချို့ဆူပူရမ်းကား အကြမ်းဖက်သည့်လူအုပ်စုများကို ဖြိုခွဲသည့်ပုံစံများထက် ပိုမိုပျော့ပျောင်းသည့် မလွှဲမရှောင်သာသော အခြေအနေမျိုးတွင်သာ အနည်းဆုံးအင်အားတို့ဖြင့် ထိခိုက်ဒဏ်ရာရမှု အနည်းဆုံးဖြစ်အောင် ဖြေရှင်းဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့်လည်း ပြည်သူများအနေဖြင့် NLD ပါတီဝင်များ၊ ထောက်ခံဝန်းရံသူများနှင့် ပြည်ပအားကိုးပုဆိန်ရိုးများ၏ သွေးထိုးစည်းရုံးလှုံ့ဆော်မှုများကို လက်သင့်မခံဘဲ မိမိတို့၏ အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကိစ္စရပ်များကိုသာ အေးချမ်းတည်ငြိမ်စွာ လုပ်ကိုင်ဆောင်ရွက်ကြရန်နှင့် ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၁၄၄ အား လေးစားလိုက်နာကြရန် ဖြစ်ပါသည်။

သတင်းစဉ်

# သာသနာအကျိုးသယ်ပိုးနေသော သံဃာတော်တစ်ပါးအား ဆူပူဆန္ဒပြသူလူတစ်စုက ဝိုင်းဝန်းရိုက်နှက်မှုကြောင့် ရရှိဒဏ်ရာများပြင်းထန်သဖြင့် ပြင်ဦးလွင်မြို့ရှိ တပ်မတော်ဆေးရုံသို့ ပင့်ဆောင်ဆေးကုသမှုများ ဆောင်ရွက်



**နေပြည်တော် မတ် ၅**

မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ်ရှိသာသနဝ္ဂုဏ်ရည် ပခုက္ကူကျောင်းတိုက်မှ ဆရာတော် ဘဒ္ဒန္တ နရပတိသည် မြင်းခြံမြို့သို့ သွားရောက်၍ ပြန်လည်ထွက်ခွာလာစဉ် မြင်းခြံမြို့ရှိ ဆူပူဆန္ဒပြသူလူတစ်စုက ဆရာတော်အား ရိုက်နှက်လူဝတ်လဲကာ ဖမ်းဆီးထိန်းသိမ်းထားပြီး မြင်းခြံ-နွားထိုးကြီးသွားကားလမ်းဘေးရှိ သစ်ခြေပင်ရွာအနီးသို့ ကားဖြင့် လာရောက်ပစ်ထားကြောင်းကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ကြားသိရသဖြင့် သွားရောက်ပင့်ဆောင်ခဲ့ပြီး နယ်မြေခံတပ်တွင် ခေတ္တထားရှိကာ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးမှု ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ သံဃာတော်၌ ရရှိဒဏ်ရာများမှာ ပြင်းထန်သဖြင့် မန္တလေးမြို့ နန်းမြို့တွင်းရှိ တပ်မတော်ဆေးရုံသို့ ပင့်ဆောင်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ရာ စိုးရိမ်ဖွယ်အနေအထားရှိသဖြင့် ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ရှိ တပ်မတော်ဆေးရုံသို့ ထပ်မံပင့်ဆောင်ပြီး ဆေးကုသမှုခံယူစေလျက်ရှိရာ တပ်မတော်မှ ပါရဂူများ၊ ဆရာဝန်များ၊ ဆေးမှူးများ၊ သူနာပြုများက အထူးကြပ်မတ်၍ လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆရာတော်အား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို မွန်းလွဲပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ပြင်ဦးလွင်တပ်နယ်မှ တပ်နယ်မှူး ဗိုလ်မှူးချုပ် ဇော်ဟိန်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုဖူးမြော်၍ ကျန်းမာရေးအခြေအနေများအား မေးမြန်းလျှောက်ထားပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ခွင့်ပြုချက်မရရှိဘဲ ဆန္ဒပြသူများအား ဖမ်းဆီးထိန်းသိမ်းစဉ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ သုံးစွဲမှုရှိ၊ မရှိစိစစ်

**နေပြည်တော် မတ် ၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်တွင် နိုင်ငံတော်မှ ထုတ်ပြန်ထားရှိသော လူစုဝေးခွင့်ညွှန်ကြားချက်များအား ချိုးဖောက်ခဲ့သဖြင့် လိုက်နာမှုမရှိသူ အမျိုးသား ၁၃၈ ဦး၊ အမျိုးသမီး ၅၇ ဦး စုစုပေါင်း ၁၉၅ ဦးအား နယ်မြေခံလုံခြုံရေးရဲတပ်ဖွဲ့ခွဲတွင် ခေတ္တဖမ်းဆီးထိန်းသိမ်းခဲ့ပြီး ဦးစီးဦးဆောင်ပြုလုပ်သူခြောက်ဦးအား တရားဥပဒေအရ အရေးယူနိုင်ရေးဆောင်ရွက်ခဲ့ပြီး ကျန်အမျိုးသား၊ အမျိုးသမီးများအား ပြန်လည်စေလွှတ်ပေးခဲ့သည်။

ထိုသို့ ခေတ္တထိန်းသိမ်းထားရှိစဉ် အချို့မှာ အမူအရာသွင်ပြင်ပုံမှန်မဟုတ်ဘဲ မူးယစ်ဆေးဝါးသုံးစွဲထားရှိသောသူများ၏ စရိုက်လက္ခဏာကဲ့သို့ တွေ့ရှိရသဖြင့် ယင်းလက္ခဏာရှိသူ ၃၈ ဦးအား (ဆီး)နမူနာရယူ၍ စစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးစဉ် သက်ဆိုင်ရာဆေးရုံ၏ ဆေးစစ်ချက်ပြန်ကြားမှုအရ ဖေဖော်ဝါရီ ၂၃ ရက်တွင် ပြန်လည်စေလွှတ်ပေးခဲ့သူ အမျိုးသမီး ၁၇ ဦးသည် မူးယစ်ဆေးဝါးသုံးစွဲထားရှိကြောင်း ဆေးစစ်ချက်ပြန်ကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဆူပူဆန္ဒပြသူ လူအုပ်စုအတွင်း ဖုံးပစ်လက်နက်ကိုင်ဆောင်ထားသူအုပ်စုများ ပါဝင်လာမှုတွေ့ရှိ

**နေပြည်တော် မတ် ၅**

ဆူပူဆန္ဒပြသူ လူအုပ်စုအတွင်း ဖုံးပစ်လက်နက်ကိုင်ဆောင်ထားသူ အုပ်စုများပါဝင်လာမှု တွေ့ရှိရကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။



ယင်းသတင်းထုတ်ပြန်ချက်အရ ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် ဗဟိုလမ်းနှင့် ဖျာပုံလမ်းထောင့်တွင် မတ် ၃ရက်နံနက်၁၀ နာရီခန့်၌ ဆူပူအကြမ်းဖက်ဆန္ဒပြသူအုပ်စုအား လုံခြုံရေးတပ်ဖွဲ့ဝင်များက လူစုခွဲခဲ့ရကြောင်း။

ယင်းဖြစ်စဉ်ဖြစ်ပွားခဲ့မှုအခြေအနေကို နီးစပ်ရာ CCTV ကင်မရာများမှတစ်ဆင့် ခြေရာခံပြန်လည်စိစစ်ကြည့်ရှုရာတွင် ဆူပူဆန္ဒပြသူ လူအုပ်စုအတွင်းမှ မီးခိုးဖုံးပစ်လက်နက်ဟုယူဆရသည့် လက်နက်နှစ်ခု အသုံးပြုပစ်ခတ်နေသည်ကို တွေ့ရှိခဲ့ရကြောင်း၊ သေနတ်အမျိုးအစားအနေဖြင့် ပုံသဏ္ဌာန်နှစ်မျိုး ကွဲပြားနေပြီး ပစ်ခတ်ရာတွင် လူခြောက်ယောက်က အုပ်စုဖွဲ့ အသုံးပြုပစ်ခတ်နေသည်ကို CCTV ကင်မရာမှတ်တမ်းအရ ပီပြင်ထင်ရှားစွာ တွေ့မြင်ရကြောင်း။

ဖြစ်စဉ်အပေါ် သုံးသပ်ချက်အရ ဆူပူဆန္ဒပြသူ လူစုလူဝေးများအနေဖြင့် သာမန်ဆန္ဒပြသည့်အဆင့်တွင် မရှိတော့ဘဲ ပေါက်ကွဲစေတတ်သော လက်နက်များစွဲကိုင်ကာ အကြမ်းဖက်မှုဆောင်ရွက်လာသည့်အခြေအနေသို့ ရောက်ရှိလာသည်ကို တွေ့ရှိရပြီး ထိခိုက်ဒဏ်ရာရရှိမှုဖြစ်စဉ်များအား လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ပြုလုပ်မှုကြောင့် ဖြစ်ရသည်ဟူ၍ ပုံဖော်ဆောင်ရွက်လာနေသည်ကို တွေ့မြင်သုံးသပ်ရရှိကြောင်း သိရသည်။

သတင်းစဉ်

## ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထား

**နေပြည်တော် မတ် ၅**

ဆေးတက္ကသိုလ် (၁)တွင် တာဝန်ထမ်းဆောင်ခဲ့၍ ဆေးကုသမှုမရှိသည့် ဆေးပညာရှင် ဦးဇော်ဝေစိုးသည် ၎င်း၏လူမှုကွန်ရက်၌ လုပ်ဖော်ကိုင်ဖက်ဝန်ထမ်းများနှင့် လက်အောက်ဝန်ထမ်းများအား ရုံးမတက်ဘဲ သပိတ်မှောက်ရာတွင် ပါဝင်ဆန္ဒပြရန် လှုံ့ဆော်မှုများ ပြုလုပ်ခဲ့သဖြင့် ၂၀၂၁ ခုနှစ် မတ် ၂ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ် လသာမြို့မရဲစခန်း၌ ရာဇသတ်ကြီး ပုဒ်မ ၅၀၅ – က ဖြင့် အမှုဖွင့်အရေးယူထားရှိသည်။

ထို့ပြင် ၎င်းသည် နိုင်ငံတော်တည်ငြိမ်ရေးကို နှောင့်ယှက်ဖျက်ဆီးလိုသည့် ရည်ရွယ်ချက်ဖြင့် နိုင်ငံတော်သစ္စာဖောက်ဖျက်မှုကို ကျူးလွန်လျက်ရှိသည့် CRPH က ဖွဲ့စည်းသည့် အဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်နေကြောင်း တွေ့ရှိရသည့်အတွက် ၎င်းအား နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှုဖြင့် အရေးယူရန် ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာဝင်းကိုကိုသိန်း (ခ)သက္ကမိုးညိုသည် ၎င်း၏ လူမှုကွန်ရက်၌ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်စေသောသတင်းများကို ရေးသားဖော်ပြခဲ့သဖြင့် ဖေဖော်ဝါရီ ၃ ရက်တွင် ပုဗ္ဗသီရိမြို့နယ် ပတ္တာနယ်မြေရဲစခန်း၌ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က) ဖြင့်လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းများ CDM လှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်စေရန် လှုံ့ဆော်မှုများ ပြုလုပ်ခဲ့သဖြင့် ဖေဖော်ဝါရီ ၁၇ ရက်တွင် ဇမ္ဗူသီရိမြို့နယ် အမှတ် (၁)မြို့မရဲစခန်း၌ ရာဇသတ်ကြီးပုဒ်မ ၅၀၅ – က ဖြင့် လည်းကောင်း အမှုများရေးဖွင့်ထားရှိသည်။

သို့ဖြစ်၍ ဖော်ပြပါ ဦးဇော်ဝေစိုးနှင့် ဒေါက်တာ ဝင်းကိုကိုသိန်း (ခ) သက္ကမိုးညိုတို့အား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိပြီး ၎င်းတို့နှင့်စပ်လျဉ်း၍ နီးစပ်ရာရဲစခန်းများနှင့် နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်များ၌ တိုင်ကြားနိုင်ရန် ထုတ်ပြန်ထားသည့် တယ်လီဖုန်းနံပါတ်များသို့ သတင်းပေးတိုင်တန်းနိုင်ကြောင်းနှင့် လက်ခံထားပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းထုတ်ပြန်ထားကြောင်း သိရှိရသည်။ **သတင်းစဉ်**

# ပြည်သူ့နီတိလာ နိုင်ငံ့ဝန်ထမ်း

**မသစ္စာ**

ရေးအခါက ပြည်သူ့တာဝန်မှာ ရပ်သူရွာသား၏ တာဝန်၊ မြို့သူမြို့သား၏တာဝန်ဟူ၍သာ အဓိပ္ပာယ် ရှိခဲ့လေသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် လွတ်လပ်သောအချုပ်အခြာအာဏာပိုင် နိုင်ငံတော်ကြီးဖြစ်သည့်အားလျော်စွာ ပြည်သူပြည်သားများ၏ တာဝန်မှာ ယခင်ကထက် တိုးတက်ကျယ်ဝန်းလာသည်။ ပြည်သူပြည်သားဖြစ်သည့်အားလျော်စွာ ရသင့်ရထိုက်သော အခွင့်အရေးများကိုလည်း ပြည့်စုံစွာ ဆောင်ရွက်ရပေသည်။

နိုင်ငံသားများသည် ကြီးပွားရန်လွတ်လပ်ရသည်။ လွတ်လပ်ရန် အခွင့်အရေးလည်းရှိရသည်။ အခွင့်အရေးရရန် နိုင်ငံတော်ကို အားကိုးရပေမည်။ တစ်နည်းအားဖြင့် လွတ်လပ်ခြင်းသည် နိုင်ငံနှင့် တကွ နိုင်ငံ၏အာဏာနှင့် တရားဥပဒေအပေါ်တွင် တည်၏။ တရားဥပဒေရှိမှ လွတ်လပ်မှုရှိနိုင်မည်။ လူဟူသည် အများအားဖြင့် ရိုးသားဖြောင့်မတ်၍ ဥပဒေစည်းကမ်းကို လေးစားရ၏။ တရားဥပဒေဟူသည် လွတ်လပ်ခြင်းကို မဆန့်ကျင်၊ တရားဥပဒေကြောင့် လွတ်လပ်ခြင်း တည်မြဲ၏။ လွတ်လပ်ခြင်းကို တရားဥပဒေကသာ စောင့်ရှောက်ပါ၏။

**ညီတူညီမျှ ခံစားပိုင်ခွင့်ရှိ**

တရားဥပဒေမျက်မှောက်တွင် လူတိုင်း အတူတူဖြစ်ရမည်။ ညီမျှရမည်။ တရားဥပဒေက ပေးအပ်ထားသော အခွင့်အရေးများကို ညီတူညီမျှ ခံစားပိုင်ခွင့်ရှိရမည်။ ဆင်းရဲသား၊ လူချမ်းသာ၊ အရာရှိ မည်သူမည်ဝါအဖို့မဆို ဥပဒေတစ်မျိုးတည်းသာ ရှိရမည်။ သို့မှသာလျှင် မည်သည့်ကိစ္စတွင်မဆို တရားသဖြင့် ဖြစ်နိုင်ပေမည်။ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် လူမျိုးဘာသာမရွေး၊ ယောကျ်ားမိန်းမမရွေး နိုင်ငံသားဟူသမျှ တရားဥပဒေအရာတွင် အညီအမျှဖြစ်သည်ဟု ဖော်ပြထားသဖြင့် ဥပဒေတစ်မျိုးတည်းအောက်တွင် စုရုံးနေထိုင်ကြရသည်ဖြစ်သောကြောင့် ဥပဒေအရ တရားမျှတခြင်း ရရှိပြီ ဖြစ်ပါသည်။

ထို့အပြင် အခွင့်အရေးနှင့် တာဝန်မှာလည်း ဆက်သွယ်လျက်ရှိသည်။ အခွင့်အရေးရှိလျှင်တာဝန် ရှိရမည်။ အလုပ်မလုပ်သူသည် ထမင်းမစားထိုက်သကဲ့သို့ တာဝန်ကို မထမ်းဆောင်လိုသူသည် အခွင့်အရေးကို ခံစားခွင့်မရှိချေ။ မည်သည့်နိုင်ငံသားမဆို ပစ္စည်းဥစ္စာမရွေး၊ အဆင့်အတန်းမရွေး အစိုးရဌာနများတွင် ရာထူးဌာနန္တရများကိုရနိုင်ခွင့်ရှိပြီး ဖြစ်ပါသည်။ အဆင်းရဲဆုံးသူပင်ဖြစ်လင့်ကစား နိုင်ငံ၏ အမြင့်ဆုံးရာထူးကို အချမ်းသာဆုံးလူကဲ့သို့ပင် ရယူနိုင်ရန် အခွင့်အရေးရှိပါသည်။

ပြည်သူပြည်သားများ၌ အခွင့်အရေးများ ရှိသကဲ့သို့ တာဝန်ဝတ္တရားများလည်း ရှိပေသေးသည်။ ပြည်သူ့အခွင့်အရေးများ အရေးကြီးသည့်အတိုင်း ပြည်သူ့တာဝန်များသည်လည်း အရေးကြီး၏။ ပြည်သူ့တာဝန်များကား–

(၁) တရားဥပဒေကို ရိုသေလေးစားခြင်း၊

(၂) နိုင်ငံအား သစ္စာစောင့်သိခြင်း၊

(၃) အခွန်ပေးဆောင်ခြင်း၊

(၄) မဲဆန္ဒကို မှန်ကန်စွာ အသုံးပြုခြင်း၊

(၅) ပညာသင်ကြားရေးတာဝန်နှင့်

(၆) ပြည်သူ့ဝန်ထမ်းလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်ခြင်းတို့ ဖြစ်ကြသည်။

ပြည်သူ့ဝန်ထမ်းလုပ်ငန်းများကို တာဝန်ယူရန်လိုအပ်သောအခါ မတွန့်မဆုတ်ဘဲ ထိုတာဝန်များကို ကြည်ဖြူစွာ လက်ခံရပေမည်။ တာဝန်သည် ဝတ္တရားထက်ပို၍ အရေးကြီးသည်ဟု နားလည်ရာ၏။ ဝတ္တရားပျက်ကွက်သော နိုင်ငံ့ဝန်ထမ်းတစ်ဦးတစ်ယောက်အတွက် ၎င်းနှင့်အတူ အနည်းငယ်မျှသောသူတို့သာလျှင် နစ်နာ၍ တာဝန်ပျက်ကွက်ခဲ့လျှင် တစ်မျိုးသားလုံးနှင့် တစ်နိုင်ငံလုံးပါ နစ်နာပျက်စီးစေတတ်ပါသည်။

**နိုင်ငံတစ်ခုတည်းအဖို့သာ အားထုတ်ရ**

ပြည်သူပြည်သားတစ်ယောက်၌ ပညာအမြော်အမြင်ရှိရမည်။ မိမိကိုယ်မိမိ ချုပ်တည်းထိန်းသိမ်းတတ်ရမည်။ နိုင်ငံ့ဝန်ထမ်းလုပ်ငန်းများတွင် စိတ်ပါဝင်စားရမည်။ လူအများကောင်းကျိုး သို့မဟုတ် မိမိလူမျိုးကောင်းကျိုး သို့မဟုတ် မိမိနိုင်ငံကောင်းကျိုး တို့၌ မိမိကိုယ်ကို အနစ်နာခံနိုင်ရမည်။ မိမိတာဝန်ဝတ္တရားများကို ဆောင်ရွက်သောအခါ ကိုယ်ကျိုးကို မငဲ့ဘဲ မကြောက်မရွံ့ မှန်ကန်စွာ ဆောင်ရွက်နိုင်သော သတ္တိရှိရမည်။ နိုင်ငံ၏သစ္စာကို စောင့်ထိန်းရိုသေ၍ နိုင်ငံတော်၏ အမိန့်အာဏာများကို နာခံရမည်။ နိုင်ငံ၏လုံခြုံမှုနှင့် ပတ်သက်လာသောအခါ အခြားအခြားသော ကိစ္စတို့ကိုဖယ်၍ နိုင်ငံတစ်ခုတည်းအဖို့သာ အားထုတ်ရပေမည်။ လူတိုင်းအလုပ်သည် မည်သူ့အလုပ်မျှမဟုတ်ဟု အထင်အမြင်မှား၍ အများနှင့် သက်ဆိုင်သောကိစ္စကို အခြားသူများ လုပ်လိမ့်မည်ဟု သဘောထားကာ စိတ်မဝင်စားဘဲ နေတတ်သူအချို့ ရှိတတ်ပါသည်။ ထိုသို့ အများ၏တာဝန်၊ နိုင်ငံ၏တာဝန်ကို ဆောင်ရွက်ရန်ပျက်ကွက်ခြင်းကြောင့် လူမသမာတို့၏ မတရားပြုမှုမှာ ပေါ်များလာလေသည်။

**ပြည်သူပြည်သားတစ်ယောက်၌ ပညာအမြော်အမြင်ရှိရမည်။ မိမိကိုယ်မိမိ ချုပ်တည်းထိန်းသိမ်းတတ်ရမည်။ နိုင်ငံ့ဝန်ထမ်းလုပ်ငန်းများတွင် စိတ်ပါဝင်စားရမည်။ လူအများကောင်းကျိုး သို့မဟုတ် မိမိလူမျိုးကောင်းကျိုး သို့မဟုတ် မိမိနိုင်ငံကောင်းကျိုးတို့၌ မိမိကိုယ်ကို အနစ်နာခံနိုင်ရမည်။ မိမိတာဝန်ဝတ္တရားများကို ဆောင်ရွက်သောအခါ ကိုယ်ကျိုးကိုမငဲ့ဘဲ မကြောက်မရွံ့ မှန်ကန်စွာ ဆောင်ရွက်နိုင်သော သတ္တိရှိရမည်။ နိုင်ငံ၏သစ္စာကို စောင့်ထိန်းရိုသေ၍ နိုင်ငံတော်၏ အမိန့်အာဏာများကို နာခံရမည်။ နိုင်ငံ၏လုံခြုံမှုနှင့် ပတ်သက်လာသောအခါ အခြားအခြားသော ကိစ္စတို့ကိုဖယ်၍ နိုင်ငံတစ်ခုတည်းအဖို့သာ အားထုတ်ရပေမည်။ လူတိုင်းအလုပ်သည် မည်သူ့အလုပ်မျှမဟုတ်ဟု အထင်အမြင်မှား၍ အများနှင့် သက်ဆိုင်သောကိစ္စကို အခြားသူများ လုပ်လိမ့်မည်ဟု သဘောထားကာ စိတ်မဝင်စားဘဲ နေတတ်သူအချို့ ရှိတတ်ပါသည်။ ထိုသို့ အများ၏တာဝန်၊ နိုင်ငံ၏တာဝန်ကို ဆောင်ရွက်ရန်ပျက်ကွက်ခြင်းကြောင့် လူမသမာတို့၏ မတရားပြုမှုမှာ ပေါ်များလာ။**

**နိုင်ငံတော်၏ ကောင်းကျိုးအတွက် ဆောင်ရွက်**

နိုင်ငံသားတို့မှာ ပြည်သူ့တာဝန်ကို သိနားလည်သော သဘောများရှိကြရသည်။ ထိုသဘောမှာ ကျယ်ဝန်းများပြားလှသည်။ နိုင်ငံတော်ကို ကြည်ညိုလေးစားခြင်း၊ အများ၏အကျိုးအတွက် စိတ်ရောကိုယ်ပါ ဆောင်ရွက်ခြင်း၊ တရားဥပဒေအရ လိုက်နာကျင့်ဆောင်ခြင်း၊ အသိဉာဏ်နှင့်ယှဉ်၍ ရိုးသားဖြောင့်မတ်စွာ မဲဆန္ဒပေးခြင်း စသည်တို့မှာ ပြည်သူ့တာဝန်ကို သိနားလည်သော သဘောများဖြစ်ပေသည်။ စေတနာ့ဝန်ထမ်းလုပ်ငန်းများတွင် ကိုယ်ထိလက်ရောက်ပါဝင်ဆောင်ရွက်ခြင်း၊ ကျသင့်သော အခွန်တော်တို့ကို မတွက်မကတ်ပြေကျေအောင် ထမ်းဆောင်ခြင်း စသည်တို့မှာလည်း နိုင်ငံတော်၏ ကောင်းကျိုးအတွက် ဆောင်ရွက်ခြင်းပင် ဖြစ်သည်။ နိုင်ငံသားကောင်းတို့သည် ပြောဆိုလုပ်ကိုင်မှုတွင် စဉ်းစားဆင်ခြင်လေ့ရှိကြ၍ စဉ်းစားဆင်ခြင်ပြီးမှသာလျှင် ပြောသင့်ပြောထိုက်သည်၊ လုပ်သင့်လုပ်ထိုက်သည်တို့ကို ပြောလေ့လုပ်လေ့ရှိသည်။

ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးလုံခြုံမှုသည် နိုင်ငံသားတိုင်းအဖို့ အရေးကြီး၏။ လူတစ်ဦးတစ်ယောက်၏ စဉ်းစားဆင်ခြင်မှုမရှိသော ပြုမူပြောဆိုချက်များသည် လူများအတွက် နစ်နာပျက်စီးတတ်သည်။ မိမိ၏ တစ်စိတ်တစ်သဘောအရ ပြုမူဆောင်ရွက်ချက်များသည် ဒီမိုကရေစီခေတ်တွင် လူအများ မနှစ်သက်လက်မခံနိုင်ကြောင်းကိုလည်း သတိပြုသင့်ပေသည်။ နိုင်ငံ့ဝန်ထမ်းကောင်းတို့၏ အဓိကတာဝန်မှာ နိုင်ငံတော်၏ တည်ဆဲဥပဒေများကို ရိုသေ၍ လိုက်နာဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများကို သိနားလည်ခြင်းပင်ဖြစ်သည်။

**ရည်ရွယ်ချက်နှစ်ရပ်**

နိုင်ငံတော်၏ ဥပဒေများကို နိုင်ငံသူနိုင်ငံသား မှန်သမျှ စောင့်စည်းထိန်းသိမ်းရန် တာဝန်ကျရောက်သည်။ နိုင်ငံတော်၏ဥပဒေကို မိမိကိုယ်တိုင် ရိုသေလေးစားရုံမျှမက သူတစ်ပါးအားလည်း ရိုသေလေးစားရန်နှင့် လိုက်နာရန်ညွှန်ကြားရမည့်တာဝန်သည် နိုင်ငံသူနိုင်ငံသားတို့၏ တာဝန်တစ်ရပ်ဖြစ်ပေသည်။ ထို့ပြင် နိုင်ငံသားတိုင်းနှင့် သက်ဆိုင်သော အခြားတာဝန်တစ်ရပ်မှာ ဝန်ထမ်းလုပ်ငန်းများဖြစ်သည်။ ဝန်ထမ်းလုပ်ငန်းများတွင် အဓိကရည်ရွယ်ချက်နှစ်ရပ်ရှိ၏။ ၎င်းတို့မှာ

(၁) နိုင်ငံတော်၏ဝန်ကို ထမ်းရွက်ခြင်းအားဖြင့် အသက်မွေးမြူခြင်းနှင့်

(၂) စေတနာသက်သက်ဖြင့် ဝင်ရောက်အမှုထမ်းခြင်းတို့ဖြစ်သည်။

နိုင်ငံ့ဝန်ထမ်း၊ ပြည်သူ့ဝန်ထမ်း အမှုထမ်း၊ အရာထမ်းများသည် ပထမအမျိုးအစားတွင် ပါဝင်၍ စေတနာ့ဝန်ထမ်းများသည် ဒုတိယအမျိုးအစားတွင် ပါဝင်သည်။

နိုင်ငံတော်၏ အမှုထမ်း၊ အရာထမ်းများမှာ စေတနာကောင်းလျှင် နိုင်ငံတော်၏ ဝန်ထမ်းအစစ်ဟု အသိအမှတ်ပြုခြင်းခံကြရလျက် အဆင့်အတန်းနှင့် ဂုဏ်အလိုအလျောက် ရရှိကြသည်ပင် ဖြစ်သည်။ ဒုတိယအမျိုးအစားတွင် ပါဝင်သော နိုင်ငံတော်၏ စေတနာ့ဝန်ထမ်းများမှာ ထူးကဲမွန်မြတ်သော ရည်ရွယ်ချက်ဖြင့် မိမိတို့၏ကိုယ်ကျိုးမဖက် နိုင်ငံတော်၏တာဝန်ကို ထမ်းရွက်ခြင်းကြောင့် လွန်ကဲထူးမြတ်သော ဂုဏ်ကျက်သရေဖြင့် ပြည့်စုံပေသည်။ မည်သို့ပင်ဖြစ်စေကာမူ နိုင်ငံသားဟူသမျှသည် မိမိကျွမ်းကျင်လိမ္မာသော အမှုကိစ္စတို့၌ နိုင်ငံတော်၏ ကြီးပွားရာကြီးပွားကြောင်းကို ရည်စူး၍ မိမိနှင့်သင့်လျော်သော တာဝန်များကို စေတနာအပြည့်ဖြင့် ဝင်ရောက်ထမ်းရွက်သင့်ပါသည်။

နိုင်ငံသားတို့မှာ အများပြည်သူတို့နှင့် သက်ဆိုင်သော ပြည်သူ့လုပ်ငန်း၊ နိုင်ငံအစိုးရတို့နှင့် ဆိုင်သော ဥပဒေပြုခြင်း၊ စီရင်အုပ်ချုပ်ခြင်း၊ တရားစီရင်ဆုံးဖြတ်ခြင်းစသော နိုင်ငံ့ဝန်ထမ်းလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်နိုင်ခွင့်ရှိကြရာ ဒီမိုကရေစီနိုင်ငံများတွင် အရည်အချင်းရှိသလောက် ဆောင်ရွက်နိုင်ခြင်းမှာ အဖိုးထိုက်တန်သော အခွင့်အရေးတစ်ခုပင် ဖြစ်ပေသည်။

သို့ပါ၍ နိုင်ငံ့ဝန်ထမ်း၊ စေတနာ့ဝန်ထမ်းတို့သည် မိမိတို့ ပါဝင်ထမ်းရွက်နေကြသော လုပ်ငန်းတာဝန်များကို ဆောင်ရွက်ကြရာ၌ ထုတ်ပြန်ထားသော ဥပဒေ၊ စည်းမျဉ်းစည်းကမ်းဘောင်တို့အတွင်းမှ နိုင်ငံတော်အကျိုးရှိရာရှိကြောင်း ကိုယ်ကျိုးမငဲ့ဘဲ ရွက်ဆောင်ကြခြင်းဖြင့် နိုင်ငံတော်အတွက် ကြီးပွားတိုးတက်ရာ၌ အထောက်အပံ့ဖြစ်စေမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

**ကိုးကား –**

(၁) “ပြည်သူ့နီတိ”၊ ဦးဘဖေ(ဘီအေ၊ ဘီအက်ဒ်)၊ ကျောင်းအုပ်ကြီး(ငြိမ်း)၊ နိုင်ငံတော် ဆရာအတတ်သင်သိပ္ပံ။

(၂) “ပြည်သူ့တာဝန်”၊ ဦးကျော်မင်း (ဘီအေ၊ ဘီအီးဒီ)။




# နေပြည်တော်ရှိ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များနှင့် ဝန်ကြီးဌာနများမှ အရာထမ်းများ ကိုဗစ်-၁၉ ကာကွယ်ဆေး ဒုတိယအကြိမ်ထိုးနှံ

**နေပြည်တော် မတ် ၅**

နေပြည်တော်ရှိ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များနှင့် ဝန်ကြီးဌာနများမှ အရာထမ်းများအား ယနေ့နံနက်ပိုင်းမှစတင်၍ နေပြည်တော်ရှိစည်ပင်ဧည့်ရိပ်သာ (၁) ကာကွယ်ဆေးထိုးစုရပ်၌ ကျန်းမာရေးဝန်ထမ်းများက ကိုဗစ်-၁၉ ကာကွယ်ဆေး (COVISHIELD) ဒုတိယအကြိမ် ထိုးနှံပေးကြသည်။

ကိုဗစ်-၁၉ ကာကွယ်ဆေး (COVISHIELD) ထိုးနှံခြင်းကို နံနက်ပိုင်းမှစတင်၍ ဆောင်ရွက်ရာ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများအား ကာကွယ်ဆေးထိုးနှံပေးခဲ့ကြသည်။

ကိုဗစ်-၁၉ ကာကွယ်ဆေး (COVISHIELD) ထိုးနှံခြင်းမပြုမီ ကျန်းမာရေးဝန်ထမ်းများက ကိုယ်အပူချိန်တိုင်းတာပေးခြင်း၊ သွေးပေါင်ချိန်တိုင်းတာပေးခြင်း၊ သွေးအတွင်း အောက်ဆီဂျင်ပါဝင်မှုပမာဏ တိုင်းတာပေးခြင်းတို့ကို ဆောင်ရွက်ပေးပြီး ပုံမှန်အနေအထားရှိမှသာ ကာကွယ်ဆေးထိုးနှံပေးကြောင်း သိရသည်။

ယနေ့တွင် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များနှင့် ဝန်ကြီးဌာနများမှ အရာထမ်း စုစုပေါင်း ၄၇၉ ဦးအား ကိုဗစ်-၁၉ ကာကွယ်ဆေး ဒုတိယအကြိမ် ထိုးနှံပေးခြင်းဖြစ်ပြီး ကျန်ရှိသည့်ဝန်ကြီးဌာနများမှ ဝန်ထမ်းများကိုလည်း ဒုတိယအကြိမ် ဆက်လက်ထိုးနှံပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဆေးကုသရန်အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် ပြည်သူ့ဆေးရုံနှင့် တိုက်နယ်ဆေးရုံများသို့ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများက သွားရောက်၍ လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် မတ် ၅**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်ဆေးရုံ၊ ဟံဇာတိုက်နယ်ဆေးရုံ၊ ယင်းမာပင်တိုက်နယ်ဆေးရုံနှင့် သပိတ်ကျင်းမြို့နယ် တကောင်းတိုက်နယ်ဆေးရုံ၊ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ပြည်သူ့ဆေးရုံနှင့် ရွှေကျင်မြို့နယ် ဒုံဇရစ်ကျေးရွာ တိုက်နယ်ဆေးရုံတို့ရှိ ဝန်ထမ်းများနှင့် လူနာရှင်များက နယ်မြေခံတပ်ရှိ တပ်မတော်ဆေးရုံမှ ဆရာဝန်များနှင့် သူနာပြုများ လာရောက်ကုသပေးနိုင်ပါရန် အကူအညီတောင်းခံမှုကြောင့် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များက တပ်နယ်များအလိုက် တပ်မတော်ဆေးရုံမှ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများပါဝင်သော ဆေးကုသရေးအဖွဲ့အား စေလွှတ်၍ ရောဂါဝေဒနာခံစားနေရသည့်ဒေသခံပြည်သူများကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါဆေးရုံများ၌ တပ်မတော်ဆေးကုသရေးအဖွဲ့များက ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရာ ယနေ့တွင် ခွဲစိတ်ကုသမှုဆိုင်ရာ ရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အရိုးအကြောရောဂါ၊ အစာအိမ်ရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆက်လက်ဆောင်ရွက်ပေးပြီး ခွဲစိတ်ကုသရန်လိုအပ်သော လူနာများအား ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်အသီးသီးရှိ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ဒေသခံပြည်သူများအား ဆေးကုသပေးထားမှုအခြေအနေများ၊ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထိုသို့ ကျန်းမာရေးစောင့်ရှောက်ပေးမှုအပေါ် ဒေသခံပြည်သူများအနေဖြင့် အထူးပင်ကျေးဇူးတင်ဝမ်းမြောက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





# လက်ပံတန်းမြို့ ပြည်သူ့ဆေးရုံရှိ ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများအား CDM တွင် ပါဝင်လှုပ်ရှားမှုအပေါ် ဒေသခံပြည်သူများက ငြိမ်းအေးစွာဆန္ဒထုတ်ဖော်

**နေပြည်တော် မတ် ၅**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့ ပြည်သူ့ဆေးရုံမှ ဒေါက်တာရဲဝင်း အပါအဝင် ဆရာဝန်၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ထမ်း စုစုပေါင်း ၂၂ ဦးသည် ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ခြင်းမပြုဘဲ ဖေဖော်ဝါရီ ၃ ရက်မှစ၍ CDM တွင်ပါဝင်ပြီး တာဝန်ပျက်ကွက်လျက်ရှိသည်။

အဆိုပါဖြစ်စဉ်ကြောင့် ဒေသခံပြည်သူလူထု၏ ကျန်းမာရေးလုပ်ငန်းများကို ဆောင်ရွက်ပေးရန် အခက်အခဲများဖြစ်ပေါ်နေသည့်အတွက် ဒေသခံပြည်သူများက ယနေ့တွင် CDM ပြုလုပ်သော "လက်ပံတန်းပြည်သူ့ဆေးရုံ အမြန်ဆုံးပြန်ဖွင့်ပေးရေး၊ သော့ခတ်ထားတဲ့ဆေးရုံကြီး မြန်မြန်ဖွင့်၊ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်ပေး" စသည့် စာသားပါဆိုင်းဘုတ်များ၊ ကြွေးကြော်သံများဖြင့် ရှုတ်ချဆန္ဒထုတ်ဖော်မှုများ ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကျန်းမာရေးဝန်ထမ်းများအတွက် အသိပေးပန်ကြားချက်

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများနှင့် ပြည်သူလူထုအတွက် ကာကွယ်ဆေးထိုးနှံရေး ဆက်လက်ဆောင်ရွက်နေသည့် အချိန်ဖြစ်ခြင်းကြောင့်လည်းကောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုခံယူရန် လိုအပ်နေသော ပြည်သူလူထုအား အချိန်နှင့်တစ်ပြေးညီ ကျန်းမာရေးစောင့်ရှောက်မှုပေးအပ်နိုင်ရန်အတွက်လည်းကောင်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနအသီးသီးမှ ဝန်ထမ်းများအနေဖြင့် လူနာများ၏အကျိုးကို ရှေ့ရှု၍ မိမိတို့လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်ထမ်းဆောင်ကြပါရန် (၈-၂-၂၀၂၁)ရက်နေ့မှစ၍ ယနေ့အထိတိုက်တွန်းနှိုးဆော်ပန်ကြားခဲ့ပါသည်။

၂။ သို့ဖြစ်ပါ၍ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် မိမိတို့တာဝန်ကျရာ ဆေးရုံ၊ တက္ကသိုလ်/သင်တန်းကျောင်းများနှင့် ရုံး/ဌာနများသို့ ပြန်လည်ဝင်ရောက်တာဝန်ထမ်းဆောင်ရန် အခက်အခဲရှိပါက အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်များနှင့် Email လိပ်စာများသို့ ဆက်သွယ်ဆောင်ရွက်သွားကြပါရန် အသိပေးပန်ကြားအပ်ပါသည် -

| | | |
|---|---|---|
| တယ်လီဖုန်းနံပါတ် | - | ၀၆၇-၃၄၁၁၅၀၈/ ၀၆၇-၃၄၁၁၅၀၉/ ၀၆၇-၃၄၁၁၁၄၄<br>၀၉-၈၈၂၅၅၇၉၉၁/ ၀၉-၈၈၂၅၅၇၉၉၂/ ၀၉-၈၈၂၅၅၇၉၉၃ |
| Email | - | office@e-mohs.gov.mm |

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# ချင်းတိုင်းရင်းသားတို့၏ သမိုင်းဝင်ကမ္ပည်းကျောက်တိုင်များကို အချိန်မီထိန်းသိမ်းရန်လိုအပ်

**တီးတိန် မတ် ၅**

ချင်းပြည်နယ်အတွင်း ဒေသအလိုက်၊ လူမျိုးအလိုက် မြို့နယ်ကျေးရွာများတွင် ရှေးကာလမှစတင်၍ စိုက်ထူမှတ်တမ်းတင်ထားသည့် သမိုင်းဝင်ကမ္ပည်းကျောက်စာတိုင်အချို့မှာ ရာသီဥတုသဘာဝဘေးဒဏ်



ကြောင့်လည်းကောင်း၊ အမျိုးမျိုးသော အကြောင်းအရာများကြောင့်လည်းကောင်း ပျက်စီးမှုများ ဖြစ်ပေါ်လာရာ ယင်းမှတ်တမ်းကျောက်စာများကို ဒေသအလိုက်၊ မြို့ရွာအလိုက် ထိန်းသိမ်းဆောင်ရွက်ရန် လိုအပ်နေကြောင်း ချင်းစာပေနှင့် ယဉ်ကျေးမှုထိန်းသိမ်းရေးကော်မတီထံမှ သိရသည်။

"ကျွန်တော်တို့ ချင်းတိုင်းရင်းသားတွေအနေနဲ့ အိမ်ဆောက်မယ်ဆိုရင်လည်း ဘယ်နေရာ၊ အခန်းပုံစံ ဘယ်လိုဖွဲ့ရမယ်ဆိုတာရှိတယ်။ နောက်ပြီး မိဘဘိုးဘွားအစဉ်အဆက်က တောလိုက်လို့ရလာတဲ့ သားကောင်တွေရဲ့ဦးခေါင်းကို အိမ်ရှေ့ဧည့်ခန်းမှာ ချိတ်ဆွဲတဲ့ဓလေ့ရှိတယ်။ နောက်ပြီး ရပ်ရွာအကြီးအကဲတွေရဲ့ ကျောက်စာတိုင်ထူတဲ့ဓလေ့ရှိတယ်။ အခု တောကောင်၊ သားကောင်တွေရဲ့ဦးခေါင်း အိမ်ရှေ့ခန်းမှာ ချိတ်ဆွဲတဲ့ဓလေ့ဟာ ပျောက်လုနီးပါးဖြစ်လာသလို ကျောက်စာတိုင်တွေလည်း မှတ်တမ်းတင်ထိန်းသိမ်းဖို့ လိုအပ်နေပါတယ်" ဟု အဆိုပါကော်မတီမှ ဦးဂိုးပေါင်က ပြောသည်။

ချင်းပြည်နယ်တွင် မှတ်တမ်းမှတ်ရာများအရ ချင်းတိုင်းရင်းသားမျိုးနွယ်စု ၅၃ စု နေထိုင်ကြပြီး ယင်းမျိုးနွယ်စုများအလိုက် မှတ်တမ်းတင်ကျောက်စာတိုင်များကို နေရာဒေသတိုင်း၌ စိုက်ထူထားကြကြောင်း၊ ချင်းတိုင်းရင်းသား ဇိုမီးမျိုးနွယ်စုတို့က ကျောက်စာကို " မွာလ်ဆွောင်း" ဟု ခေါ်ကြကြောင်း၊ လွန်ခဲ့သည့် နှစ်များက တိရစ္ဆာန်ဦးခေါင်းများ၊ တိရစ္ဆာန်အရိုးစုများ၊ သားရေများ ဈေးကောင်းလာသည့်အတွက် တိရစ္ဆာန် ခေါင်းချိတ်ဆွဲမှုရိုးရာ ပျောက်ကွယ်လာရကြောင်း တီးတိန်မြို့နယ် လိုင်လိုးကျေးရွာမှ ဒေသခံတစ်ဦးထံမှ သိရသည်။

ချင်းတိုင်းရင်းသားရိုးရာ ကမ္ပည်းကျောက်စာများကို တီးတိန်မြို့နယ်၊ တွန်းဇံမြို့နယ်တို့ရှိ ကျေးရွာများနှင့် ဖလမ်းမြို့နယ် တာရွှန်းကျေးရွာတို့တွင် အစောဆုံးတွေ့မြင်ရပြီး ဟားခါးမြို့နယ်နှင့် တောင်ပိုင်းချင်းတောင် တို့၌ရှိသည့် နှစ်ပေါင်းများစွာကြာမြင့်ပြီဖြစ်သော ကျောက်စာများ၊ မိမိတို့၏ရိုးရာကို ဖော်ပြနေသည့် သမိုင်းဝင်ကမ္ပည်းကျောက်စာများကို မပျောက်မပျက်စေဘဲ အချိန်မီထိန်းသိမ်းရန်လိုအပ်နေကြောင်း သိရသည်။

**ဇိုဟေဆာ**

# ကလေးမြို့ တောင်ဖီလာတောင်၌ တရားမဝင်တောခုတ်၊ ငှက်ပစ်သူများ များလာသည့်အတွက် သစ်ပင်နှင့် တိရစ္ဆာန်များ ပျောက်ကွယ်လုနီးဖြစ်

**ကလေး မတ် ၅**

တရားဘာဝနာပွားများသူများ၊ အများပြည်သူ အပန်းဖြေအနားယူသွားလာမှုများသည့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ တောင်ဖီလာတောင်တွင် နေ့စဉ်ထင်းခုတ်သူများ၊ တောရှင်းသူများနှင့် ငှက်၊ တောကောင်၊ သားကောင်ဖမ်းဆီးသူများ များပြားလာသည့်အတွက် သဘာဝတောပင်သစ်ပင်များနှင့် တောပျော်သတ္တဝါများ ပျက်စီးပျောက်ကွယ်လုနီးဖြစ်လာကြောင်း သိရသည်။

ကလေးမြို့ တောင်ဖီလာတောင်တွင် သစ်ခုတ်မှု၊ တောတောင်သားကောင်ပစ်ခတ်ဖမ်းဆီးမှုများကို ဒေသခံများ၊ တောင်ဖီလာတောင်ဝန်းကျင်ရှိ ရဟန်းသံဃာများက စောင့်ရှောက်ထိန်းသိမ်း တားဆီးမှုများ ဆောင်ရွက်လျက်ရှိသော်လည်း နေ့စဉ်နှင့်အမျှ သစ်ခုတ်သူများ တောပျော်သတ္တဝါ တောကောင်သားကောင်များအား ပစ်ခတ်ဖမ်းဆီးသတ်ဖြတ်သူများပြားလာခြင်း၊ ယခုအခါ တောပြုန်းတောင်ပြုန်းဖြစ်လာသည့်အပြင် လာရောက်တားဆီးသတိပေးသူများကို ရန်မူခြောက်လှန့်ခြင်းများအထိ ဖြစ်လာသည့်အတွက် သက်ဆိုင်ရာမှ ထိထိရောက်ရောက်



တောင်ဖီလာတောင်ကို ချင်းတောင်ပေါ်မှ မြင်တွေ့ရစဉ်။

အရေးယူဆောင်ရွက်ပေးရန် လိုအပ်ကြောင်း ကလေးမြို့ တောင်ဖီလာရပ်ကွက်မှ မြို့မိမြို့ဖ ဦးဇော်ဝင်းက ပြောသည်။

" ကျွန်တော်တို့တောင်ဖီလာတောင်ဟာ သပြေပင်၊ သဖန်းပင်၊ ရေကြည်ပင်၊ ဝံအူပင် စတဲ့အပင်အစုံ ပေါက်ရောက်တဲ့ တောကြီးဖြစ်ပါတယ်။ အခုတော့ သပြေပန်းခူးတဲ့သူ၊ ဝံအူမြစ်တူးတဲ့သူတွေ၊ ဆေးမြစ်ဆေးဥတူးတဲ့သူတွေကြောင့် သစ်ပင်ကြီးတွေ ပျောက်ကွယ်ခဲ့ရာက အခုတော့ ထင်းခုတ်၊ ငှက်ပစ်တဲ့သူတွေပါ များလာတယ်။ ဒီအတိုင်းထားရင် နောက်ပိုင်းတောင်ကတုံးအဖြစ် ကျန်ခဲ့မယ့်အနေအထား ဖြစ်ပါတယ်" ဟု ၎င်းက ဆက်ပြောသည်။

ကလေးမြို့ တောင်ဖီလာတောင်သည် ၁၉၇၀ ပြည့်နှစ်ဝန်းကျင်က သစ်ကြီးဝါးကြီး ပေါက်ရောက်သောနေရာတစ်ခုဖြစ်ခဲ့ပြီး ၁၉၉၀ ပြည့်နှစ်ဝန်းကျင်က တောင်ဖီလာဂေါက်ကွင်း ဖော်ဆောင်သည်အထိ လူသူအရောက်အပေါက်နည်းသော နေရာဖြစ်ခဲ့ရာမှ ယခုအခါ အကြောင်းအမျိုးမျိုးဖြင့် သစ်ခုတ်၊ ထင်းခုတ်သူများကြောင့် တောင်ဖီလာတောင်ပေါ်တွင် သစ်ပင်ပုနှင့် မြက်ရိုင်းပင်အနည်းငယ်မျှသာ တွေ့ရှိရကာ တောပျော်ငှက်များနှင့် တောကောင်သားကောင်အနည်းငယ်မှာလည်း သတ်ဖြတ်ဖမ်းဆီးသူများပြားသည့်အတွက် ပျက်စီးပျောက်ကွယ်လုနီးဖြစ်လာကြောင်းသိရသည်။

**ချင်းတွင်းသား**

# ကျေးလက်ဒေသ ရေကောင်းရေသန့်ရရှိရေးအတွက် သောက်ရေကန်ခြံစည်းရိုးကာရံခြင်းဆောင်ရွက်

**တွံတေး မတ် ၅**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွှေလှေချောင် (တွံ) သဲကုန်းကျေးရွာတွင် ရေကန်ခြံစည်းရိုးကာရံခြင်းအတွက် ဆောင်ရွက်နေမှုကို တာဝန်ရှိသူများက ယနေ့ နံနက် ၁၁ နာရီက ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်ရာတွင် သဲကုန်းကျေးရွာရှိ ရေကန်ခြံစည်းရိုးပေ ၇၀၀၊ အမြင့် ငါးပေအား ကာရံပေးခဲ့သည်။ အဆိုပါသောက်ရေကန်ကို ကျေးရွာပတ်ဝန်းကျင်ရှိ အိမ်ခြေ ၂၀၀၊ လူဦးရေ ၁၀၀၀ တို့ ရေကောင်းရေသန့် အသုံးပြုနိုင်ရန် ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။ သဲကုန်းကျေးရွာတွင် သောက်ရေကန် တစ်လုံး၊ ပေ ၄၀၀ ကျော် စက်ရေတွင်း တစ်တွင်းရှိကြောင်း သိရသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်ဒေသများ ရေကောင်းရေသန့်ရရှိရေး ဆောင်ရွက်ပေးရာတွင် မြေအောက်ရေရရှိရေး အဝီစိတွင်းတူးဖော်ပေးခြင်း၊ ရေကန်တူးခြင်း၊ ခြံစည်းရိုး ကာရံခြင်း၊ ရေတုံကင်များ တပ်ဆင်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မျိုးလှိုင်**
**(တွံတေး)**





## ကျိုက်မရောမြို့၌ ဂန္ဓမာပန်းများ အောင်မြင်ဖြစ်ထွန်း၍ စိုက်ပျိုးသူများအဆင်ပြေ

**ကျိုက်မရော မတ် ၅**
ကျိုက်မရောမြို့နယ် နိတုံကျေးရွာ၌ဂန္ဓမာပန်းများကို စီးပွားဖြစ်စိုက်ပျိုးကြသူ များပြားလျက်ရှိပြီး ယခုရက်ပိုင်းအတွင်း ကျိုက်မရောမြို့နယ်တွင် နှင်းများဖြိုင်ဖြိုင်ကျလျက်ရှိသဖြင့် ဂန္ဓမာပန်းများ အပွင့်လှိုင်လှိုင်ထွက်ကာ ဈေးကောင်းရသဖြင့် ပန်းစိုက်ပျိုးသူများ မိသားစုစီးပွားရေးအဆင်ပြေလျက်ရှိကြောင်း သိရသည်။

နိတုံကျေးရွာရှိဒေသခံများအနေဖြင့် ဥယျာဉ်ခြံများတွင် စားသုံးသီးနှံများနှင့် ပန်းများကို အဓိကစီးပွားရေးအဖြစ် လုပ်ကိုင်ကြပြီး ဆောင်းသီးနှံပြီးဆုံးချိန်တွင် မြေဆီလွှာနှင့်ကိုက်ညီသည့် ပန်းများကို စီးပွားဖြစ်စိုက်ပျိုးလေ့ရှိကြကြောင်း သိရသည်။

အဆိုပါဂန္ဓမာပန်းမျိုးစေ့များကို မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့မှ မှာယူကာ စိုက်ပျိုးရကြောင်း၊ ဂန္ဓမာပန်းမျိုးသည် မြေပွသည့် သဲဆန်သောမြေအမျိုးအစားတွင် ပိုမိုအောင်မြင်ဖြစ်ထွန်းကြောင်း နိတုံကျေးရွာရှိ ဂန္ဓမာပန်းစိုက်သူခြံရှင် ဦးမောင်အေးက ပြောကြားသည်။ ယခုရက်ပိုင်းတွင် ဂန္ဓမာပန်း လက်ဆုပ်စည်းတစ်စည်းလျှင် ငွေကျပ် ၁၀၀၀ ရရှိပြီး မြို့ပေါ်ရှိဈေးများသို့ တစ်စည်းလျှင်ကျပ် ၇၀၀ အထိ ဖောက်သည်ပေးသွင်းရကြောင်း၊ နှစ်ရက်ခြားတစ်ခါခူးလျှင် အစည်း ၇၀ ခန့်ရရှိသည့်အတွက် ယခုလိုကာလများ၌ မိသားစုစားဝတ်နေရေးအတွက် မပူမပင်ရဘဲ ဝင်ငွေရရှိနေ၍ စီးပွားရေးအဆင်ပြေနေကြောင်း သိရသည်။

**ချိုချို (ကျိုက်မရော)**

## တွံတေးမြို့နယ် တကလှဲကျေးရွာ၌ နွေစပါးစိုက်ပျိုးမှု အောင်မြင်ဖြစ်ထွန်း

**တွံတေး မတ် ၅**
ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် တကလှဲကျေးရွာအုပ်စု တကလှဲကျေးရွာတွင် နွေစပါးစိုက်ပျိုးမှု အောင်မြင်ဖြစ်ထွန်းပြီး တွံတေးမြို့နယ်တွင် ၂၀၂၀ ပြည့်နှစ် မိုးစပါးစိုက်ပျိုးရန် ၈၂၀၃၂ ဧက လျာထားဆောင်ရွက်ခဲ့ပြီး နွေစပါးစိုက်ပျိုးရန် ၃၂၉၃၈ ဧက လျာထားဆောင်ရွက်ခဲ့ကြောင်း သိရသည်။

တွံတေးမြို့နယ်ရှိ ကျေးရွာများ၌ မိုးစပါးရိတ်သိမ်းပြီး ရေအဆင်ပြေသောဒေသများတွင် နွေစပါးကို အဓိကထားစိုက်ပျိုးကြကာ သီးထပ်သီးညှပ်များဖြစ်သည့် တိုင်ထောင်ပဲ၊ ခရမ်း၊ ငရုတ်၊ ကန်စွန်း၊ ဘူး၊ ခဝဲ၊ ပြောင်း၊ သခွားနှင့် အာဆီယံသပြေများကို စိုက်ပျိုးကြကြောင်းလည်း သိရသည်။ နွေစပါးကို ဒေသနှင့်ကိုက်ညီပြီး အရောင်းအဝယ်ရှိသော စပါးမျိုးများဖြစ်သည့် ရက် ၉၀၊ အညာသား၊ ရွှေဘိုချွန်း စပါးမျိုးများကိုသာ အဓိကထားကာ စိုက်ပျိုးကြကြောင်း သိရသည်။

နွေစပါးစိုက် တောင်သူတစ်ဦးက “ကျွန်တော်က တကလှဲကျေးရွာက စပါးစိုက်တောင်သူတစ်ဦးပါ စိုက်ဧက ၂၀ ရှိပြီး တောင်ပျံမိုးစပါးကိုစိုက်ပါတယ်၊ အထွက်နှုန်းက တစ်ဧကကို စပါးတင်း ၅၀ သာထွက်ရှိပြီး ကုန်ကျစရိတ်က တစ်ဧကကို ငွေကျပ် ၂၀၀၀၀၀ မှ ၃၀၀၀၀၀ လောက်ကုန်ကျပါတယ်" ဟု ပြောကြားသည်။

မိုးစပါးသည် မိုးတွင်းအခါတွင် ရာသီဥတုဒဏ်ကြောင့်ရေကြီးနစ်မြုပ်ခြင်း၊ ရွှေခရုဖျက်ဆီးခြင်း၊ ပိုးကျခြင်းများရှိသည့်အတွက် အထွက်နှုန်းလျော့နည်းကာ ချောင်း၊ မြောင်းနီးသူများက နွေစပါးကို အဓိကထားစိုက်ပျိုးကြောင်း သိရသည်။

"ကျွန်တော်လယ်ဧက ၂၀ ရှိပါတယ်။ မိုးစပါး၊ နွေစပါး နှစ်မျိုးစလုံး ဧကအပြည့် စိုက်ပါတယ်။ စပါးမျိုးကတော့ ဒေသကအသုံးများပြီး ဝယ်လက်ဝယ်ယူတဲ့စပါးမျိုး၊ ဒေသနဲ့လည်းကိုက်ညီတဲ့စပါးမျိုးကိုပဲ စိုက်ရတာပါ။ တစ်ဧက ၁၀၀ ကျော်သီးတဲ့စပါးတွေ့ရှိပါတယ်။ ဒေသနဲ့မကိုက်ညီတဲ့အတွက်ရယ် ဝယ်လက်မဝယ်တဲ့စပါးမျိုးဖြစ်တဲ့အတွက် ကျွန်တော်တို့မစိုက်ဘူး။ ဒီနားတစ်ဝိုက်မှာကတော့ အဓိက ရက် ၉၀၊ အညာသား၊ ရွှေဘိုချွန်းကိုပဲ စိုက်ပျိုးကြပါတယ်။ ဒီစပါးမျိုးတွေက ဒေသနဲ့ဆိုရင် စပါးတင်း ၉၀ မှ ၁၀၀အထိထွက်ရှိကာ စပါးအထွက်ကောင်းရေးအတွက် မြေဩဇာကိုလည်း သူ့ရက်ပတ်နဲ့သူ ပုံမှန်ပက်ဖျန်းပေးရတယ်။ ပိုးကျရင်လည်း ပိုးသတ်ဆေးကို သူ့ရဲ့စံချိန်စံညွှန်းနဲ့အညီ ဖျန်းပေးရပါတယ်၊ မြေဩဇာကို တစ်ဧက လေးအိတ်နှုန်း သုံးစွဲရပါတယ်၊ နွေစပါးဖြစ်တဲ့အတွက် လယ်မြေအတွင်းကို ချောင်း၊ မြောင်းတွေ့ထဲကနေ ရေကို တစ်ရက်ခြား၊ နှစ်ရက်ခြားတင်ပေးရပါတယ်၊ တစ်ကေို ဒီဇယ် ၁၀ ဂါလန်ခန့်ကုန်ကျပြီး စပါးဈေးနှုန်းက အတက်အကျရှိပါတယ်၊ စပါးစိုက်တောင်သူတွေ့က ရေအဆင်ပြေရင် နွေစပါးကိုပိုမိုစိုက်ပျိုးကြပါတယ်၊ နွေစပါးက တစ်ဧကကိုကုန်ကျစရိတ် ကျပ် ၃၀၀၀၀၀ ကျော်ကုန်ကျပါတယ်၊ မိုးစပါးစိုက်တာက ရာသီဥတုကြောင့် အပျက်အစီးများတဲ့အတွက် မြစ်၊ ချောင်း၊ မြောင်း၊ တူးမြောင်းနဲ့နီးတဲ့ တောင်သူတွေကတော့ မိုးစပါးထက်နွေစပါးကို အဓိကထားစိုက်ပျိုးကြပါတယ်။ နွေစပါးက အထွက်နှုန်းကလည်းပိုတာကြောင့် တောင်သူတွေ အဓိကထားပြီး စိုက်ပျိုးကြပါတယ်" ဟု တကလှဲကျေးရွာနေ တောင်သူဦးဝင်းရီက ပြောကြားသည်။

**မျိုးလှိုင် (တွံတေး)**



## မိုင်းဖြတ်၌ ငှက်ပျောခြောက်ကြော်လုပ်ငန်း လုပ်ကိုင်ခြင်းဖြင့် ဝင်ငွေရရှိ



**မိုင်းဖြတ် မတ် ၅**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် ဟိုနားကျေးရွာတွင် မိသားစုအိမ်တွင်းမှုလုပ်ငန်းဖြစ်သည့် ငှက်ပျောခြောက်ကျော်လုပ်ငန်းများကို တစ်နိုင်တစ်ပိုင် လုပ်ကိုင်ခြင်းဖြင့် မိသားစုဝင်ငွေရရှိကြောင်း ငှက်ပျောခြောက်ကြော်လုပ်ငန်းလုပ်ကိုင်သူ ဒေါ်နန်းစန်ဟွမ်ထံမှ မတ် ၄ ရက်က သိရသည်။

ငှက်ပျောခြောက်ကြော်လုပ်ငန်းကို လုပ်ကိုင်တာ ရှစ်နှစ်ကျော် ကိုးနှစ်ခန့်ရှိပါပြီ။ ဒေသမှာခေါ်တဲ့ ငှက်ပျောသီးမွှေးနဲ့ လုပ်တာပါ၊ ငှက်ပျောသီးအစိမ်းတစ်ခိုင်ကို ငါးဖီးခြောက်ဖီးပါတာကို ငှက်ပျောစိုက်တောင်သူတွေထံက ကျပ် ၁၀၀၀ ပေးဝယ်ပြီး လုပ်တာပါ၊ တစ်နေ့ကို ငှက်ပျောခြောက်ကြော် ပုံမှန်ပြုလုပ်ရင် ဆီ၊ သကြား၊ ငှက်ပျောသီးဖိုးနုတ်ပြီး အမြတ်ငွေ ကျပ် ၇၀၀၀၊ ၈၀၀၀ လောက်ရပါတယ်၊ ပုံမှန်တော့ မရှိပါဘူး။ တစ်ခါတလေ ဆီ၊ သကြားဈေးနှုန်းတွေ တက်လာရင်လည်း အမြတ်ငွေနည်းပါတယ်၊ ငှက်ပျောခြောက်ကြော်ကိုတော့ တစ်ကီလို ကျပ် ၃၅၀၀ နဲ့ ကျပ် ၁၀၀ တန် အထုပ်သေးကို ကျပ် ၁၀၀၀ ဖိုး ၁၂ ထုပ်နဲ့ ရောင်းရပါတယ်"ဟု ဟိုနားကျေးရွာနေ ငှက်ပျောခြောက်ကြော်လုပ်ငန်းလုပ်ကိုင်သူ ဒေါ်နန်းစန်ဟွမ်က ပြောကြားသည်။

မြန်မာ့ရိုးရာ မုန့်မျိုးစုံများတွင် ငှက်ပျောကြော်ကို ငှက်ပျောသီးအမှည့်ကို ဆန်မှုန့်ဖြင့် ကြော်ကြပြီး မိုင်းဖြတ်မြို့နယ်၌ ဒေသထွက်စားသောက်ကုန်ဖြစ်သည့် ငှက်ပျောခြောက်ကို ငှက်ပျောသီးအစိမ်းဖြင့် ပြုလုပ်ကြသည်။ ငှက်ပျောသီးအစိမ်းကို အခွံခွာ၊ ပါးပါးလှီးပြီး ဆီဖြင့်ကြော်ရကြောင်း၊ မိနစ် အနည်းငယ်ခန့် အအေးခံပြီး အသင့်ကျိုထားရှိသည့် သကြားတွင် စိမ်ပြီးလျှင် စားကုန်အဖြစ် ရရှိကြောင်း၊ အိမ်တွင်းမှုလုပ်ငန်းဖြစ်သည့် ငှက်ပျောခြောက်ကြော်ကို တစ်နိုင်တစ်ပိုင်သာပြုလုပ်ကြပြီး ဟိုနားကျေးရွာတွင် လုပ်ကိုင်သူ ငါးဦးခန့်ရှိကြောင်း၊ ငှက်ပျောခြောက်ကြော်ကို မြို့တွင်းရှိ ကားဂိတ်များရှိ ထမင်းဆိုင်များ၊ ဈေးများတွင် တစ်ဆင့်ပြန်လည်ရောင်းချကြပြီး ခရီးသွားပြည်သူများကလည်း အိမ်ပြန်လက်ဆောင်အဖြစ် ဝယ်ယူလေ့ရှိကြကြောင်း သိရသည်။ **သန်းထွန်းအေး (ပြန်/ဆက်)**

## ငရုတ်သီးမှည့် ဈေးနှုန်းကျဆင်းခြင်းကြောင့် ငရုတ်စိုက်တောင်သူများ တွက်ခြေမကိုက်ဖြစ်နေ

**ညောင်ဦး မတ် ၅**
မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ငရုတ်စိုက်ပျိုးတောင်သူများ ငရုတ်သီးမှည့် ဆွတ်ခူးရောင်းချချိန် ဈေးနှုန်းအလွန်ကျဆင်းနေခြင်းကြောင့် မလှောင်ထားနိုင်သည့် ငရုတ်စိုက်တောင်သူများ ချက်ချင်းရောင်းချရခြင်းကြောင့် ဈေးနှုန်းတွက်ခြေမကိုက်ဖြစ်နေကြကြောင်း သိရသည်။

ညောင်ဦးမြို့နယ် လက်ပံခြေပေါ်ကျေးရွာအုပ်စုကျေးရွာများ၊ သူကောင်းတည်ကျေးရွာပတ်ဝန်းကျင်ကျေးရွာများ၊ သစ်ထောင့်အုပ်စုကျေးရွာများသည် ငရုတ်စိုက်ပျိုးခြင်းကို မြေအောက်ရေအသုံးပြု၍ ရေသွင်းစိုက်ပျိုးကြရာ ငရုတ်စိုက်ခင်းများအောင်မြင်ဖြစ်ထွန်းကြပြီး အသီးသီးနှုန်းလည်းအလွန်ကောင်းမွန်ကြောင်း၊ ငရုတ်သီးဆွတ်ခူးရောင်းချချိန် တစ်ပိဿာလျှင် ကျပ် ၁၀၀၀ မှ ၁၂၀၀ အထိ ရောင်းချခဲ့ရကြောင်း၊ စိုက်ပျိုးသည့်ငရုတ်မျိုးသည်လည်းအောက်ဆွဲသီးငရုတ်မျိုးဖြစ်ကြောင်းသိရကာ ဘောင်ဖြင့်ပျိုးထောင်ပြီး ၁၅ ရက်သားရောက်လျှင် စိုက်ခင်းသို့ရွှေ့ပြောင်းစိုက်ပျိုးကြကြောင်း၊ ရေသွင်းမြောင်းဖြင့် စိုက်ပျိုးကြခြင်းဖြစ်ရာ ရေသွင်းမြောင်းတစ်လျှောက် အတန်းလိုက်စိုက်ပျိုးကြကြောင်းသိရပြီး ငါးရက်တစ်ခါ ရေသွင်းပေးရကြောင်း၊ စိုက်ခင်းထဲသို့ ရွှေ့ပြောင်းစိုက်ပျိုးပြီး တစ်လခန့်ကြာလျှင် အပွင့်ပွင့်ကာ အသီးသီးကြောင်း သိရသည်။

ငရုတ်စိုက်ပျိုးတောင်သူများသည် ငရုတ်သီးခူးဆွတ်ရောင်းချခြင်းကို ငရုတ်သီးမှည့်သာဆွတ်ခူးရောင်းချကြပြီး ပိဿာများများရချိန်ငွေလုံးငွေရင်းရရှိရန် အခြောက်လှန်းစုဆောင်းထားကာ တစ်စုတစ်ပြုံတည်းရောင်းချမှသာ ငွေစုမိခြင်းကြောင့် ငရုတ်သီးမှည့် အများဆုံးရောင်းချကြကြောင်းလည်း သိရသည်။ ငရုတ်သီးအစိမ်း ဆွတ်ခူး ရောင်းချခြင်းကတော့ လတ်တလောစားဝတ်နေရေးအတွက်သာ ဆွတ်ခူးရောင်းချကြောင်း၊ ငရုတ်မှည့် ဆွတ်ခူးချိန် အလုပ်သမားအများအပြားငှားရမ်းဆွတ်ခူးရကြောင်း၊ ငရုတ်ဆွတ်ခူးသူတစ်ဦးလျှင်တစ်နေ့ကျပ်၄၀၀၀ ပေးရကြောင်း ရွာသစ်ကုန်းရွာမှ ဒေါ်ညိုလုံးက ရှင်းပြသည်။

ငရုတ်သီးမှည့် စတင်ဆွတ်ခူးရောင်းချချိန် ကျပ် ၁၀၀၀မှ ၁၂၀၀ရှိပြီး ယခုအခါ ကျပ် ၄၅၀ နှင့် ၅၀၀ ဈေးသာရောင်းချနေရခြင်းကြောင့် လှောင်မထားနိုင်သည့် ငရုပ်စိုက်တောင်သူများ ချက်ချင်းရောင်းချရခြင်းကြောင့် တွက်ခြေမကိုက်ဖြစ်နေကြပြီး လှောင်ထားသည့်တောင်သူများ ဈေးကောင်းချိန်မှ ထုတ်ရောင်းကြမည်ဖြစ်ကြောင်း ငရုတ်စိုက်ပျိုးတောင်သူ ဦးဝင်းတင့်က ရှင်းပြသည်။

**ကိုထိန် (KPD)**

# ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ စီမံခန့်ခွဲမှုဆပ်ကော်မတီ၏ အသိပေးကြေညာချက်

မြန်မာ့စီးပွားရေးဘဏ် (နေပြည်တော်)တွင် ဖွင့်လှစ်ထားရှိသော ကိုဗစ်-၁၉ ကာကွယ်ဆေး ဝယ်ယူရရှိရေး ရန်ပုံငွေ (COVID-19 Vaccination Fund) မြန်မာကျပ်ငွေစာရင်း OA 013733 သို့ ဖေဖော်ဝါရီ ၂၆ ရက်မှ မတ် ၄ ရက်အထိ ပြည်တွင်း/ပြည်ပ အလှူရှင်များမှ ထည့်ဝင်လှူဒါန်းငွေစုစုပေါင်းမှာ ငွေကျပ် ၃ ဒသမ ၇၁၇ သန်း ဖြစ်သည်။ မတ် ၄ ရက်အထိ ရန်ပုံငွေစာရင်း၏ အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ OA-013733 စာရင်း**

| | ကျပ် |
|---|---|
| ၂၆-၂-၂၀၂၁ ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန် | ၃၀,၁၁၅,၁၀၇,၁၁၅.၃၉ |
| (+) ၂၆-၂-၂၀၂၁ မှ ၄-၃-၂၀၂၁ ရက်နေ့ထိ ရရှိငွေ | ၃,၇၁၇,၀၀၀.၀၀ |
| ၄-၃-၂၀၂၁ ရက်နေ့ရှိ စာရင်းပိတ်လက်ကျန် | ၃၀,၁၁၈,၈၂၄,၁၁၅.၃၉ |

**COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ EDC 600012 စာရင်း**

| | အမေရိကန်ဒေါ်လာ |
|---|---|
| ၂၆-၂-၂၀၂၁ ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန် | ၁၇၈,၁၄၀,၁၄၉.၅၃ |
| (+)၂၆-၂-၂၀၂၁ မှ ၄-၃-၂၀၂၁ ရက်နေ့ထိ ရရှိငွေ | - |
| ၄-၃-၂၀၂၁ ရက်နေ့ရှိ စာရင်းပိတ်လက်ကျန် | ၁၇၈,၁၄၀,၁၄၉.၅၃ |

COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ (COVID-19 Vaccination Fund) OA 013733 သို့
အများပြည်သူများမှ လှူဒါန်းငွေစာရင်း
(၂၆-၂-၂၀၂၁ ရက်နေ့မှ ၄-၃-၂၀၂၁ ရက်နေ့ထိ)

| စဉ် | လှူဒါန်းငွေပေးသွင်းသူအမည် | ကျပ် |
|---|---|---|
| | ၂၆-၂-၂၀၂၁ | ၃,၅၀၀,၀၀၀ |
| ၁ | [illegible] (နွားထိုးကြီးမြို့) | ၁,၀၀၀,၀၀၀ |
| ၂ | ဒေါက်တာကျော်ကိုကို၊ [illegible] (နွားထိုးကြီးမြို့) | ၁,၀၀၀,၀၀၀ |
| ၃ | PGME မြန်မာ (နွားထိုးကြီးမြို့) | ၁,၂၀၀,၀၀၀ |
| ၄ | ဒေါက်တာခင်မောင်ညို (နွားထိုးကြီးမြို့) | ၃၀၀,၀၀၀ |
| | ၁-၃-၂၀၂၁ | ၂၁၇,၀၀၀ |
| ၁ | ဒေါ်ချိုခင်ဦး (မကွေးမြို့) | ၂၁၇,၀၀၀ |
| | (၂၆-၂-၂၀၂၁ ရက်နေ့မှ ၄-၃-၂၀၂၁ ရက်နေ့ထိ) စုစုပေါင်း | ၃,၇၁၇,၀၀၀ |

မှတ်ချက်။ (က) အလှူရှင်များက ပေးပို့ထားသည့် အချက်အလက်များနှင့် ဘဏ်သို့ထည့်သွင်းထားသည့် အချက်အလက်များအရ နေ့စဉ်လိပ်စာဖော်ပြထားခြင်းဖြစ်ပါသည်။
(ခ) မြန်မာ့စီးပွားရေးဘဏ်ရှိ မြန်မာကျပ်ငွေစာရင်းနှင့်နိုင်ငံခြားငွေစာရင်းများသို့ ဝင်ရောက်ပြီးသည့် လှူဒါန်းငွေများဖြစ်ပါသည်။

COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေစီမံခန့်ခွဲမှုဆပ်ကော်မတီ

# ရွှေကူမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံခြင်း ဆောင်ရွက်



**ရွှေကူ မတ် ၅**

ကချင်ပြည်နယ် ရွှေကူမြို့နယ်၌ ဌာနဆိုင်ရာဝန်ထမ်းများအား ပထမအကြိမ် ကိုဗစ်- ၁၉ ရောဂါကာကွယ်ဆေး(COVISHIELD)ထိုးနှံခြင်းကို ယနေ့နံနက် ၉ နာရီခန့်တွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ ဆောင်ရွက်ခဲ့သည်။

ယင်းသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံခြင်းများ ဆောင်ရွက်ရာတွင် ရွှေကူမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာစိုင်းထွန်းနှင့် ကျန်းမာရေးဝန်ထမ်းများက ဌာနဆိုင်ရာဝန်ထမ်းများအား အပူချိန်တိုင်းတာခြင်း၊ သွေးပေါင်ချိန်တိုင်းတာခြင်းများ ဆောင်ရွက်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို ထိုးနှံပေးခဲ့သည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံရာတွင် ယနေ့မွန်းလွဲပိုင်းအထိ ဌာနဆိုင်ရာဝန်ထမ်း ၄၂၀ ခန့် ထိုးနှံပြီးဖြစ်ကြောင်းနှင့် သံဃာတော်များ၊ သီလရှင်များနှင့် အသက်(၆၅)နှစ်အထက် ဘိုးဘွားများကိုလည်း ဆက်လက်၍ ထိုးနှံပေးသွားမည်ဖြစ်ကြောင်း မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရှိရသည်။

မြို့နယ်(ပြန်/ဆက်)

# ဗန်းမော်မြို့၌ ရဲတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေး

**ဗန်းမော် မတ် ၅**

ကချင်ပြည်နယ် ဗန်းမော်မြို့တွင် ရဲတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံဆောင်ရွက်ပေးခြင်းကို ယနေ့နံနက် ၉ နာရီက စတင်၍ စုပေါင်းရုံးရှိ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကာကွယ်ဆေးထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

ကာကွယ်ဆေးထိုးနှံပေးရာတွင် အမှတ်(၁၁) စစ်မြေပြင်ဆေးတပ်ရင်းမှ တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီးငွေစိုးထွန်း၊ ဗိုလ်မှူးထက်ဘုန်းအောင်နှင့်အဖွဲ့သည် ရဲတပ်ဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာ ဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး(COVISHIELD)စတင်ထိုးနှံပေးခဲ့ပြီး ကာကွယ်ဆေးထိုးနှံမည့်သူများအား သိရှိလိုက်နာရန် အချက်များကို ရှင်းလင်းပြောကြားခဲ့သည့်အပြင် ကြက်ခြေနီအသင်းဝင်များကလည်း ကျန်းမာရေးစစ်ဆေးခြင်း၊ အပူချိန်တိုင်းတာခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးနေမှုကို အမှတ်(၂၁)စစ်ဆင်ရေး ကွပ်ကဲမှုဌာနချုပ်မှ စစ်ဆင်ရေးကွပ်ကဲရေးမှူး ဗိုလ်မှူးချုပ်သက်အောင်ဇင်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်လွင်နှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

အဆိုပါကာကွယ်ဆေး ထိုးနှံပြီးသည့်သူများ အနေဖြင့် ရက်သတ္တ လေးပတ်ခြားပြီး ဒုတိယအကြိမ်အဖြစ် ဧပြီ ၂ ရက်တွင် ပြန်လည်ထိုးနှံရမည်ဖြစ်ကြောင်း ဗန်းမော်မြို့၌ ရဲတပ်ဖွဲ့အပါအဝင် ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ ၆၂ ရုံး ရှိကြောင်း သိရသည်။

ကိန်းဖြူ(ပြန်/ဆက်)



# ရှမ်းပြည်နယ်(တောင်ပိုင်း)မောက်မယ်မြို့နယ်၌ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**မောက်မယ် မတ် ၅**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်း မြေလမ်း(၃၀/၇)မိုင်၊ အမာခံလမ်း(၁၂/၆)မိုင်၊ ကျောက်လမ်း(၃၉/၀)မိုင်၊ ကျောက်လမ်းပြုပြင်ခြင်း (၆/၆)မိုင်၊ ကတ္တရာထပ်ပိုးလွှာ(၁၀/၇)မိုင်၊ ကတ္တရာလမ်း(၁/၀)မိုင်၊ ကွန်ကရစ်လမ်း (၁/၀)မိုင်၊ ကွန်ကရစ်တံတား လေးစင်း၊ ဘေလီတံတားတစ်စင်း၊ Box Culvert ၂၆ စင်း၊ ရေရရှိရေးလုပ်ငန်း နှစ်ခု၊ စွမ်းအင်လုပ်ငန်း နှစ်ခုနှင့် အိမ်ရာလုပ်ငန်း တစ်ခုတို့ကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် စုစုပေါင်း ခွင့်ပြုရန်ပုံငွေကျပ် ၉၃၃၁ ဒသမ ၆ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အနက်မှ မောက်မယ်မြို့နယ် နားဟီး-ကျူတဝီး-ဒေါ်တခေါ်(ဒေါ်ခမ) ကျေးရွာချင်းဆက်လမ်း (၉/၀)မိုင်အနက် (၅/၀)မိုင် မြေလမ်းဖောက်လုပ်ပြီး ကျန် (၄/၀)မိုင် အပြီးသတ်မြေလမ်းဖောက်လုပ်ခြင်းနှင့် ငါးပေ Box Culvert လေးစင်း တည်ဆောက်ခြင်းလုပ်ငန်းအား သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ယခုဘဏ္ဍာနှစ်အတွင်း ဆောင်ရွက် ပြီးစီးနိုင်ရေးတို့အတွက် ရှမ်းပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ညွှန်ကြားရေးမှူး ဦးရဲလွင်ဦး၊ မောက်မယ်မြို့နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး တာဝန်ခံနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ယင်းမြေသားလမ်း ဖောက်လုပ်ပြီးစီးပါက ကျေးရွာသုံးရွာမှ အိမ်ထောင်စု ၁၉၁ စု၊ လူဦးရေ ၁၁၄၂ ဦးတို့၏ လူမှုစီးပွားဘဝများ ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

ငွေကြယ်

## ကချင်ပြည်နယ်အတွင်း မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းညှိနှိုင်းဆွေးနွေး



**မြစ်ကြီးနား မတ် ၅**

ကချင်ပြည်နယ်အတွင်း မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းများနှင့် လယ်ယာမြေစီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးခြင်းနှင့် ညှိနှိုင်းဆုံးဖြတ်ခြင်းလုပ်ငန်းများကို မတ် ၄ ရက် မွန်းလွဲ ၂ နာရီတွင် ကချင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ညှိနှိုင်းဆွေးနွေးပွဲတွင် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးခက်ထိန်နန်နှင့် အဖွဲ့ဝင်များအား ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနပြည်နယ်ဦးစီးမှူး ဦးသန်းမြင့်က ပြည်နယ်မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးကော်မတီ ဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များ၊ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများအပေါ် လျှောက်ထားလာသည့် စိုက်ပျိုးမွေးမြူရေးနှင့်ဆိုင်သည့်လုပ်ငန်းများ၊ လယ်ယာမြေ အခြားနည်းလမ်းအသုံးပြုခွင့်များနှင့် ပတ်သက်၍ စိစစ်ခွင့်ပြုနိုင်မှုအခြေအနေ၊ စိစစ်ဆဲအမှုတွဲ အခြေအနေများနှင့် ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ပြည်နယ်အတွင်းရှိ လျှောက်ထားတင်ပြလာသည့် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများနှင့် လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့များ၏ စိစစ်ဆောင်ရွက်မှုများနှင့် ပတ်သက်၍ ဥပဒေလုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များနှင့်အညီ ဗဟိုကော်မတီနှင့် ပြည်နယ်ကော်မတီတို့က စိစစ်ခွင့်ပြုရန်ကိစ္စရပ်များကို အကြံပြုဖြည့်စွက်ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးအကြံပြုချက်များအပေါ် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက မိမိတို့ကောင်စီအဖွဲ့အနေဖြင့် ပြည်နယ်တည်ငြိမ်အေးချမ်းမှုရှိစေရေးဆောင်ရွက်နေသကဲ့သို့ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်နယ်သူ၊ ပြည်နယ်သားများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးရေးအတွက်ကိုလည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်ချက်များနှင့်အညီ လုပ်ငန်းများ မြန်မြန်ဆန်ဆန်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးကိုလည်း အလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကချင်ပြည်နယ် သည် စိုက်ပျိုးမွေးမြူရေးအခြေခံသည့်ပြည်နယ်တစ်ခုဖြစ်သည့်အတွက် အဆိုပါ ကဏ္ဍများဖွံ့ဖြိုးတိုးတက်ရေးကို အလေးထား ဆောင်ရွက်ပေးရမည်ဖြစ်ပြီး မြေယာကိစ္စရပ်များကို ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်ညီညွတ်ပါက အမြန်ဆုံးဖြေရှင်းဆောင်ရွက်ပေးရန်လိုကြောင်း ပြောကြားသည်။

**ပြည်နယ် (ပြန်/ဆက်)**

## လပြည့်ဝန်း လူမှုကူညီရေးအသင်းရုံး ကိုယ့်အားကိုယ်ကိုးဆောက်လုပ်မှု ၅၀ ရာခိုင်နှုန်းပြီးစီး

**ဝိုင်းမော် မတ် ၅**

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်ရှိ လပြည့်ဝန်း လူမှုကူညီရေးအသင်းရုံးကို ဝိုင်းမော်မြို့နယ် မဒိန်ကျေးရွာ ခါ့ကွမ်ရပ်ကွက်ရှိ အသင်းရုံးမြေနေရာတွင် ကိုယ့်အားကိုယ်ကိုးတည်ဆောက်လျက်ရှိရာ ယနေ့အထိ တည်ဆောက်မှုလုပ်ငန်း၏ ၅၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း အသင်းဥက္ကဋ္ဌ ဦးစန်းနိုင်ထံမှ သိရသည်။

“အခုအသင်းရုံးကို ၂၀၂၁ ခုနှစ်ဇန်နဝါရီ ၈ ရက်က စတင်ပန္နက်ရိုက်ပြီး တည်ဆောက်နေတာပါ။ အသင်းရုံးကို ကိုယ့်အားကိုယ်ကိုးတည်ဆောက်နေတာပါ။ အသင်းရုံးအတွက်ကတော့အသင်းဥက္ကဋ္ဌ ကျွန်တော် ဦးဆောင်ပြီး စေတနာရှင်ပြည်သူတွေရဲ့ထောက်ပံ့ လှူဒါန်းငွေနဲ့တည်ဆောက်တာဖြစ်ပါတယ်။ အလှူရှင်တွေက ဝိုင်းမော်မြို့နယ်အပြင် အခြားမြို့နယ်တွေကလည်း ထည့်ဝင်လှူဒါန်းတာတွေရှိပြီး လက်ရှိအလှူငွေက တော့ သိန်း ၁၀၀ ကျော်ရရှိပြီးဖြစ်ပါတယ်။ ကုန်ကျမယ့်ငွေခန့်မှန်းကတော့ ကျပ်သိန်း ၄၀၀ လောက်ရှိမယ်ထင်ပါတယ်” ဟု အသင်းဥက္ကဋ္ဌ ဦးစန်းနိုင်က ပြောကြားသည်။

အဆိုပါ လပြည့်ဝန်း လူမှုကူညီရေးအသင်းကို ၂၀၁၈ ခုနှစ်မှစတင်၍ လူမှုကူညီရေးအသင်းမှတ်ပုံတင်ခွင့်ကျရှိပြီး ဒေသတွင်းပရဟိတလူမှုကူညီရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရနှင့်အတူ ကျရာနေရာမှ အသင်းဝင်အင်အား ၁၀၆ ဦးဖြင့် ပူးပေါင်းကူညီဆောင်ရွက်လျက်ရှိပြီး တည်ဆောက်လျက်ရှိသည့်အသင်းရုံးမှာအလျား ပေ ၈၀၊ အနံပေ ၃၀၊ RC သွပ်မိုး အမျိုးအစားဖြစ်ကြောင်း အသင်းဥက္ကဋ္ဌထံမှ သိရသည်။

**မိုးဃမ်းကျ**
**(မြစ်ကြီးနား)**



## ဇမ္ဗူသီရိမြို့နယ်တွင် အသက် ၆၅ နှစ်နှင့် အထက် ဘိုးဘွားများအား ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးမည်

**နေပြည်တော် မတ် ၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများနှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများအား ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးမည်ဖြစ်ကြောင်း ယမန်နေ့နံနက် ၁၀ နာရီက ဇမ္ဗူသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ပြုလုပ်သည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံရေး လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲမှ သိရသည်။

ဆွေးနွေးပွဲတွင် ဇမ္ဗူသီရိမြို့နယ်ကျန်းမာရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာ အုပ်စိုးလင်းက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရာတွင် ဆေးထိုးခံမည့်ပြည်သူများ လိုက်နာရမည့် အချက်များ၊ ဆောင်ရန် ရှောင်ရန်အချက်များ၊ ကာကွယ်ဆေးထိုးနှံရာတွင်ဖြစ်ပေါ်ခံစားရတတ်သည့် လက္ခဏာများ၊ ကာကွယ်ဆေးထိုးမှတ် တမ်းကတ်ပြားတွင် ဖြည့်စွက်ရမည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဗိုလ်မှူးပြည့်ဖြိုးအောင်က ကာကွယ်ဆေးမထိုးမီ လိုက်နာရမည့်အချက်များ၊ ကာကွယ်ဆေးထိုးမည့် သတ်မှတ်ရက် သတ်မှတ်အချိန်တွင် ဆေးထိုးနှံခွင့်ရှိသူများအားလုံးလာရောက်ဆေးထိုးစေရေးပူးပေါင်းဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။

ဇမ္ဗူသီရိမြို့နယ်တွင် ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေးထိုးနှံမည့် အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများနှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာ ဝန်ထမ်းများ အပါအဝင်စုစုပေါင်း ၆၂၂ ဦးရှိပြီး ပညာသိဒ္ဓိရပ်ကွက်ရှိ ခုတင် ၅၀ ဆေးရုံတွင် မတ် ၈ ရက်မှ ၁၇ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ထိုးနှံပေးသွားမည်ဖြစ်ကာ ပထမအကြိမ်ကာကွယ်ဆေးထိုးပြီးသူများအား ၂၈ ရက်အကြာတွင် ဒုတိယအကြိမ်အဖြစ် ထပ်မံထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။

**မင်းရဲမာန်**

## ကျောက်တံခါးမြို့နယ်တွင် RC နှစ်ထပ်ရုံးအဆောက်အအုံနှင့် ကုန်ထုတ်လမ်းများ ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**ပဲခူး မတ် ၅**

ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး(နည်းပညာ)ဒေါ်ချောစုစံနှင့်အဖွဲ့ ယမန်နေ့ နံနက်ပိုင်းက ကျောက်တံခါးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း တင်ဒါရကုမ္ပဏီများမှ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် RCနှစ်ထပ်ရုံးအဆောက်အအုံနှင့် ကုန်ထုတ်လမ်းများဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ)နှင့်အဖွဲ့သည် ကျောက်တံခါးမြို့နယ်အတွင်းရှိ မြောက်စုကျေးရွာ ကုန်ထုတ်လမ်းဂဝံခင်းခြင်း၊ ကျွဲတလင်းကျေးရွာ ကုန်ထုတ်လမ်းဂဝံခင်းခြင်းနှင့် လက်ပံကုန်းကျေးရွာကုန်ထုတ်လမ်းဂဝံခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကွင်းဆင်းစစ်ဆေးပြီး ကျောက်တံခါးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ရုံး RCနှစ်ထပ်အဆောက်အအုံ ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးကာ သတ်မှတ်စံချိန်စံညွှန်းအတိုင်း ပြည့်မီအောင်ဆောင်ရွက်ရန်နှင့် သတ်မှတ်ကာလအတွင်း အချိန်မီ ပြီးစီးနိုင်ရေး အလေးထားဆောင်ရွက်ကြရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့သည်။

အဆိုပါကုန်ထုတ်လမ်းများပြီးစီးသွားပါက ကျေးလက်နေပြည်သူများအနေဖြင့် ဒေသထွက်ကုန်သီးနှံများကို အချိန်မီထုတ်လုပ်ရောင်းချနိုင်ခြင်း၊ တန်ဖိုးမြင့်သီးနှံထုတ်ကုန်များ ထုတ်လုပ်ရောင်းချနိုင်မည်ဖြစ်ပြီး ကျေးလက်နေမိသားစုများ ဝင်ငွေ ပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**



## ကျောက်ဆည်တွင် အုတ်လုပ်ငန်းလုပ်ကိုင်သူများ အရောင်းအဝယ်အေးသော်လည်း လုပ်ငန်းများ ဆက်လက်လုပ်ကိုင်လျက်ရှိ

**ကျောက်ဆည် မတ် ၅**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် အနောက်သာဂရကျေးရွာအုပ်စု မိုးကြိုးကုန်းကျေးရွာမှ မြေအုတ်လုပ်ငန်းလုပ်ကိုင်သူများအနေဖြင့် အရောင်းအဝယ်အေးသော်လည်း လုပ်ငန်းများရပ်ဆိုင်းမှုမရှိစေရေး ဆက်လက်လုပ်ကိုင်လျက်ရှိသည်။

အုတ်လုပ်ကိုင်ခြင်းနှင့်ပတ်သက်၍ အခုချိန်သည်ပွင့်လင်းရာသီဖြစ်သော်လည်း အုတ်အရောင်းအဝယ် အေးလျက်ရှိခြင်းကြောင့် လုပ်ငန်းပေါ်မှ အမြတ်ငွေမရရှိသော်လည်း အုတ်လုပ်ငန်းရှင်တချို့သည် လုပ်ငန်းများရပ်တည်ရေးနှင့်အလုပ်သမားများ စားဝတ်နေမှုအဆင်ပြေစေရေးအတွက် ထိန်းပြီး ဆက်လက်လုပ်ကိုင်နေရကြောင်း၊ အရည်အသွေးကောင်းပြီး ဝယ်လက်ရှာဖွေနိုင်သည့် အုတ်လုပ်ငန်းရှင်များသာ အရောင်းအဝယ်ဖြစ်ကြောင်း မိုးကြိုးကုန်းကျေးရွာမှအုတ်ထုတ်လုပ်ရောင်းချနေသည့် လုပ်ငန်းကြီးကြပ်တာဝန်ခံ ဦးကုလားက ပြောကြားသည်။

အုတ်ပြုလုပ်ရာတွင် မြေဝါမြေစေးသည် အကောင်းဆုံးဖြစ်ပြီး ဦးစွာမြေများကိုရေဖြင့်နှပ်ထားရကာ မြေကြိတ်စက်တွင် စေးပိုင်သည်အထိကြိတ်ပေးရကြောင်း၊ ပြီးမှ ပုံစံခွက်ဖြင့်ပုံသွင်းကာ ခြောက်သွေ့အောင် နေလှန်းပေးရကြောင်း၊ ခြောက်သွေ့သောအုတ်များရရှိပါက စနစ်တကျစီပြီး မီးဖုတ်ကာ မီးကျက်သွားမှသာ ရောင်းတန်းဝင်အုတ်များရရှိသည်။

**သက်မောင်(ကျောက်ဆည်)**

# လီဗန်တေးအသင်းကို အနိုင်ရရှိခဲ့တဲ့ ဘီဘာအိုအသင်း ဧပြီလအတွင်းမှာ စပိန်ကိုပါဒယ်ရေးဖလားဗိုလ်လုပွဲ နှစ်ကြိမ်ကစားရမည်



မတ် ၅ ရက်နံနက်ပိုင်း ယှဉ်ပြိုင်ကစားခဲ့တဲ့ ဘီဘာအိုအသင်းနဲ့ လီဗန်တေးအသင်းတို့ရဲ့ ယခုနှစ်ဘောလုံးရာသီ စပိန်ကိုပါဒယ်ရေးဖလားဆီမီးဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်မှာ ဘီဘာအိုအသင်းက နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပြီး ပထမအကျော့မှာ တစ်ဖက်တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့တာကြောင့် နှစ်ကျော့ပေါင်းရလဒ် သုံးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရကာ ဗိုလ်လုပွဲကို တက်လှမ်းလာခဲ့ပါတယ်။

ဘီဘာအိုအသင်း လီဗန်တေးအသင်းကို အနိုင်ရရှိခဲ့တာကြောင့် စပိန်ကိုပါဒယ်ရေးဖလား နောက်ဆုံးဗိုလ်လုပွဲကို နှစ်နှစ်ဆက်တိုက်တက်လှမ်းခွင့်ရရှိခဲ့တာဖြစ်ပြီး လာမယ့်ဧပြီလအတွင်းမှာ စပိန်ကိုပါဒယ်ရေးဖလား နောက်ဆုံးဗိုလ်လုပွဲကို နှစ်ကြိမ်ယှဉ်ပြိုင်ကစားခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။

ဘီဘာအိုအသင်းဟာ ပြီးခဲ့တဲ့ဘောလုံးရာသီကလည်း စပိန်ကိုပါဒယ်ရေးဖလား နောက်ဆုံးဗိုလ်လုပွဲသို့ တက်လှမ်းခဲ့တာဖြစ်ပြီး ရီးယဲလ်ဆိုစီဒက်အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပေမယ့် ကိုဗစ်-၁၉ ရောဂါကြောင့် အဲဒီနောက်ဆုံးဗိုလ်လုပွဲကို ရပ်နားခဲ့ပြီး ယခုနှစ် ဧပြီ ၃ ရက်မှာ ယှဉ်ပြိုင်ကစားရမှာဖြစ်ပါတယ်။

အဲဒီလို စပိန်ကိုပါဒယ်ရေးဖလားနောက်ဆုံးဗိုလ်လုပွဲကို မကျင်းပဖြစ်ခဲ့ပေမယ့် စပိန်ကိုပါဒယ်ရေးဖလား ချန်ပီယံမပေါ်ခဲ့ဘဲ ယခု ၂၀၂၀-၂၀၂၁ ဘောလုံးရာသီမှာ ပြိုင်ပွဲကို ဆက်လက်ကျင်းပခဲ့တာ ဖြစ်ပါတယ်။ ဘီဘာအိုအသင်းဟာ အခုနှစ်မှာ စပိန်ကိုပါဒယ်ရေးဗိုလ်လုပွဲကို ထပ်မံတက်လှမ်းနိုင်ခဲ့တာကြောင့် ဧပြီ ၁၇ ရက်မှာ ဘာစီလိုနာအသင်းနဲ့ ဗိုလ်လုပွဲကစားရမှာဖြစ်တာမို့ ဧပြီလအတွင်းမှာ စပိန်ကိုပါဒယ်ရေးဖလား နောက်ဆုံးဗိုလ်လုပွဲကို နှစ်ကြိမ်ယှဉ်ပြိုင်ကစားခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။

### ○ ကျောဖုံးမှ

တိုက်စစ်မှူး လူကာကူကပဲ နှစ်ဂိုးစလုံးကို ဖန်တီးပေးခဲ့တာဖြစ်ပါတယ်။ ပါးမားအသင်းအတွက် ချေပဂိုးတစ်ဂိုးကိုတော့ အဇီဗီဒိုဂျူနီယာက ပွဲကစားချိန် ၇၁ မိနစ်မှာ သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

အင်တာမီလန်အသင်းဟာ ပါးမားအသင်းကို အနိုင်ရရှိခဲ့တာကြောင့် အမှတ်ပေးဇယားအဆင့် ၂ နေရာက အေစီမီလန်အသင်းကို ခြောက်မှတ်ဖြတ်အနေအထားနဲ့ အမှတ်ပေးဇယားထိပ်မှာ ဦးဆောင်နိုင်ခဲ့တာဖြစ်ပြီး လက်ရှိ ပွဲစဉ် ၂၅ အပြီးမှာ အင်တာမီလန်အသင်းက ရမှတ် ၅၉ မှတ်၊ အေစီမီလန်အသင်းက ရမှတ် ၅၃ မှတ် အသီးသီးရရှိထားတာ ဖြစ်ပါတယ်။

အင်တာမီလန်အသင်းကို ရှုံးနိမ့်ခဲ့တဲ့ ပါးမားအသင်းကတော့ နို၀င်ဘာလနောက်ပိုင်း အီတလီစီးရီးအေပွဲစဉ် တစ်ပွဲမှ နိုင်ပွဲမရရှိခဲ့တဲ့ ဆိုးရွားတဲ့စံချိန်တစ်ရပ်ကို ပိုင်ဆိုင်ခဲ့ပြီး လက်ရှိအမှတ်ပေးဇယားမှာလည်း ၂၅ ယှဉ်ပြိုင်ကစားအပြီးမှာ ရမှတ် ၁၅ မှတ်နဲ့ အမှတ်ပေးဇယားအဆင့် ၁၉ နေရာမှာ ရပ်တည်နေတာ ဖြစ်ပါတယ်။

### ❖ ပဲခူးမြစ်ကူးတံတားမှ

လက်ရှိ သန်လျင်တံတားဟောင်းမှာ ယာဉ်သွားလမ်းအနေဖြင့် အသွားတစ်လမ်း၊ အပြန်တစ်လမ်းဖြင့် နှစ်လမ်းသွားဖြစ်ပြီး အလယ်၌ ရထားလမ်းတစ်လမ်း ပါဝင်တည်ဆောက်ထားခြင်းဖြစ်သည်။ ယခုအသစ်တည်ဆောက်လျက်ရှိသော ပဲခူးမြစ်ကူးတံတား (သန်လျင်တံတား အမှတ်-၃)မှာ ယာဉ်သွားလမ်းအနေဖြင့် အသွား နှစ်လမ်း၊ အပြန် နှစ်လမ်းဖြင့် လေးလမ်းသွားလာနိုင်မည့် တံတားတစ်စင်းဖြစ်ပြီး ယာဉ်တစ်စီးချင်း ခံနိုင်ဝန်မှာ ၇၅ တန် ဖြစ်ကြောင်း သိရသည်။

သန်လျင်မြို့နယ်၌ သီလဝါအထူးစီးပွားရေးဇုန်နှင့် Myanmar International Terminals Thilawa (MITT)သီလဝါဆိပ်ကမ်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိခြင်းကြောင့် ကုန်စည်စီးဆင်းမှုအဝင်အထွက်များကို အထောက်အကူပြုစေမည်ဖြစ်ပြီး အချိန်တိုအတွင်း ဆက်သွယ်သွားလာနိုင်မည်ဖြစ်သည်။ ထို့အတူ ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းရှိ သန်လျင်မြို့နယ်၊ ကျောက်တန်းမြို့နယ်၊ ခရမ်းမြို့နယ်နှင့် သုံးခွမြို့နယ်တို့ရှိ ဒေသခံပြည်သူများစွာတို့၏ လူမှုစီးပွားဘဝများ တိုးတက်မှုကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ - နိုင်လင်းကျော်(IPRD)**

# မန်ယူအသင်း ကွင်းလယ်ကစားသမား ဘရူနိုဖာနန်ဒက်စ် တစ်ပတ်လုပ်ခလစာ ပေါင်နှစ်သိန်းဝန်းကျင်ရရှိမည့် စာချုပ်သစ်တစ်ရပ်ချုပ်ဆိုမည်

မန်ယူအသင်းကွင်းလယ်ကစားသမား ဘရူနိုဖာနန်ဒက်စ်ဟာ စာချုပ်သစ်တစ်ရပ် ထပ်တိုးချုပ်ဆိုဖို့ရှိနေပြီး အဲဒီစာချုပ်သစ်ချုပ်ဆိုခဲ့ပါက တစ်ပတ်လုပ်ခလစာ ပေါင်နှစ်သိန်းဝန်းကျင်အထိ ရရှိမှာဖြစ်တယ်လို့ သိရပါတယ်။

ကွင်းလယ်ကစားသမား ဘရူနို ဖာနန်ဒက်စ်ဟာ လက်ရှိမှာ အပိုဆုကြေးအပါအဝင် တစ်ပတ်လုပ်ခလစာ ပေါင်တစ်သိန်းရရှိနေတာဖြစ်ပြီး အိုးထရက်ဖို့ဒ်ရဲ့ လုပ်ခလစာပေးချေရမှုအနည်းဆုံးကစားသမားတွေထဲက တစ်ဦးလည်း



ဖြစ်ပါတယ်။

မန်ယူအသင်းမှာ ဂိုးသမားဒီဂီယာဟာ တစ်ပတ်လုပ်ခလစာ ပေါင် ၃၇၅၀၀၀ နဲ့ ကွင်းလယ်ကစားသမား ပေါ့ဘာဟာ တစ်ပတ်လုပ်ခလစာ ပေါင် ၂၉၀၀၀၀ ရရှိနေတာဖြစ်ပြီး ဘရူနိုဖာနန်ဒက်စ်အနေနဲ့ စာချုပ်သစ်ချုပ်ဆိုခဲ့ပါက အဲဒီကစားသမားတွေရဲ့ နောက်မှာ လုပ်ခလစာအများဆုံးကစားသမား စာရင်းဝင်သွားဖို့ရှိနေတာ ဖြစ်ပါတယ်။

ကွင်းလယ်ကစားသမား ဘရူနိုဖာနန်ဒက်စ်ဟာ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလအတွင်းက ငါးနှစ်ခွဲသက်တမ်းရှိ စာချုပ်တစ်ရပ် ချုပ်ဆိုခဲ့တာဖြစ်ပြီး အဲဒီစာချုပ်အရ တစ်ပတ်လုပ်ခလစာ ပေါင်တစ်သိန်းရရှိခဲ့ကာ စပို့တင်းလစ္စဘွန်းအသင်းမှာ ရှိနေစဉ်က ရရှိခဲ့တဲ့ လုပ်ခလစာထက် ပေါင် ၆၀၀၀၀ ပိုမိုရရှိခဲ့တာ ဖြစ်ပါတယ်။

မန်ယူအသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ ခရစ္စတယ်ပဲလေ့အသင်း၊ ချယ်လ်ဆီးအသင်း၊ ရီးယဲလ်ဆိုစီဒက်အသင်းတို့နဲ့ ပွဲစဉ်တွေမှာ တစ်ဂိုးမှ မသွင်းယူနိုင်ခဲ့ပေမယ့် ပေါ်တူဂီကြယ်ပွင့် ဘရူနိုဖာနန်ဒက်စ်ကတော့ အခုနှစ်ဘောလုံးရာသီမှာ မန်ယူအသင်းနဲ့အတူ ပရီမီယာလိဂ် ၂၇ ပွဲပါဝင်ကစားပေးခဲ့ရာမှာ သွင်းဂိုး ၁၅ ဂိုးအထိသွင်းယူနိုင်ခဲ့ပြီး ၁၀ ဂိုးအထိ ဖန်တီးပေးထားနိုင်ခဲ့တာ ဖြစ်ပါတယ်။

**ငွေကြယ် - ရေးသားသည်**

# အေစီမီလန်ဂိုးသမား ဒွန်နာရမ်မာကို ခေါ်ယူရန် ချယ်လ်ဆီးအသင်းပြင်ဆင်

ချယ်လ်ဆီးအသင်းဟာ အီတလီစီးရီးအေကလပ် အေစီမီလန်အသင်းရဲ့ ဂိုးသမား ဒွန်နာရမ်မာကို ခေါ်ယူဖို့ ပြင်ဆင်နေတယ်လို့ သိရပါတယ်။

ဂိုးသမား ဒွန်နာရမ်မာရဲ့ အေစီမီလန်အသင်းနဲ့ ချုပ်ဆိုထားတဲ့စာချုပ်သက်တမ်းဟာ နွေရာသီအပြောင်းအရွှေ့ကာလအတွင်း ကုန်ဆုံးမှာဖြစ်ပြီး လက်ရှိအချိန်အထိ စာချုပ်သက်တမ်းတိုးမြှင့်ချုပ်ဆိုဖို့ ဆုံးဖြတ်ထားခြင်း မရှိတာကြောင့် ချယ်လ်ဆီးအသင်းက ပြောင်းရွှေ့ကြေး ပေါင်ကိုးသန်းနဲ့ ခေါ်ယူဖို့ စီစဉ်နေတာဖြစ်ပါတယ်။

အသက် ၂၂ နှစ်အရွယ် ဂိုးသမား ဒွန်နာရမ်မာဟာ အေစီမီလန်အသင်းနဲ့အတူ အကောင်းဆုံးလက်စွမ်းပြကစားနိုင်ခဲ့တာကြောင့် ဥရောပကလပ်အသင်းအများစုက ခေါ်ယူဖို့ စိတ်ဝင်စားနေပြီး ပီအက်စ်ဂျီအသင်းကလည်း ချယ်လ်ဆီးအသင်းနဲ့အပြိုင် ကြိုးပမ်းသွားဖို့ ရှိနေတာဖြစ်ပါတယ်။



ဂိုးသမား ဒွန်နာရမ်မာဟာ အသက် ၁၆ နှစ်အရွယ် ၂၀၁၅ ခုနှစ်ကတည်းက အေစီမီလန်အသင်းမှာ ပါဝင်ကစားခွင့်ရရှိခဲ့သူ ဖြစ်ပါတယ်။ ဂိုးသမား ဒွန်နာရမ်မာဟာ လက်ရှိအချိန်အထိ အေစီမီလန်အသင်းနဲ့အတူ ၂၃၆ ပွဲ ပါဝင်ကစားပေးထားပြီး အီတလီနိုင်ငံလက်ရွေးစင်အသင်းနဲ့အတူ ၂၂ ပွဲ ပါဝင်ကစားခွင့်ရရှိထားတာ ဖြစ်ပါတယ်။

## မန္တလေးမြို့မှ လေ့လာစရာ ရဟန်းသံဃာတော်များသုံး ယပ်တောင်လုပ်ငန်း

**မန္တလေး မတ် ၅**

မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် သင်ပန်းကုန်းမြို့သစ်ရှိရပ်ကွက်များတွင် ရဟန်းသံဃာတော်များသုံး ယပ်တောင်လုပ်ငန်းလုပ်ကိုင်ကာ တစ်နှစ်ပတ်လုံး ပုံမှန်ဝင်ငွေရရှိစေရန် ဖော်ဆောင်လျက်ရှိရာ ကိုဗစ်-၁၉ ဖြစ်ပွားသည့်အချိန်မှစတင်ကာ အလုပ်ဖြစ်မှုနည်းသွားကြောင်း သိရသည်။

အကြမ်းချုပ်ယပ်တောင်တစ်ချောင်းလျှင် ငွေကျပ် ၅၀ရရှိပြီး အချောအထိပြုလုပ်ပြီးပါက ယပ်တောင်တစ်ချောင်းလျှင် လုပ်အားခငွေကျပ် ၁၀၀ရရှိသည်။ အကြမ်းချုပ်သူများမှာတစ်နေ့လျှင် ရဟန်းတော်များသုံး ယပ်တောင် ၁၀၀ ကျော်ပြီးသည့်အတွက် လုပ်အားခငွေကျပ် ၅၀၀၀ ကျော် ရရှိသည်။ လက်ရှိကာလတွင် အလှူပွဲများမရှိသည့်အတွက် ရဟန်းသံဃာတော်များသုံး ယပ်တောင်လုပ်ငန်းအများစုမှာ ရပ်နားထားရသည်။

ယပ်တောင်အရည်အသွေးပေါ်မူတည်ကာ ဈေးနှုန်းအတက်အကျရှိသည်။ ယပ်တောင်များကို မန္တလေးမြို့ မဟာမုနိဘုရားကြီး၊ အိမ်တော်ရာ



ဘုရား၊ ဈေးချိုတော်နှင့်အခြားသင်္ကန်းဆိုင်များသို့ဖောက်သည်ပေးကြရသည်။ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ဖြစ်ပွားချိန်မှ စတင်ကာ လက်ရှိကာလအထိ ရဟန်းသံဃာတော်များသုံး ယပ်တောင်လုပ်ငန်း အလုပ်ဖြစ်မှုနည်းသွားပြီး အချို့သော ယပ်တောင်လုပ်ငန်းလုပ်ကိုင်သည့် လုပ်ငန်းများ ရပ်နားထားရကြောင်း သိရသည်။

**စိုးရွှေ (သရက်တန်း)**

## မိုင်းယောင်း၌ ထပ်လုံကွန်ကရစ်လမ်းသစ် ဖွင့်လှစ်

**မိုင်းယောင်း မတ် ၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ်၌ ထပ်လုံ ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲနှင့် ရေစက်ချ မင်္ဂလာအခမ်းအနားကို ဖေဖော်ဝါရီလနောက်ဆုံးပတ်တွင် ပြုလုပ်ခဲ့ကြောင်း မြို့နယ်ဂေါပကအဖွဲ့မှ သိရသည်။

ရှေးဦးစွာ ထပ်လုံတံတားတွင် ဆရာတော်၊ သံဃာတော်တို့က ပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ်ကာ ထပ်လုံကွန်ကရစ်လမ်းသစ်ကို သက်ဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များက ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။

ထို့နောက် ထပ်လုံစေတီဘုရားရင်ပြင်တော်တွင် ကွန်ကရစ်လမ်းသစ်ခင်းရန် လှူဒါန်းသော အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာကို ဆရာတော်၊ သံဃာတော်များက အသီးသီး ပေးအပ်ခဲ့ပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်ချ အမျှပေးဝေခဲ့သည်။

ထပ်လုံ(ဓာတ်လုံစွမ်ယောင်း)စေတီတော်မြတ်ကြီးသည် မိုင်းယောင်းမြို့၏ အမြင့်မြတ်ဆုံးနှင့် ရှေးအကျဆုံး သမိုင်းဝင်စေတီတော်တစ်ဆူဖြစ်ကာ တန်ခိုးကြီးပြီး သံလွင်အရှေ့ပိုင်းတွင် အထူးထင်ရှားကျော်ကြားသည်။ ဂေါတမမြတ်စွာဘုရား၏ ဆံတော်ရှစ်ဆူနှင့် ဓာတ်တော်လေးဆူတို့ဖြင့် ဌာပနာထားရှိသည့် စေတီတော်မြတ်ကြီးဖြစ်ကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း**

## လွိုင်လင်မြို့နယ်ရှိ ကျေးရွာလေးရွာတွင် တစ်အိမ်သုံးဆိုလာစနစ်ဖြင့် မီးလင်းရေးလုပ်ငန်းများဆောင်ရွက်ပြီးစီး



**လွိုင်လင် မတ် ၅**

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင် လွိုင်လင်မြို့နယ် အတွင်းရှိ ကုန်းမယ်ဇလီ၊ ဒုံတန်၊ ခဲလောင်း၊ ပါဟုတ် ကျေးရွာလေးရွာတွင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဂျာမန်ဖွံ့ဖြိုးရေးဘဏ်(KfW) နှင့် ကျေးရွာပြည်သူများ၏ ပူးပေါင်းထည့်ဝင်ငွေများဖြင့် တစ်အိမ်သုံးဆိုလာစနစ်မီးလင်းရေးလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း လွိုင်လင်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

အဆိုပါကျေးရွာလေးရွာတွင် ဝပ် ၆၀ဆိုလာ ၉၇လုံး၊ ဝပ် ၁၀၀ ဆိုလာ ၆၆လုံး၊ ကျေးရွာဆေးပေးခန်းအတွက် ဆိုလာနှင့်ဆက်စပ်ပစ္စည်း တစ်စုံ၊ မူလတန်းကျောင်းသုံးကျောင်းအတွက် ဆိုလာနှင့် ဆက်စပ်ပစ္စည်း သုံးစုံ၊ ဘာသာရေးအဆောက်အအုံသုံးခုအတွက် ဆိုလာနှင့် ဆက်စပ်ပစ္စည်းသုံးစုံနှင့် လမ်းမီးတိုင် ၁၈ တိုင်တို့အား တပ်ဆင်ဆောင်ရွက်ပေးထားပြီး တစ်အိမ်သုံး ဆိုလာများကို ဒေသခံပြည်သူများက စနစ်တကျကိုင်တွယ်အသုံးပြုစေရန်ရည်ရွယ်၍ ဝပ် ၆၀ ဆိုလာစနစ်အတွက် ငွေကျပ် ၅၀၀၀၀ နှင့်ဝပ် ၁၀၀ ဆိုလာစနစ်အတွက် ငွေကျပ် ၁၅၀၀၀၀ တို့အား ပြည်သူအချိုးကျ အရစ်ကျစနစ်ဖြင့် နှစ်ကြိမ်ခွဲ၍ ထည့်ဝင်ရမည်ဖြစ်ပြီး ဆိုလာစနစ်တစ်စုံစာအတွက် ကျန်ရှိသည့် တန်ဖိုးကို စီမံကိန်းရန်ပုံငွေမှ ကျခံစေမည်ဖြစ်ကြောင်း၊ စီမံကိန်း ကျေးရွာရှိ အများပြည်သူပိုင် အဆောက်အအုံများဖြစ်သည့် စာသင်ကျောင်း၊ ဆေးပေးခန်း၊ ဘာသာရေးအဆောက်အအုံနှင့် လမ်းမီးတိုင်များကို စီမံကိန်းရန်ပုံငွေမှ ရာနှုန်းပြည့်အခမဲ့ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း သိရသည်။

လွိုင်လင်ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးမျိုးမင်းသန့်၊ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်ဟိန်းနှင့်ဝန်ထမ်းများက မတ် ၄ ရက် နံနက် ၁၀နာရီက ကျေးရွာမီးလင်းရေးကော်မတီဝင်များနှင့် အတူ ဆိုလာပြားနှင့် ဆက်စပ်ပစ္စည်းများ တပ်ဆင်ဆောင်ရွက် ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ငြိမ်းသူ**



## မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် ဇာတ်တိုက်သရုပ်ပြလေ့ကျင့်ခြင်းများ ဆောင်ရွက်

**ကော့ကရိတ် မတ် ၅**

ပူပြင်းခြောက်သွေ့သော ပွင့်လင်းရာသီရောက်ရှိလာပြီးဖြစ်သည့်အတွက် ဌာနပိုင်ရုံးများ မီးလောင်ဆုံးရှုံးမှုများမရှိစေရေးနှင့် ပြည်သူများ အသိပညာပြန့်ပွားစေရေးအတွက် ရည်ရွယ်၍ ကော့ကရိတ်မြို့ မြို့နယ်မီးသတ်ဦးစီးဌာနနှင့်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတို့ပူးပေါင်း၍ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအသိပညာပေး ဟောပြောခြင်းနှင့် ဇာတ်တိုက်သရုပ်ပြလေ့ကျင့်ခြင်းကို မတ် ၄ ရက် မွန်းလွဲ ၂ နာရီခွဲက ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးဝင်းအတွင်း ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိဦးအောင်ကျော်ဖြိုးက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် ပတ်သက်သည့် အသိပညာပေးခြင်းနှင့် မီးသတ်ဆေးဘူး ကိုယ်တွယ်အသုံးပြုရမည့် နည်းလမ်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးမှူးဦးဆောင်သော တပ်ဖွဲ့ဝင်များနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက မီးသတ်ဆေးဘူးနှင့် ရေစိုအဝတ်တို့ကိုအသုံးပြုပြီး မီးငြိမ်းသတ်ခြင်းနှင့် လျှပ်စစ်ဝါယာကြိုးများတွင် မီးလောင်မှုများကြုံတွေ့လာပါက မီးငြိမ်းသတ်ရမည့် နည်းလမ်းများကို ဇာတ်တိုက်သရုပ်ပြ လေ့ကျင့်ခဲ့ကြကြောင်း သိရသည်။

**စောအောင်မျိုးလွင်**
**(ပြန်/ဆက်)**

## သပိတ်ကျင်းမြို့နယ်တွင်ဆောင်ရွက်သည့် တည်ဆောက်ရေး လုပ်ငန်းများကို တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး



**သပိတ်ကျင်း မတ် ၅**

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ်တွင် ဆောင်ရွက်သည့် တည်ဆောက်ရေးလုပ်ငန်းများကို မတ် ၃ နံနက်ပိုင်းက ပြင်ဦးလွင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးဇေယျာညို၊ လက်ထောက်ညွှန်ကြားရေးမှူး(နည်းပညာ) ဒေါ်ခင်မာစန်း၊ ဦးစီးအရာရှိ(နည်းပညာ) ဒေါ်ယဉ်မိုးဦးနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ထိုသို့ စစ်ဆေးရာတွင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၆၇ သန်းဖြင့် NTN ကုမ္ပဏီက ဆောင်ရွက်သည့် သပိတ်ကျင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံးအဆောက်အအုံ ဆောက်လုပ်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြင်ဦးလွင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးဇေယျာညိုက ဦးစီးဌာန(ရုံးချုပ်)၏ ညွှန်ကြားချက်အတိုင်း ဆောင်ရွက်သွားရန် ပြောကြားသည်။

ဆက်လက်၍ ပြင်ဦးလွင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများသည် သပိတ်ကျင်းမြို့နယ်အတွင်းရှိ ဒေါင်းပုန်းကျေးရွာ ကုန်ထုတ်လမ်း ဆောင်ရွက်မှုနှင့် ဒေါင်းပုန်းတံတား တည်ဆောက်မှု လုပ်ငန်းခွင်သို့ သွားရောက်စစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြသည်။

အဆိုပါ ဒေါင်းပုန်းကျေးရွာ ကုန်ထုတ်လမ်းမှာ အရှည် တစ်မိုင် ၁ ဒသမ ၆ ဖာလုံရှိပြီး ခွင့်ပြုငွေကျပ် ၅၈ ဒသမ ၇၇၅ သန်းဖြင့် လည်းကောင်း၊ ဒေါင်းပုန်းတံတားမှာ အရှည် ပေ ၄၀၊ အကျယ် ၆၆ ပေနှင့် အမြင့် ၁၂ ပေဖြစ်ပြီး ခွင့်ပြုငွေကျပ် ၃၃ ဒသမ ၉၉၆ သန်းဖြင့် လည်းကောင်း Royal Strength ကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းမြင့်မိုရ်**




# Princess Hours ဇာတ်လမ်းတွဲကို ပြန်လည်ရိုက်ကူးထုတ်လွှင့်မည်

တောင်ကိုရီးယားဇာတ်လမ်းတွဲရုပ်ရှင်ချစ်ပရိသတ်တွေအကြား ရေပန်းစားခဲ့တဲ့ရုပ်ရှင် Princess Hours ကို ပြန်လည်ရိုက်ကူး ထုတ်လွှင့်သွားမှာဖြစ်ကြောင်း လတ်တလောမှာ အဆိုပါရုပ်ရှင်အသိုင်းအဝိုင်းက ထုတ်ဖော်ပြောကြားခဲ့ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

Princess Hours ကို ၂၀၀၆ ခုနှစ်က စတင်ထုတ်လွှင့်ခဲ့တာဖြစ်ပြီး ကိုရီးယားရုပ်ရှင်တွေ ဒေသတွင်းနိုင်ငံတွေမှာ စတင်လွှမ်းမိုးလာအောင် လုပ်ဆောင်နိုင်ခဲ့တဲ့ ဇာတ်လမ်းတွဲတွေအနက် တစ်ခုဖြစ်ပါတယ်။ အဆိုပါ ဇာတ်လမ်းတွဲဟာ ရုပ်ပြဇာတ်လမ်း Goong ကနေ ဆင်းသက်လာတာပါ။ ၂၀၀၆ ခုနှစ်အတွင်း ရုပ်သံဇာတ်လမ်းတွဲအဖြစ် ရိုက်ကူးခဲ့ရာမှာတော့ အဓိကဇာတ်ဆောင်တွေအဖြစ် ယွန်းအွန်ဟေး၊ ဂျူဂျီဟွန်း၊ ကင်ဂျောင်ဟွန်းနဲ့ ဆောင်းဂျီဟိုတို့ ပါဝင်သရုပ်ဆောင်ထားတာပါ။

မတ် ၅ ရက်မှာ Goong ရဲ့ တာဝန်ရှိသူတွေက စာချုပ်သစ်ချုပ်ဆိုကာ ဇာတ်လမ်းတွဲ ပြန်လည်ရိုက်ကူးသွားဖို့ရာ စီစဉ်ခဲ့ကြောင်း သိရပါတယ်။ ဇာတ်လမ်းတွဲသစ်မှာ ပါဝင်သရုပ်ဆောင်ကြမယ့်သူတွေနဲ့ အသေးစိတ်အချက်အလက်တွေကိုတော့ လက်ရှိအချိန်အထိ ထုတ်ဖော်ပြောကြားခြင်း မရှိသေးပါဘူး။

# Fast & Furious ရုပ်ရှင်သစ် ထုတ်လွှင့်မယ့်ရက်ရွှေ့ဆိုင်း

တိုက်ခိုက်ရေးရုပ်ရှင်အမျိုးအစားဖြစ်ပြီး ထုတ်လွှင့်ခဲ့ပြီး ရုပ်ရှင်တိုင်းမှာလည်း အောင်မြင်မှုတွေ ရရှိထားတဲ့ Fast & Furious ဇာတ်လမ်းတွဲရုပ်ရှင်တွေရဲ့ရုပ်ရှင်သစ် ထုတ်လွှင့်မယ့်ရက်ကို ထပ်မံရွှေ့ဆိုင်းခဲ့ကြောင်း အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အဆိုပါ ရုပ်ရှင်သစ် F9 ထုတ်လွှင့်မယ့်ရက်ကို တစ်လထပ်မံရွှေ့ဆိုင်းခဲ့ပြီး လာမယ့် ဇွန် ၂၅ ရက်မှာမှ ထုတ်လွှင့်ပြသသွားမှာဖြစ်ကြောင်း ရုပ်ရှင်ကုမ္ပဏီက မတ် ၄ ရက်က ထုတ်ဖော်ပြောကြားခဲ့တာ ဖြစ်ပါတယ်။ အဆိုပါရုပ်ရှင်သစ် ထုတ်လွှင့်မယ့်ရက်ရွှေ့ဆိုင်းခြင်းဟာ ဟောလိဝုဒ်ရုပ်ရှင်တွေအနက် နောက်ဆုံးရက်ရွှေ့ဆိုင်းခဲ့ခြင်းလည်း ဖြစ်ပါတယ်။

ဟောလိဝုဒ်ရုပ်ရှင်ကုမ္ပဏီတွေဟာ ရိုက်ကူးရေးစရိတ်များစွာ ကျခံရတဲ့ တိုက်ခိုက်ရေးရုပ်ရှင်တွေကို ပရိသတ်တွေများစွာ လာရောက်ကြည့်ရှုနိုင်မယ့် အချိန်အထိ ရုံတင်ရက်ကို ရွှေ့ဆိုင်းခဲ့ကြပါတယ်။ လတ်တလောမှာ ကမ္ဘာတစ်ဝန်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုတွေကြောင့် ရုပ်ရှင်ရုံတွေမှာ ကြည့်ရှုသူအတော်နည်းပါးခဲ့ကာ အချို့ဒေသတွေမှာတော့ ရုပ်ရှင်ရုံတွေကို ပိတ်ထားဆဲဖြစ်ပါတယ်။

လာမယ့်နွေရာသီမှာတော့ ကမ္ဘာ့အကြီးမားဆုံး ရုပ်ရှင်ဈေးကွက်တည်ရှိရာ အမေရိကန်ပြည်ထောင်စုနဲ့ ကနေဒါမှာ ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေးများ နှံ့နှံ့စပ်စပ်ထိုးနှံခဲ့ကြရပြီးဖြစ်မယ်လို့ မျှော်လင့်ထားကာ ရုပ်ရှင်သစ်တွေရုံတင်ဖို့ရာ ယူနီဗာဆယ်ရုပ်ရှင်ထုတ်လုပ်ရေးက ယုံကြည်နေပါတယ်။ အမေရိကန်ပြည်ထောင်စုမှာ ရုပ်ရှင်ကြည့်ရှုမှု ဒုတိယအများဆုံးဖြစ်တဲ့ နယူးယောက်မြို့က ရုပ်ရှင်ရုံတွေကိုတော့ ပြန်လည်ဖွင့်လှစ်ဖို့ရာ စီစဉ်နေပြီဖြစ်ကြောင်းလည်း သိရပါတယ်။

F9 ရုပ်ရှင်မှာလည်း ယခင်ထွက်ရှိခဲ့ပြီးဖြစ်တဲ့ ရုပ်ရှင်တွေမှာ ပါဝင်ခဲ့တဲ့ အဓိကဇာတ်ဆောင်မင်းသား ဗင်ဒီဇယ်နဲ့ မီရှဲလ်ရော့ဒရီးဂွက်စ်တို့က ဇာတ်ဆောင်တွေအဖြစ် ပါဝင်သွားမှာ ဖြစ်ပါတယ်။ ယင်းရုပ်ရှင်ကို ၂၀၁၉ ခုနှစ် ဧပြီလအတွင်း စတင်ထုတ်လွှင့်သွားဖို့ရာ ကနဦးစီစဉ်ထားခဲ့ပေမယ့် နောက်ပိုင်းမှာ ရုပ်ရှင်ရုံတင်မယ့်ရက်ကို အကြိမ်များစွာ ရွှေ့ဆိုင်းခဲ့တာလည်း ဖြစ်ပါတယ်။




အေးပြည့် - စုစည်းသည်

# ဂျက်စတင်ဘီဘာရဲ့ တေးဗီဒီယိုသစ် ထွက်ရှိ

ကျော်ကြားတဲ့ တေးသံရှင်တစ်ဦးဖြစ်သူ ဂျက်စတင်ဘီဘာဟာ လတ်တလောမှာ သူ့ရဲ့ တေးအယ်လ်ဘမ်သစ်မှာ ပါဝင်မယ့် တေးသီချင်းအတွက် တေးဗီဒီယိုကို ထုတ်လွှင့်ပေးခဲ့တာပါ။ အဆိုပါ တေးဗီဒီယိုမှာ ပေါ့ပ်ကြယ်ပွင့်ရဲ့ ဆိုင်ကယ်မောင်းကျွမ်းကျင်မှုကိုလည်း တွေ့မြင်ရကြောင်း ဟောလိဝုဒ်လိုက်ဖ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။



မတ် ၅ ရက်မှာ ဂျက်စတင်ဘီဘာဟာ ယခုလအတွင်း ထုတ်လွှင့်မယ့် သူ့ရဲ့ တေးအယ်လ်ဘမ်သစ်မှာ ပါဝင်တဲ့ တေးသီချင်း Hold On ရဲ့ တေးဗီဒီယိုကို ထုတ်လွှင့်ပေးခဲ့တာပါ။ အဆိုပါ တေးဗီဒီယိုမှာ အချစ်အတွက် စွန့်စားတဲ့ ကောင်လေးတစ်ဦးအကြောင်းကို ရိုက်ကူးထားပြီး ဗီဒီယိုမှာ ဂျက်စတင်ဘီဘာက ဆိုင်ကယ်မောင်းပြခဲ့ကာ သူ့ရဲ့ ကျွမ်းကျင်မှုကို ထုတ်ဖော်ထားတာကိုလည်း တွေ့ရပါတယ်။

ဒီတေးဗီဒီယိုကိုတော့ ဂျက်စတင်ဘီဘာက သူ့ရဲ့ တေးအယ်လ်ဘမ်သစ် ထွက်ရှိမယ့်ရက်ကို အတည်ပြုပြောကြားခဲ့ပြီးနောက်မှာ ထုတ်လွှင့်ခဲ့တာပါ။ ဂျက်စတင်ဘီဘာက သူ့ရဲ့ တေးအယ်လ်ဘမ်သစ်ကို Justice လို့ အမည်ပေးထားပြီး လာမယ့် မတ် ၁၉ ရက်မှာ စတင်ထုတ်လွှင့်ပေးသွားမှာဖြစ်ကြောင်း သူ့ရဲ့ လူမှုကွန်ရက်စာမျက်နှာပေါ်မှာ ရေးသားဖော်ပြခဲ့ပါတယ်။

ဂျက်စတင်ဘီဘာက သူ့ရဲ့ တေးအယ်လ်ဘမ်သစ်နဲ့ ပတ်သက်ပြီး ပျက်စီးယိုယွင်းလာတဲ့ ကမ္ဘာကြီးမှာ နေထိုင်နေရတဲ့ လူသားတွေအတွက် စာနာနားလည်မှုတွေ ထောက်ပံ့ပေးနိုင်ဖို့ရာ တစ်စိတ်တစ်ပိုင်းရည်ရွယ်ထားတာဖြစ်ကြောင်း တေးအယ်လ်ဘမ်သစ် ထုတ်လွှင့်တဲ့ ရည်ရွယ်ချက်ကို မီဒီယာတွေကို အသိပေးပြောကြားခဲ့တယ်လို့လည်း သိရပါတယ်။ သို့သော် အဆိုပါ တေးအယ်လ်ဘမ်သစ်မှာ ကိုဗစ်-၁၉ ရောဂါ ကပ်ရောဂါအသွင်ဖြစ်ပွားခဲ့တာနဲ့ ပတ်သက်ပြီး ထည့်သွင်းဖန်တီးထားခြင်း ရှိ၊ မရှိကိုတော့ ရှင်းရှင်းလင်းလင်း ထုတ်ဖော်ပြောကြားထားတာမျိုး မရှိဘူးလို့လည်း သိရပါတယ်။

အဆိုပါတေးအယ်လ်ဘမ် Justice ဟာ ၂၀၂၀ ပြည့်နှစ်အတွင်း ထွက်ရှိခဲ့တဲ့ တေးအယ်လ်ဘမ် Changes ပြီးနောက် ပထမဆုံးထွက်ရှိလာမယ့် ဂျက်စတင်ဘီဘာရဲ့ တေးအယ်လ်ဘမ်သစ်လည်း ဖြစ်ပါတယ်။ ဂျက်စတင်ဘီဘာဟာ ၂၀၂၀ ပြည့်နှစ်အတွင်း တေးအယ်လ်ဘမ် ထုတ်လွှင့်ခဲ့ပေမယ့် ကမ္ဘာတစ်ဝန်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်ဖြစ်ပွားမှုတွေကြောင့် ယင်းတေးအယ်လ်ဘမ်အတွက် ရည်ရွယ်ပြုလုပ်မယ့် နယ်လှည့်တေးဂီတဖျော်ဖြေပွဲတွေကို ပြုလုပ်နိုင်ခြင်းမရှိဘူးလို့လည်း သိရပါတယ်။

# သရုပ်ဆောင်တစ်ဦးအဖြစ် မြင်တွေ့ရတဲ့ ရယ်ရီ

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ Red Velvet ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ရယ်ရီဟာ လတ်တလောမှာ ရုပ်ရှင်သစ်တစ်ကားမှာ ပါဝင်သရုပ်ဆောင်ထားပါတယ်။ အဆိုပါ ရုပ်ရှင်ဟာ ရယ်ရီအတွက် ပထမဆုံးရုပ်ရှင်လည်းဖြစ်ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ရယ်ရီ ပါဝင်သရုပ်ဆောင်ထားတဲ့ ရုပ်ရှင်ကို Mint Condition လို့ အမည်ပေးထားပြီး ဇာတ်လမ်းတိုတစ်ခု ဖြစ်ပါတယ်။ ကေပေ့ါပ်ကြယ်ပွင့်တစ်ဦးအဖြစ် အနုပညာလောကအတွင်း စတင်ဝင်ရောက်ခဲ့တဲ့ ရယ်ရီအတွက် သရုပ်ဆောင်ကောင်းလိမ့်မယ်လို့ မျှော်လင့်မထားသော်လည်း လတ်တလောမှာ ရုပ်ရှင်ထွက်ရှိလာချိန်မှာတော့ ရယ်ရီကို ပရိသတ်တွေက ချီးကျူးစကားဆိုခဲ့ကြပါတယ်။ ရယ်ရီရဲ့ သရုပ်ဆောင်စွမ်းရည်ဟာ မျှော်လင့်ထားတာထက် ပိုမိုကောင်းမွန်ကြောင်း မှတ်ချက်ပြုခဲ့ကြတယ်လို့ သိရပါတယ်။

အဆိုပါ ရုပ်ရှင်ကို မတ် ၃ ရက်က စတင်ထုတ်လွှင့်ခဲ့တာပါ။ အသက် ၆၀ အရွယ် အမျိုးသားတစ်ဦးက အချိန်ယန္တရားကြောင့် ၂၀ အရွယ်ပြန်လည်ရောက်ရှိသွားပုံကို ရိုက်ကူးထားတဲ့ အဆိုပါရုပ်ရှင်မှာ ရယ်ရီက သူနာပြုတစ်ဦးအဖြစ် ပါဝင်သရုပ်ဆောင်ထားတာပါ။ ရုပ်ရှင်ကို ကြည့်ရှုခဲ့ကြတဲ့ ပရိသတ်တွေက ရယ်ရီအနေနဲ့ ပထမဆုံးအကြိမ် သရုပ်ဆောင်ထားတာလို့ မထင်ရလောက်အောင် ကောင်းမွန်ကြောင်း လူမှုကွန်ရက်မီဒီယာတွေပေါ်မှာ မှတ်ချက်ပြုဖော်ပြခဲ့တယ်လို့လည်း သိရပါတယ်။



# COVID–19 ကာကွယ်ဆေးနှင့်ပတ်သက်သော မေးခွန်းနှင့် အဖြေများ(အပိုင်း–၂)

(၁) **မြန်မာနိုင်ငံမှာ ကိုဗစ်-၁၉ ကာကွယ်ဆေးကို မည်ကဲ့သို့စတင်ထိုးနှံပေးမှာလဲ**

- ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဦးစားပေးလုပ်စုအလိုက် ထိုးနှံပေးသွားပါမည်။ ရှေ့တန်းမှ တာဝန်ထမ်းဆောင်နေသော ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၊ ဗဟို/တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများကို ပထမအသုတ်အနေနဲ့ စတင်ထိုးနှံပေးမည်ဖြစ်ပြီး၊ ကျန်လုပ်စုများကိုလည်း ကာကွယ်ဆေးရရှိမှုအပေါ် မူတည်၍ ဆက်လက်ထိုးနှံပေးသွားမှာ ဖြစ်ပါသည်။

(၂) **ဆီးချို၊ သွေးတိုး၊ နှလုံး၊ ကင်ဆာ၊ စသည့် နာတာရှည်ရောဂါ အခံရှိသောသူများနှင့် ယင်းရောဂါများအတွက် သက်ဆိုင်ရာဆေးဝါးများသောက်သုံးနေရသောသူများအနေဖြင့် ကိုဗစ်–၁၉ ကာကွယ်ဆေး ထိုးလို့ရပါသလား**

- ကိုဗစ်-၁၉ ကာကွယ်ဆေးထိုး၍ရပါသည်။ ဤကဲ့သို့ရောဂါအခံရှိနေသောသူများသည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရလျှင် အသက်အန္တရာယ်စိုးရိမ်ရသောကြောင့် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးသင့်သောသူများ ဖြစ်ပါသည်။

(၃) **ကိုဗစ်–၁၉ ကာကွယ်ဆေးကို ဘယ်သူတွေမထိုးနှံသင့်ဘူးလဲ**

- ကိုဗစ်-၁၉ ရောဂါ အတည်ပြုခြင်းခံထားရသူလူနာများ၊ သံသယလူနာများနှင့် ရောဂါလက္ခဏာ သက်သာပျောက်ကင်းသွားပြီး (၁၄)ရက် မကျော်သေးသောသူများ၊
- ကိုဗစ်-၁၉ သံသယလက္ခဏာ (ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ ရုတ်တရက်အနံ့အရသာပျောက်ဆုံးခြင်း၊ အသက်ရှူရခက်ခဲခြင်း... စသည်တို့) ရှိသောသူများ၊
- နို့တိုက်မိခင်နှင့် ကိုယ်ဝန်ဆောင်များနှင့်
- အသက် (၁၈)နှစ်အောက် လူအုပ်စုများတို့ကို ကိုဗစ်–၁၉ ကာကွယ်ဆေး မထိုးနှံသင့်ပါ။ (ကိုယ်အင်္ဂါအစားထိုး (organ transplant) ခွဲစိတ်ကုသမှုခံယူထားသူများ၊ ခုခံအားကျရောဂါရှိနေသူများနှင့် ခုခံအားကျဆင်းစေသည့်ဆေးဝါးတစ်ခုခုသုံးစွဲနေရသူများ အနေဖြင့် ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံခြင်းခံယူရန် သင့်/ မသင့်ကို သက်ဆိုင်ရာ ဆရာဝန်ကြီးများနှင့် ကြိုတင်၍ တိုင်ပင်ပါ။)

(၄) **ကိုဗစ်–၁၉ ကာကွယ်ဆေးကို ဘယ်နှကြိမ် ထိုးနှံရမှာပါသလဲ**

ကိုဗစ်–၁၉ကာကွယ်ဆေးအမျိုးအစားအပေါ်တွင်မူတည်ပါသည်။

မြန်မာနိုင်ငံတွင် ထိုးနှံမည့် COVISHIELD ကာကွယ်ဆေးကို(၂)ကြိမ် ထိုးနှံရမှာဖြစ်ပါသည်။ ယေဘုယျအားဖြင့် ပထမအကြိမ် ထိုးနှံပြီးနောက် ရက်သတ္တပတ် (၄)ပတ်ခြားပြီး ဒုတိယအကြိမ် ထပ်မံ ထိုးနှံရမှာဖြစ်ပါသည်။

(၅) **ကိုဗစ်–၁၉ ကာကွယ်ဆေးကို ပထမတစ်ကြိမ်မှာ ကာကွယ်ဆေးတစ်မျိုးထိုးထားပြီး ဒုတိယတစ်ကြိမ်မှာ အခြားဆေးအမျိုးအစားကို ထိုးနှံလို့ရနိုင်ပါသလား**

ယခုအချိန်အထိလေ့လာတွေ့ရှိချက်များအရ – အခြားဆေးအမျိုးအစားကိုထိုးနှံ၍ မရပါ။ ပထမအကြိမ်တွင် ထိုးနှံထားသော ကာကွယ်ဆေးအမျိုးအစားနှင့်တူညီသော ကာကွယ်ဆေးကို ဒုတိယအကြိမ်ထပ်မံထိုးနှံမှသာ ထိရောက်လုံလောက်သောကိုယ်ခံစွမ်းအား ရရှိမည်ဖြစ်ပါသည်။

(၆) **မြန်မာနိုင်ငံ၌ အရေးပေါ်အခြေအနေတွင် အသုံးပြုရန်အတွက် လက်ရှိတရားဝင် ခွင့်ပြုထားသော ကိုဗစ်–၁၉ ကာကွယ်ဆေးတွေက ဘာတွေပါသလဲ**

မြန်မာနိုင်ငံ၌ အရေးပေါ်အခြေအနေတွင် အသုံးပြုရန်အတွက် ကိုဗစ်-၁၉ ကာကွယ်ဆေး (၁)မျိုးဖြစ်သည့် COVISHIELD/ Astrazeneca ကာကွယ်ဆေးကို လတ်တလော တရားဝင် ခွင့်ပြုထားပါသည်။ ဤကာကွယ်ဆေးကို အသက် (၁၈)နှစ်နှင့်အထက် လူကြီးများအတွက်သာ အသုံးပြုခွင့်ပြုပေးထားပါသည်။

(နောက်ထပ်ခွင့်ပြုချက်ရရှိသော ကာကွယ်ဆေးများကိုလည်း ဆက်လက်ဖော်ပြပေးသွားပါမည်။)

(၇) **COVISHIELD ကာကွယ်ဆေးထိုးနှံပြီးလျှင် မည်ကဲ့သို့သော သာမန်လက္ခဏာများ ပြတတ်ပါသလဲ**

(က) **COVISHIELD ကာကွယ်ဆေးထိုးပြီးနောက် လူ (၁၀) ဦးတွင် (၁) ဦးထက်ပို၍ ခံစားရနိုင်ခြေရှိသည့် သာမန်လက္ခဏာများမှာ–**

- ဆေးထိုးသည့်နေရာတွင် နာခြင်း၊ နီခြင်း၊ ရောင်ခြင်း၊
- ခေါင်းကိုက်ခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း၊
- နုံးချည့်ခြင်း၊ မအီမသာဖြစ်ခြင်း၊

(ခ) **COVISHIELD ကာကွယ်ဆေးထိုးပြီးနောက် လူ (၁၀) ဦးတွင် (၁) ဦးခန့်သာ ခံစားရနိုင်ခြေရှိသည့် သာမန်လက္ခဏာများမှာ–**

- ဆေးထိုးသည့်နေရာတွင် အကျိတ်ငယ်ဖြစ်ခြင်း၊
- ဖျားခြင်း၊
- အန်ခြင်း၊
- ရာသီတုပ်ကွေးရောဂါကဲ့သို့ သာမန်လက္ခဏာများ (ဖျားခြင်း၊ အာသီးရောင်ခြင်း၊ နှာချေ/ချောင်းဆိုးခြင်း၊ ချမ်းတုန်ခြင်း...စသည်) တို့ ပြတတ်ပါသည်။

(ဂ) **COVISHIELD ကာကွယ်ဆေးထိုးပြီးနောက် လူ (၁၀၀) ဦးတွင် (၁) ဦးခန့်သာ ခံစားရနိုင်ခြေရှိသည့် သာမန်လက္ခဏာများမှာ–**

- မူးဝေခြင်း၊
- ယားယံခြင်း၊
- ချွေးထွက်လွန်ခြင်း၊
- အစားအသောက်ချင်စိတ်လျော့နည်းခြင်း၊ ဗိုက်အောင့်ခြင်း၊
- ပြန်ရည်ကျိတ်များကြီးခြင်း တို့ဖြစ်နိုင်ပါသည်။

**ကာကွယ်ဆေးနှင့် ဓာတ်မတည့်မှု ရှိ/မရှိနှင့် ပြင်းထန်သည့်ဘေးထွက်ဆိုးကျိုးများ ရှိ/မရှိ သေချာစေရန် ဆေးထိုးပြီးပါက စောင့်ဆိုင်းသည့် နေရာတွင် "မိနစ်(၃၀)ခန့်" စောင့်ဆိုင်းရန် အရေးကြီးပါသည်။**

**ပထမအကြိမ်ကာကွယ်ဆေးထိုးပြီးနောက် ကာကွယ်ဆေးထိုးနှံခြင်းမှတ်တမ်း (ကာကွယ်ဆေးထိုးကတ်)ကို မပျောက်မပျက်စေရန် စနစ်တကျသိမ်းဆည်းထား၍ နောက်တစ်ကြိမ်ကာကွယ်ဆေးထိုးနှံမှုခံယူရန် လာရောက်သည့်အခါတွင် မပျက်မကွက်ယူဆောင်လာရန်လိုအပ်ပါသည်။**

**မှတ်ချက်။** ကိုဗစ်–၁၉ ကာကွယ်ဆေးများသည် နည်းပညာအသစ်ဖြင့် အချိန်တိုအတွင်း ထုတ်လုပ်ထားသော ကာကွယ်ဆေးအသစ်များဖြစ်၍ ယခုအချိန်၌သိရှိထားသော သတင်းအချက်အလက်များသည် ပြောင်းလဲမှုများရှိလာနိုင်ပါသည်။ သတင်းအချက်အလက်အသစ်များ ထပ်မံ သိရှိရပါက ဆက်လက်ဖော်ပြပေးသွားမည် ဖြစ်ပါသည်။

Reference: Serum Institute of India (SII). Fact sheet for vaccine recipient approved for restricted use in emergency situation of ChAdOx1 nCoV- 19 Coronavirus Vaccine (Recombinant), COVISHIELD, in prevention of (covid-19) disease in individuals 18 years of age and older. (Revised: 01 January 2021). Available at: https://www.seruminstitute.com/product_covishield.php

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

# မတ် ၅ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၁၇ ဦး တွေ့ရှိ

**COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**

**(၅-၃-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ**

(၄-၃-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၅-၃-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၇၃၈) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါဓာတ်ခွဲအတည်ပြု လူနာသစ် (၁၇) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၄၉၉,၁၀၅)ခုအား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၂,၀၁၇) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၂၉) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၁,၆၀၀) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။

** ပြည်သူလူထုအနေဖြင့် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် -

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာ နေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID-19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကို တစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID-19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

# ပဲခူးမြစ်ကူးတံတား(သန်လျင်တံတား အမှတ်-၃) တည်ဆောက်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**ရန်ကုန် မတ် ၅**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်နှင့် ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ်တို့ကို ဆက်သွယ်တည်ဆောက်လျက်ရှိသော ပဲခူးမြစ်ကူးတံတား (သန်လျင်တံတား အမှတ်-၃) တည်ဆောက်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ပြီးစီးရန်ခန့်မှန်း**

အဆိုပါ တံတားစီမံကိန်းကို ဂျပန်နိုင်ငံအစိုးရ (JICA) အကူအညီဖြင့် ဂျပန်နိုင်ငံ၏ ချေးငွေ ဂျပန်ယန်း ၃၁ ဘီလီယံ အကုန်ကျခံကာ တည်ဆောက်ခြင်းဖြစ်ပြီး ၂၀၁၉ ခုနှစ် ဇွန်လတွင် စတင်တည်ဆောက်ခဲ့ကာ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလတွင် ပြီးစီးရန် ခန့်မှန်းလျာထားကြောင်းသိရသည်။

"ကျွန်တော်တို့ နေ့စဉ်တံတားဟောင်းပေါ်က ဖြတ်သန်းသွားလာနေတာ။ သာကေတမြို့နယ်ဘက်ခြမ်းဆို တံတားတွေ တော်တော်လေးပြီးစီးနေပြီ။ ရေလယ်မှာလည်း အဆက်မပြတ်လုပ်နေကြတာ တွေ့ရတယ်။ ခုတံတားဟောင်းက တစ်လမ်းသွားဆိုတော့ တံတားပေါ်မှာ ကားတွေ စက်ချွတ်ယွင်းပျက်စီးလို့ ကားလမ်းကြောင်းပိတ်တာတွေ အရင်က ရှိခဲ့ဖူးတယ်။ ခုတည်ဆောက်နေတဲ့ တံတားသစ်ကြီးပြီးရင် အဲဒီဖြစ်စဉ်တွေ ကင်းဝေးသွားမှာပါ"ဟု YBS 31 ကားပေါ်တွင် စီးနင်းလိုက်ပါလာသည့် သန်လျင်မြို့နယ်နေ ဒေသခံပြည်သူတစ်ဦးက ပြောပြသည်။

**စာမျက်နှာ ၂၇ ကော်လံ ၁ သို့ ❖**




ပဲခူးမြစ်ကူးတံတား(သန်လျင်တံတား အမှတ်-၃) ရေလယ်ပင်မတံတားအတွက် ဘိုးပိုင်လုပ်ငန်းများဆောင်ရွက်နေမှုကို တွေ့ရစဉ်။

# တိုက်စစ်မှူးဆန်းချက်ဇ်ရဲ့ သွင်းဂိုးနှစ်ဂိုးနဲ့ ပါးမားအသင်းကို အနိုင်ရပြီး အီတလီစီးရီးအေအမှတ်ပေးဇယားထိပ်တွင် အင်တာမီလန်ဆက်လက်ဦးဆောင်

ပါးမားအသင်းနဲ့ အင်တာမီလန်အသင်းတို့ အီတလီစီးရီးအေပွဲစဉ် ၂၅ အဖြစ် မတ် ၄ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ အင်တာမီလန်အသင်းက ပါးမားအသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရပြီး အီတလီစီးရီးအေ အမှတ်ပေးဇယားထိပ်ဆုံးမှာ ဆက်လက်ဦးဆောင်နိုင်ခဲ့ပါတယ်။

အဆိုပါပွဲစဉ်မှာ အင်တာမီလန်အသင်းအတွက် သွင်းဂိုးတွေကို တိုက်စစ်မှူး အလက်ဇစ်ဆန်းချက်ဇ်က ပွဲကစားချိန် ၅၄ မိနစ်နဲ့ ၆၂ မိနစ်တို့မှာ နှစ်ဂိုးသွင်းယူပေးခဲ့တာဖြစ်ပြီး အဲဒီသွင်းဂိုးတွေ ရရှိဖို့အတွက်

**စာမျက်နှာ ၂၇ ကော်လံ ၁ ❍**



# နိုင်ငံပိုင်တိရစ္ဆာန်ဥယျာဉ်များ ပြန်လည်ဖွင့်လှစ်

**နေပြည်တော် မတ် ၅**

သစ်တောဦးစီးဌာနနှင့် ထူးထရေးဒင်း ကုမ္ပဏီလီမိတက်တို့ စာချုပ်ချုပ်ဆို ဆောင်ရွက်ထားရှိသော တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)၊ ဆာဖာရီဥယျာဉ်(နေပြည်တော်)၊ နက္ခတ်တာရာပြခန်း( နေပြည်တော်)၊ တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)၊ တိရစ္ဆာန်ဥယျာဉ်(ရတနာပုံ)၊ အမျိုးသားကန်တော်ကြီးဥယျာဉ်၊ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်၊ လှော်ကားဥယျာဉ် လုပ်ငန်းတို့ကို ကိုဗစ်-၁၉ ကူးစက်ရောဂါအခြေအနေအရ ၂၀၂၀ ပြည့်နှစ် မတ် ၂၆ ရက် မွန်းလွဲ ၃ နာရီမှစ၍ ပိတ်ထားခဲ့သည်။

ယခုအခါ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေး စည်းကမ်းများနှင့်အညီ စီမံဆောင်ရွက်ထားရှိပြီး တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)၊ ဆာဖာရီဥယျာဉ်(နေပြည်တော်)၊ နက္ခတ်တာရာပြခန်း(နေပြည်တော်)၊ တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)၊ တိရစ္ဆာန်ဥယျာဉ်(ရတနာပုံ)တို့ကို ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်မှ စတင်၍လည်းကောင်း၊ အမျိုးသားကန်တော်ကြီးဥယျာဉ်၊ အမျိုးသားအထိမ်းအမှတ် ဥယျာဉ်၊ လှော်ကားဥယျာဉ်လုပ်ငန်းတို့ကို မတ် ၂ ရက်မှ စတင်၍လည်းကောင်း ပြန်လည်ဖွင့်လှစ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**